တက္ကသိုလ်

# နေလင်းအောင်

## ပျောက်ဆုံးနေသော ဂူရှန့်သိုင်း

ကျင်၊ ထုံဇော်ရှ်နဲ့ ကျင်းမူး

တတိယ
ဇာတ်သိမ်း



# အခန်း (၂၈)

## ချန်ချင်းကုန်း ရသေ့ကျောင်း

ငါးမျှားတံသိုင်းသမား ယီထိုင့်ဖိန် ...။

သူသည် အလွန်ပိန်လှသည်။ အရပ်လည်း ရှည်သည်။

အဝေးမှကြည့်လျှင် ဝါးလုံးတစ်ချောင်း ထောင်ထားသလို မြင်ရသည်။

မျက်နှာက ရှည်ရှည်၊ မျက်လုံးက ငါးစူမျက်စိကဲ့သို့ ကျဉ်းမြောင်းသည်။

ထို့ကြောင့် မျက်နှာအမူအရာက ရက်စက်သောစိတ်ရှိကြောင်း ပေါ်လွင်နေပေသည်။ သူ ကိုင်ဆောင်သောတုတ်မှာ ကြေးလက်နက်ဖြင့် ပြုလုပ်သော တုတ်တစ်ချောင်းဖြစ်သည်။ ထိုတုတ်တွင် ခလုတ်များစွာ ရှိသည်။

အမျိုးမျိုး လုပ်ဆောင်နိုင်သည်။ သူ၏ရန်သူ အကောင်များများသည် တိုက်ခိုက်နေရင်း တုတ်ထဲမှထွက်လာသော အဆိပ်လူးအပ်များကို မရှောင်နိုင်သဖြင့် သေဆုံးကြရခြင်း ဖြစ်ပေသည်။

ရှင်ကျီးရသော့ အိခြေ ...။

ယိထိုင့်ဖိန်နှင့်စာလျှင်တော့ ကြည့်ကောင်းသေးသည်။

အသက်ခြောက်ဆယ်ခန့်သာ ရှိသဖြင့် ယိထိုင့်ဖိန်ထက် ငယ်သည်ဟု ဆိုရမည်။

အိခြေသည် အလွန်ဉာဏ်များသောသူ ဖြစ်သည်။

အဝတ်အစား တောက်တောက်ပြောင်ပြောင်များကို ဝတ်ဆင်တတ်သလို သူ၏ ဉာဏ်နိဉာဏ်နက်များကလည်း တောက်ပြောင်လှပေသည်။

သူ၏ တောက်ပြောင်သော အင်္ကျီပေါ်တွင် ရင်ထိုးတံဆိပ်တစ်ခုရှိပြီး လက်ထဲတွင် ဖုန်ခါတံဟူသော လက်နက်ကို ကိုင်ဆောင်ထားသည်။

ဟူလူခေါ် အရက်ထည့်သည့်ဘူးကို ချိတ်ဆွဲထားပြီး သူသည် မိန်းမဆိုလျှင် အူထဲအသည်းထဲမှ ကြိုက်နှစ်သက်သူတစ်ဦး ဖြစ်သည်။

ချန်ချင်းကုန်းကျောင်းရှေ့၌ ယိထိုင့်ဖိန်နှင့် အိခြေတို့ ရောက်ရှိလာကြသည်။



သူတို့ ရောက်လာသည်ကို ထန်ဟန့်က မြင်သည်။

သူသည် မိုးပျံကျားသစ် အုံယန်ကျွန့်ကို ပြောလိုက်သည်။

"ဦးလေး ... ဟိုနှစ်ယောက် ရောက်လာပြီ၊ ဦးလေးကအိခြေကို ရှင်း၊ ကျွန်တော်က ယိထိုင့်ဖိန်ကို ရှင်းမယ်"

"ကောင်းပြီ ... ယိထိုင့်ဖိန်ကို အထင်မသေးနဲ့နော်၊ ဒီကောင်က ကောက်ကျစ်စဉ်းလဲတဲ့နေရာမှာ သရဖူဆောင်းတယ်၊ သိုင်းပညာလည်း အဆင့်မြင့်တယ်၊ သတိထားပြီးတိုက် ..."

မကြာမီ ယိထိုင့်ဖိန်နှင့် အိခြေတို့သည် ထန်ဟန့်တို့ရှေ့သို့ ရောက် ရှိလာလေတော့၏။

ယိထိုင့်ဖိန်က ...

"မင်းက မိကြီးသိုင်းဂိုဏ်းက သိုင်းပညာကိုတတ်တဲ့ ထန်ဟန့် ဆိုတာလား"

"ဂူရှန့်သိုင်းပညာ တတ်မတတ်တော့ မပြောနိုင်ဘူး၊ မီးခဲထန်ဟန့်ဆိုတာ ကျုပ်ပဲ၊ ခင်ဗျားကကော သိုင်းဘုရင်လက်အောက်မှာ ဘယ်အဆင့် ရထားသလဲ"

"ငါက လက်ယာရံ အမတ်ကြီးပဲ"

"သြော် ... သြော် ... လက်ယာရံ အမတ်ကြီးကိုး"

လက်ဝဲရဲ့ အမတ်ကြီးမှာ ပိုင်တန်းထိန်း ဖြစ်သည်။

ထန်ဟာန့်က ဆက်မေးလိုက်၏။

"ဟိုတစ်ဦးကရော ဘာရာထူးများ ရသလဲ"

"သူက သိုင်းဘုရင်ကြီးရဲ့ ကိုယ်ရံတော်လေ၊ သိုင်းဘုရင်ကြီးအတွက် ဆေးမျိုးစုံ ဖော်စပ်ပေးရတယ်၊ သိုင်းဘုရင်ကြီး စည်းစိမ်ခံစားဖို့ မိန်းမချောကလေးတွေကို ရှာပေးရတယ်၊ သူက အရေးတကြီးဆောင်ရွက်ပေးရတဲ့ သူပဲ"

ထန်ဟာန့်က အိခြိကို အထင်သေးသော အမူအရာဖြင့် ကြည့်လိုက်ပြီး ...

"ဩော် ... ခင်ဗျားက မိန်းကလေးတွေကို ဒုက္ခတွင်းထဲ ပို့ဆောင်ပေးနေတဲ့ လူယုတ်မာကိုး"

ထိုစကားကို ကြားသောအခါ အိခြိ ဒေါသထွက်သွားသည်။

လူငယ်လူရွယ်လေးတစ်ယောက်က အမှန်စကားကို ပြောလိုက်ခြင်း မဟုတ်ပါလား။

"ဟေ့ကောင် ... လူပါးမဝနဲ့၊ ငါက လူကြီးကွ၊ မင်းအဘိုးလောက်ရှိတယ်၊ လူကြီးကွ၊ ဒီလိုအပြောမျိုးနဲ့ ဆက်ဆံရသလား"

"ဟား ... ဟား ... ဟား ... ခင်ဗျားလိုလူမျိုးကို ကျုပ်က ဘယ်



လိုလုပ်ပြီး ရိုသေရမှာလဲ၊ မိန်းကလေး အချောအလှမှန်ရင် အပျိုသောအအိုသောမရှောင် သိုင်းဘုရင်ကြီးဆီ ပို့သနေတဲ့လူကိုး၊ ဒီလိုလူဟာ လူကောင်းမှ မဟုတ်တာပဲ"

"ပြောလေ ကဲလေပါလား"

"လူကြီးပြီး အရှိန်မစီးတဲ့လူဆိုတာ ခင်ဗျားလိုလူပါပဲ"

"ပြောမရတဲ့ကောင် ဆုံးမမှ ဖြစ်တော့မယ်"

ယိထိုင့်ဖိန်က မီးလောင်ရာလေပင့် လုပ်လိုက်သည်။

"ဒီကောင်လေးကြည့်တော့ မလောက်လေး မလောက်စားနဲ့၊ လူကြီးတွေကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံတဲ့နေရာမှာတော့ ပထမတန်းစားပဲ၊ သူ့ကိုမှ မဆုံးမရင် ကျုပ်တို့ မျက်နှာကို ဘယ်သွားထားမှာလဲ"

သူသည် ပြောပြောဆိုဆို နောက်ဆုတ်ပေးလိုက်သည်။

တိုက်ပွဲကို ဖွင့်ပေးလိုက်သည့် ပုံစံပင်။

အိခြိရသေ့ကြီးသည် စကားလွန်သွားပေပြီ။

ယခုတော့ သူ့စကားသူ နုတ်၍မရတော့ပေ။

ခြေကျွံ လက်ငုံးလျှင် နုတ်လို့ရသည်။

စကားကျွံသွားက နုတ်၍မရဟူသောစကား သိပ်မှန်သည်။

တွေးပြီးသောတံတွေးကို ပြန်မျိုချ၍မရဟူသော စကားအတိုင်း ထင်ဟန့်ကို ဆုံးမ,မည်ပြောပြီးမှ မဆုံးမ၍ မရတော့ချေ။

သူသည် ရှေ့သို့ လှမ်းထွက်လာလေသည်။

ထိုအခါ မိုးပျံကျားသစ် အုံယန်ကျွန့်က ထန်ဟန့်ရှေ့သို့ ဝိတ်ဝင်လိုက်ပြီး ..."

"ငါဘယ်သူလဲ သိလား"

"ဘယ်သိမှာလဲကွ၊ ဘယ်က ကလေကချေကောင်မှန်း ငါ ဘယ်လိုသိနိုင်မှာလဲ"

အုံယန်ကျွန့်က ပြုံးလိုက်သည်။

"မိုးပျံကျားသစ် အုံယန်ကျွန့်ဆိုတာ ငါပဲ"

အိခြံ အနည်းငယ် လန့်သွားသည်။ မိုးပျံကျားသစ်ကို အိခြံ ကြားဖူးသည်။

သိုင်းလောကမှ ပျောက်ကွယ်နေသည်မှာ ကြာပြီ။

သူသည် မိုးပျံကျားသစ်ဟု ကြားလိုက်သောအခါ အနည်းငယ် ဖြူသွားသည်။

"မင်းက ဘာလုပ်မလို့လဲ"

"ငါ မင်းကို တွေ့ချင်တာကြာပြီ"



"မင်းရဲ့ သွေးသောက်အစ်ကိုကြီးနှစ်ယောက် သေဆုံးသွားပြီး ကတည်းက ပျောက်သွားတယ် မဟုတ်လား၊ အခု ဘယ်အိပ်ရာက ထလာသလဲ၊ ကြွက်စုတ်လို ဟိုပုန်းဒီပုန်း လုပ်နေတာ မဟုတ်လား"

လွန်ခဲ့သော ဆယ်နှစ်က မိုးပျံကျားသစ်ကို ဤသို့ပြောလျှင် ဘယ်ရပါမည်နည်း။ ချက်ချင်း ဓားနှင့်ထခုတ်ပစ်မိမည်။

သို့သော် ဆယ်နှစ်ဟူသောအချိန်ကာလသည် လူကို ပြောင်းလဲစေသည် မဟုတ်ပါလား။

သူသည် သိုင်းပညာတွင် အတွင်းအားရော သိုင်းပညာပါ တိုးတက်ခဲ့သလို လူကလည်း ခံနိုင်ရွမ်း အများကြီးရှိသွားလေပြီ။

ဒေါသမထွက်တတ်သော အုံယန်ကျွန့် ဖြစ်နေလေပြီ။

အိခြံက သူ့အား မခံချင်ဖြစ်အောင် ပြောနေသည်ကို ခပ်ပြုံး ပြုံးပင် နားထောင်နေလေပြီ။ အထူးသဖြင့် ယခုအချိန်မျိုးတွင် ဒေါသ ထွက်၍ လုံးဝ မဖြစ်ကြောင်း အုံယန်ကျွန့် သိလေသည်။ အဆင့်မြင့် သိုင်းပညာရှင်တို့ ယှဉ်ပြိုင်ရာတွင် ဒေါသသည် အရှုံးအနိုင်ကို အဆုံး အဖြတ် ပေးလေသည်။ ဒေါသထွက်သူ ရှုံးနိမ့်စမြဲပင်။

ဒေါသထွက်သူသည် အမှားအယွင်း ဖြစ်ပေါ်စေသည်။

သူသေကိုယ်သေ ...က်ကြသည့်ပွဲတွင် အနည်းငယ်မျှ အမှား မခံပေ။

အမှားအယွင်း ဖြစ်ပေါ်သူသည် သေရစမြဲပင်။

ဒေါသမထွက်သူသည် လုံးဝ အမှားအယွင်း မရှိပေ။

ထို့ကြောင့် ...

အုံယန်ကျွန့် ပြုံးပြုံး ဖြူးဖြူးနှင့် ရှိနေခြင်းဖြစ်သည်။

"မင်း ပြောလို့ဝပြီလား၊ ငါ အခု သိုင်းလောကထဲကို ဘာဖြစ်လို့ ပြန်ဝင်လာတာလဲဆိုတာ မင်းတို့ သိရဲ့လား"

"ဘယ်သိနိုင်မှာလဲ"

"မင်းတို့ ခွေးကျွန်တွေကို သုတ်သင်ဖို့ ဝင်လာတာကွ"

လောကတွင် သရဲတစ္ဆေရှိသည်ဟု ယုံကြည်သူများ ရှိချင်ရှိမည်။ မယုံကြည်သူလည်း ရှိနိုင်သည်။

သို့သော် ...

ဝင့်ဆိုသောသဘောကိုတော့ လူအများကပင် နားလည်သဘောပေါက်ကြသည်။ ဝင့်လည်သည်ကို ယုံကြည်ကြသည်။ အထူးသဖြင့် မကောင်းမှုပြုလုပ်သော လူအများသည်ပင် ဝင့်လည်သည်ကို ကြောက်ကြစမြဲပင်။

သရဲတစ္ဆေ မကောင်းဆိုးဝါးရှိသည်ဟု ယုံကြည်သူများထဲတွင် အိခြံရသေ့လည်း တစ်ယောက်အပါအဝင် ဖြစ်သည်။



သူကိုယ်တိုင်က မကောင်းမှုပြုလုပ်နေသဖြင့် နောင်ဘဝ၌ မကောင်းဆိုးဝါး တစ္ဆေသရဲဖြစ်မည်ကို အလွန် စိုးရိမ်မိလေသည်။

သူသည် လူတစ်ယောက်ကို သတ်ပြီးလျှင် နောက်တစ်နေ့တွင် တရားထိုင်ခြင်း၊ ဘုရားရှိခိုးခြင်းအမှုတို့ကို ပြုလုပ်လေ့ ရှိသည်။

ယခုလည်း အိခြံသည် မျက်စိကိုမှိတ်ထား၍ ဘုရားစာရွတ်ဆိုလိုက်သည်။

ပြီးမှ ဖုန်ခါတုတ်ဖြင့် အုံယန်ကျွန့်ကို တိုက်ခိုက်လေသည်။

သူ၏ ဖုန်ခါတုတ်သည် ပျော့ပျောင်းသော အမွေးအမှင်တစ်မျိုးဖြင့် ပြုလုပ်ထားသည်။ ပျော့ပျောင်းသောကြောင့် ဓားဖြင့်ခုတ်ဖြတ်လျှင်လည်း မပြတ်ချေ။

အတွင်းအားထုတ်ပြီး တိုက်ခိုက်လိုက်သောအခါ အမွေးအမှင်များသည် မာကျောသော လက်နက်တစ်မျိုးအဖြစ်သို့ ပြောင်းလဲကာ အသားထဲသို့ အလွယ်တကူ စိုက်နစ်ဝင်သွားနိုင်လေ၏။ ထိုလက်နက်မျိုးမှာ ကာကွယ်ရန်ခက်ခဲသော လက်နက်မျိုး ဖြစ်ပါသည်။

အုံယန်ကျွန့်သည် လက်ဝါးသိုင်းနှင့် ကိုယ်ဖော့ပညာတွင် ထူး ချွန်သူဖြစ်၏။ ထိုလက်မျိုးနှင့် တွေ့သောအခါ သူသည် မည်သို့ခုခံ ရမှန်းမသိဘဲ ဖြစ်နေသည်။

သူသည် ထိုလက်နက်မျိုးဖြင့် မတိုက်ဖူးချေ။ ထို့ကြောင့် တစ်ပန်းရှုံးသလို ဖြစ်နေသည်။

ယီထိုင့်ဖိန်က တိုက်ပွဲကိုကြည့်၍ သဘောကျသွား၏။ သူ့လူက နိုင်နေသည်မဟုတ်ပါလား။ ယီထိုင့်ဖိန်က ထန်ဟန့်ကိုကြည့်ပြီး လှမ်းခေါ်လိုက်သည်။

"ဟောကောင် ... သူများယှဉ်ပြိုင်တာကို ငေးမနေနဲ့၊ မင်းနဲ့ငါ နှစ်ယောက်ပဲရှိတယ်၊ အဲဒီတော့ မင်းနဲ့ငါ ယှဉ်ပြိုင်ကြမယ်"

ထန်ဟန့်သည် အုံယန်ကျွန့်ကိုကြည့်လိုက်၏။ စိတ်ပူသွားမိသည်။ သို့သော် သူလည်း ဘာမျှမတတ်နိုင်ပေ။ ယီထိုင့်ဖိန်ကို အနိုင်တိုက်ပြီးမှသာ အုံယန်ကျွန့်ကို ကူ၍ ရပေလိမ့်မည်။

ထန်ဟန့်က လျှပ်တစ်ပြက်ပင် လေထဲသို့ခုန်တတ်လိုက်ပြီး ယီထိုင့်ဖိန်ထံသို့ လက်သီးတစ်ချက် ပစ်သွင်းလိုက်၏။ ယီထိုင့်ဖိန်က တစ်ချက်ရယ်လိုက်ပြီး ကြေးတုတ်ဖြင့် ထန်ဟန့်ကို ထုချလိုက်၏။

ထန်ဟန့်က သူ့လက်ကို လျင်မြန်စွာ ရုပ်သိမ်းလိုက်၏။ မြေပေါ်သို့ ပြန်ကျလာသည်။

ထန်ဟန့် မြေပေါ်သို့ရောက်သည်နှင့် ယီထိုင့်ဖိန်၏အောက်ပိုင်းကို လက်ဝါးဖြင့် ခုတ်ချလိုက်၏။ ယီထိုင့်ဖိန်မှာ အရပ်ရှည်သူဖြစ်၏။ သူ့အောက်ပိုင်းကို တိုက်ကြည့်လိုက်ခြင်း ဖြစ်သည်။



ယီထိုင်ဖိန့်ကလည်း ခေသူမဟုတ်ပါ။ သိုင်းလောကဒ္ဒ နာမည်တစ်လုံးနှင့်နေသူ ဖြစ်သည်။ ထန်ဟန့်၏သဘောကို နားလည်သည်။

ယီထိုင့်ဖိန်သည် ကြေးတုတ်ကို ထန်ဟန့်၏နောက်ကျောရှိရာသို့ ရိုက်ချလိုက်၏။ ထန်ဟန့်သည် လေထဲသို့ ခုန်တက်လိုက်ပြီး ယီထိုင့်ဖိန်ကို တစ်ချက်ခုန် သုံးချက်ကန်ဖြင့် ကန်ထိုက်လိုက်၏။ ယီထိုင့်ဖိန် ရှောင်လိုက်သည်။

"ဟောကောင် ... မင်း မိကြီးဝိုက်းက ဝူရှန့်သိုင်းကွက်ကို ဘာဖြစ်လို့ မသုံးတာလဲ၊ အခု အမြန်ဆုံးထုတ်၊ မထုတ်ရင် မင်း နောင်တရလိမ့်မယ်"

ထန်ဟန့်အနေဖြင့် ဝူရှန့်သိုင်းကွက် မသုံးပေ။ အကျဉ်းအကျပ်မှသာ သုံးပေလိမ့်မည်။

ကျန်တစ်ဖက်တွင် တိုက်ခိုက်နေသော အုံယန်ကျွန့်နှင့် အိခြံရသော့နှစ်ဦးထံမှ ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။ ထန်ဟန့်သည် လန့်ဖျပ်သွားပြီး လှည့်ကြည့်မိလေသည်။

အုံယန်ကျွန့်၏ ကိုယ်ပေါ်မှအဝတ်အစားများသည် စုတ်ပြတ်နေ၏။ ခန္ဓာကိုယ်အနှံ့အပြားမှလည်း သွေးများထွက်နေသည်။

သို့သော် ...

ကျယ်လောင်သောအော်သံမှာ အုံယန်ကျွန့်အော်လိုက်ခြင်း မဟုတ်ပေ။ အိခြိရသေ့၏ အော်လိုက်သံ ဖြစ်သည်။

အိခြိရသေ့၏လက်ထဲတွင် လေးလက်မခန့်ရှိသော အပ်တစ်ချောင်း ကိုင်ထားသည်။ အပ်တွင် သွေးများပေကျံနေပြီး သူ၏နဖူးတွင်လည်း သွေးထွက်နေသော အပေါက်တစ်ပေါက် ရှိလေသည်။

သွေးစီးချောင်းသည် ထိုအပေါက်မှ မျက်ခုံးသို့ ဖြတ်စီးကာကျနေသည်။

အိခြိသည် အပ်ကို နဖူးမှ ဆွဲနုတ်လိုက်ခြင်း ဖြစ်ပုံရသည်။ ထိုအပ်သည် အုံယန်ကျွန့်၏အပ် မဟုတ်ပေ။ ကောင်းလိန်ဖုန်း၏ အပ်ဖြစ်သည်။

ကောင်းလိန်ဖုန်းသည် တိုက်ပွဲဖြစ်ပွားရာသို့ အချိန်မီရောက်လာပြီး အိခြိရသေ့ကို အပ်နှင့်ပစ်လိုက်ခြင်း ဖြစ်သည်။

"ထန်ဟာန့် သတိထား၊ ဟိုကိုရှောင်"

ထန်ဟာန့်သည် သတိဝင်လာပြီး ရှောင်ရန်ကြိုးစားလိုက်လေသည်။ သို့သော် သူသည် လေထဲသို့ မြောက်တတ်သွားလေသည်။

ငါးမျှားချိတ်တစ်ချောင်းက သူ့လည်ကုပ်တွင် လာချိတ်ပြီး ကြိုးကိုဆွဲလိုက်ခြင်းကြောင့် ထန်ဟာန့် မြောက်တတ်သွားခြင်း ဖြစ်ပါ



သည်။ ထိုငွေရောင်ကြိုးသည် ယိထိုင့်ဖိန်၏ ကြေးတုတ်ထဲမှ ထွက်လာသောကြိုး ဖြစ်ပါသည်။

ယိထိုင့်ဖိန်သည် ထန်ဟာန့်ကိုကြည့်ပြီး …

"ဟား … ဟား … ဟား … မိမယ့်မိတော့လည်း ငါးသေးသေးမှ မဟုတ်တာ၊ ငါးအကြီးကြီးပါလား"

သူသည် ထိုသို့ပြောပြီး ဘေးသို့ လှည့်ကြည့်လိုက်သည်။

"ကဲ … စစ်သူကြီး ခင်ဗျားအလှည့်တော့ ရောက်ပြီ"

သူက အော်ပြောလိုက်၏။ သူ့အော်သံ မဆုံးသေးမီပင် ဘေးနှစ်ဘက်ခြံကွက်ထဲမှ အပြာရောင် ပြန့်ကြဲလာသော အရာတစ်ခုနှင့် နီရဲသောအရာတစ်ခုသည် ထန်ဟာန့်ရှိရာသို့ ပြေးဝင်လာတော့သည်။

အပြာရောင် ပြန့်ကြဲလာသော ဝတ္ထုတစ်စုံကား တွကုသားခေါ် အဆိပ်သဲတစ်ခု ဖြစ်၏။ အနီရောင်ဝတ္ထုတစ်ခုအား ဖိလိတန့်ခေါ် မီးစုန်းများပင် ဖြစ်သည်။

ထိုလက်နက်များကို ပစ်လိုက်သူကား နဂါးနှစ်ကောင်ဂိုဏ်းချုပ်ကြီးများ ဖြစ်ကြသည်။

သူတို့သည် သိုင်းဘုရင်၏ လျှို့ဝှက်အဖွဲ့အစည်း၌ လက်ယာရံနှင့် လက်ဝဲရံ စစ်သူကြီးများ ဖြစ်ကြသည်။ သူတို့သည် နဂါးတုကျားဆေနှင့် မီးနဂါး တုကျားလျှပ်တို့ပင် ဖြစ်ကြသည်။

ဆိုးရွားပြင်းထန်သော လက်နက်ပုန်းများ လာရာလမ်းကြောင်းကို အုံယန်ကျွန့် မြင်နေရ၏။ ထိုအခါ အုံယန်ကျွန့်သည် အတွင်းအားဖြင့် ထိုလက်နက်များ လာရာလမ်းကြောင်းကို တုန်ခါစေလိုက်၏။

ထို့ပြင် ကောင်းလိန်ဖုန်းကလည်း ထိုလက်နက်များကို မြင်ရသည်။ သူကလည်း ပျှပ်တစ်ပြက်ပင် ထိုလက်နက်ပုန်းများ လာရာလမ်းကြောင်းကို သူ၏သံလုံးငယ် လက်နက်ပုန်းများဖြင့် ပစ်ခတ်လိုက်သည်။

သူတို့နှစ်ဦး၏ ရည်ရွယ်ချက်မှာ အတူတူပင် ဖြစ်သည်။ ထန်ဟန့်ဆီ ပစ်လိုက်သော လက်နက်ပုန်းများကို ဟန့်တားရန်ဖြစ်သည်။

သို့သော် သူတို့၏ကြိုးစားမှုများမှာ အချည်းနှီး ဖြစ်သွား၏။

ထန်ဟန့်သည် အုံယန်ကျွန့်တစ်ယောက် သူ့အား ကယ်တင်လိုစောဖြင့် အဆိပ်သဲများ လာရာလမ်းကြောင်းအတွင်း ဝင်ရောက်သွားသည်ကို တွေ့ရပြီး အဆိပ်သဲနှင့် မီးစုန်းများကို မတားနိုင်ကြောင်း တွေ့ရှိလိုက်ရ၏။

ထို့ကြောင့် သူသည် ရှိတ်ခ်ဲမိနေသော သူ့ခန္ဓာကိုယ်ကို အပေါ်သို့ တစ်ပတ်ကျွမ်းထိုးလိုက်ပြီး အုံယန်ကျွန့်ရှိရာသို့ ခုန်ဝင်လိုက်၏။



အုံယန်ကျွန့်အား အတင်းဖက်တွယ်၍ လှဲချလိုက်တော့သည်။

ယင်းအဖြစ်အပျက်မှာ အလွန်မြန်ဆန်သော အဖြစ်အပျက်ဖြစ်သည်။ ထန်ဟန့် ကျွမ်းထိုး၍ အုံယန်ကျွန့်အား လမ်းကြောင်းအတွင်းမှ လွတ်ရန် ဖက်လှဲချပုံမှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ပြုလုပ်သွားခြင်း ဖြစ်သည်။

ထန်ဟန့်သည် အုံယန်ကျွန့် လဲကျသွားသည်နှင့် အုံယန်ကျွန့်နှင့်အတူ ကိုယ်ကို သုံးလေးပတ်မျှ လိမ့်ချလိုက်၏။

သို့မဟုတ်ပါက မီးစုန်းလက်နက်တို့ ပေါက်ကွဲပြီး သူတို့အား ထိမှန်မည်ဖြစ်လေသည်။

ထန်ဟန့်က အုံယန်ကျွန့်အား ကယ်တင်လိုက်သည်မှာ အချန်မီရုံကလေး ရှိသည်။

အဆိပ်သဲနှင့် မီးစုန်းတို့ လေထဲတွင် ထိနိုက်မိပြီး ပေါက်ကွဲတော့သည်။

ထို မီးစုန်းလက်နက်သည် အထူးစီမံထားသော လက်နက်ဖြစ်သည်။

ထို့ကြောင့် အထိမခံချေ။

ထိလိုက်မိသည်နှင့် အသားဦစွဲကပ်ကာ မီးလောင်မည် ဖြစ်လေသည်။

လေထဲတွင် ပေါက်ကွဲသွားသော မီးစုန်းများနှင့် အဆိပ်သဲများသည် အကြောင်းမသိဘဲ ပြေးလာရပ်ကြည့်ကြသော ချန်ချင်းကုန်း ရသေ့နှစ်ယောက် ကိုယ်ပေါ်သို့ အနည်းငယ်ကျရောက်သွားလေသည်။

ထိမှန်သွားသော ရသေ့နှစ်ယောက်သည် မြေပေါ်တွင် လူးလိမ့်အော်ဟစ်နေကြလေ၏။ ထိုအခါ အခြေအနေသည် ရှုပ်ထွေးသွားလေတော့သည်။

ထန်ဟန့်တို့လူစုသည် ရှုပ်ထွေးနေသည်ကို အခွင့်ကောင်းယူကာ ထိုနေရာမှ လစ်ထွက်သွားကြလေသည်။

* * *

## အခန်း (၂၉)

## ညီအစ်မနှစ်ဖော်၏ အဖြစ်အပျက်

ညအမှောင်ကို လွန်မြောက်သွားချေပြီ၊ မိုးသောက်ရောင်နီ ရောက်လာလေပြီ။ ဆေးဆရာကြီး ဟိုကျိုးကြင့်၏ အပ်စိုက်ကုသမှုကြောင့် ကျန်းကျန်းကျွန်း၏ ဒဏ်ရာအခြေအနေမှာ အလွန်တိုးတက်လာလေ၏။

သူ ရရှိထားသော ဒဏ်ရာကြောင့် မသေနိုင်တော့ချေ။

မိုးပျံကျားသစ်သည် ရသေ့အိခြံနှင့် တိုက်ခိုက်စဉ်က ဒဏ်ရာများအပြား ရရှိခဲ့သည်။ ယခု ဤဒဏ်ရာများကို ဆေးထည့်ပတ်တီးစည်းပြီးလေပြီ။

ယင်းတို့အထဲတွင် ဓားပျံဂိုဏ်းချုပ်ကြီး တုံကျယ်ဖေး၏ ဒဏ်ရာအခြေအနေမှာ အားရဖွယ်အကောင်းဆုံး ဖြစ်၏။

ဒဏ်ရာများ ရရှိကတည်းက အတွင်းအားများ ပျောက်ကွယ်လုမတတ်ဖြစ်နေသော တုံကျယ်ဖေးသည် ဆေးဆရာကြီးကြောင့် အတွင်းအားများ ယခင်အတိုင်း ပြန်လည်ဖြစ်ပေါ်လာ၏။

အတွင်းအားများ ပြန်လည်ရရှိလာသော တုံကျယ်ဖေးမှာ မျက်နှာတွင် သွေးရောင်များလွှမ်းလာလေ၏။

ယခင်ကလို ဖြူဖပ်ဖြူရော် မဟုတ်တော့ချေ။

တစ်ကိုယ်လုံးရှိ အရိုးအကြောများကို စိတ်ကြိုက်လှုပ်ရှားလာနိုင်သည်။

ဤသို့ ဖြစ်လာရခြင်းမှာ ဆေးဆရာကြီးနှင့် သူ၏ဓားပျံကိုဏ်းမှ ဓားပျံဂိုဏ်း သိုင်းသမားလေးယောက်၏ ပြုစုမှုကြောင့် ဖြစ်သည်။

လျှုဖော့၏လက်ပြင်မှ ဓားဒဏ်ရာလည်း ပျောက်လုလုအခြေအနေသို့ ရောက်ရှိနေလေပြီ။ ဆေးဆရာကြီးသည် အတော် အစွမ်းထက်၏။

သူ ဖော်စပ်ပြုလုပ်ထားသော ဖယောင်းချက်ဖြင့် ကောင်းလိန်ဖုန်း၏ ဒဏ်ရာများကို ကပ်ပေးသောအခါ ဒဏ်ရာများလှသဖြင့် ကောင်းလိန်ဖုန်းမှာ လူရယ်စရာ ဖြစ်နေတော့သည်။

အိမ်အပြင်တွင် ဓားပျံသိုင်းသမား လေးယောက်က စောင့်



ရှောက်နေကြသည်။ သူတို့သည် သိုင်းဘုရင်အဖွဲ့အစည်းက လာရောက်တိုက်ခိုက်မည်ကို စိုးရိမ်နေကြသည်။

သူတို့သည် သတိဝီရိယထား၍ ကင်းစောင့်နေကြ၏။

အိမ်ထဲတွင် ထန်ဟန့်၊ အုံယန်ကျွန့်၊ ဆေးဆရာကြီး ဟုကျိုးကြင့်၊ ကောင်းလိန်ဖုန်း။ လင်ကျွင်းဖေနှင့် ကျန်းကျုန်းကျွန်းတို့သည် မနေ့ညက ချန်ချင်းကုန်းရသေ့ကျောင်းတွင် ပင်ပန်းခဲ့သောကြောင့် အသီးသီး အနားယူနေကြ၏။

လျှုဖော့တို့လင်မယားမှာ ထမင်းဟင်းများ ကျက်ကုန်ပြီဖြစ်၍ ထမင်းစားကြတော့သည်။ ထမင်းဝိုင်း၌ ကောင်းလိန်ဖုန်းက ...

"ချန်ဝမ်လန် တစ်ယောက် မနေ့က ချန်ချင်းကုန်းရသေ့ကျောင်းက ပြန်လာပြီး ဘယ်သွားသလဲ အစ်မကြီး"

သူက လင်ကျင်းဖေကို မေးလိုက်သည်။

"သူ သူ့အစ်မတွေဆီ သွားတယ်၊ အဲဒီသွားပြီး ချန်လီလီကို မကျိုးအကြောင်း ပြောပြမယ်လို့ ပြောတယ်"

"ချန်လီလီ ဟုတ်လား"

"ချန်လီလီရော သူ့အစ်မကြီးကိုရော တွေ့မယ်လို့ ပြောတာပဲ"

"အင်း ... ညီအစ်မသုံးယောက်စလုံး ရောက်လာကြရင်ကောင်းမှာပဲ"

"ဘာဖြစ်လို့ ကောင်းမှာလဲ"

"ဩော် ... ညီအစ်မသုံးယောက်စလုံး လာတော့ အစ်မကြီးကို ကူညီနိုင်တာပေါ့၊ ချန်လိလိဆိုရင် အစ်မကြီးကို ပိုတောင် ကူညီနိုင်ဦးမယ်"

"မင်း ချန်လိလိလာရင် ဒီစကားမျိုး ပြောရဲသလား"

"ဟာ ... ဘာကြောင့် မပြောရဲမှာလဲ၊ ဘာ ကြောက်စရာရှိလဲ၊ ပြောရဲတာပေါ့"

ထိုအခါ ထန်ဟန့်က အိမ်အပြင်သို့ လှမ်းကြည့်လိုက်သည်။

ထို့နောက် လက်ယပ်ခေါ်လိုက်သည်။

"ချန်လိလိရေ ... လာ ... လာ ... အတော်ပဲ ထမင်းစားကြရအောင်"

ကောင်းလိန်ဖုန်း တစ်ကိုယ်လုံး တုန်ခါသွားသည်။

သူသည် ပြူးပြူးပျာပျာဖြင့် အိမ်အပြင်သို့ လှမ်းကြည့်လိုက်လေသည်။

လူအားလုံးမှာ ကောင်းလိန်ဖုန်း၏ အပြုအမူကို ဝိုင်းကြည့်နေကြသည်ဖြစ်ရကား ကောင်းလိန်ဖုန်း ပြူးပြူးပျာပျာ ဖြစ်သွားသောအခါ ဝိုင်းရယ်ကြလေသည်။



"ဟား ... ဟား ... ဟား ..."

"ကောင်းလိန်ဖုန်းရယ် ... သတ္တိရှိမှလည်း ပြောပါကွာ"

ထန်ဟန့်က ရယ်ရင်း ပြောလေသည်။

ကောင်းလိန်ဖုန်းက ထန်ဟန့် နောက်ပြောင်ပြောသည်ကို သိ ရှိသွားပြီး ရှက်သွားသည်။

"ထန်ဟန့် ခင်ဗျား ကောင်းကောင်းမှတ်ထား"

သူက အရှက်ပြေ ပြောလိုက်သည်။

"ငါ မင်းကို စေတနာနဲ့ သတိပေးတာပါကွာ၊ နောက်ဆိုကြွားချင်ရင် သတ္တိကောင်းကောင်း မွေးထားဦးကွ"

အားလုံးက ရယ်မောကြလေသည်။

ထိုစဉ် အိမ်ထဲသို့ လူတစ်ယောက် ပြေးဝင်လာတော့သည်။

ထိုသူကို အားလုံးက အထိတ်တလန့် ဝိုင်းကြည့်မိကြသည်။

ပြေးလာသူမှာ အသက်ခွေးမား ဝန်းလျံယိ ဖြစ်သည်။

ဝန်းလျံယိသည် ဓားပျံသိုင်းသမား နံပါတ်သုံး ဖြစ်သည်။

"ဝန်းလျံယိ ဘာဖြစ်လို့လဲ"

ထန်ဟန့်က အရေးကကြီး မေးလိုက်သည်။

သူက အမောတကောဖြင့် ပြောလိုက်လေသည်။

"ညီမလေး ချန်ဝန်လန် လာနေပြီ"

ထန်ဟာန့် ကြောင်သွားသည်။

ချန်ဝမ်လန်လာသည်မှာ အကြောင်းမဟုတ်ချေ။

ဝန်းလျှံယီသည် အဘယ်ကြောင့် ဤသို့ ပြေးလာပြီး အမော တကော ပြောရသနည်း။

"ချန်ဝမ်လန် လာတာများဗျာ၊ ရန်သူလာတာ မဟုတ်ပါဘူး၊ ဒီလောက် အလောတကြီးပြောစရာ မလိုပါဘူး"

"ဟုတ်ပါတယ်၊ ကျွန်တော် ချန်ဝမ်လန်ကို အဝေးက မြင်ရ တာပါ၊ ဒါပေမယ့် ချန်ဝမ်လန်ရဲ့ အမူအရာကိုကြည့်ရတာ မဟန်ဘူး၊ တစ်ခုခု ဖြစ်လာတယ်နဲ့ တူတယ်ဗျာ"

"ဗျာ … ဘယ်လိုဖြစ်လာလို့လဲ"

"ချန်ဝမ်လန်ရဲ့ပုံစံက ဖရိုဖရဲဗျာ၊ နောက်ပြီး ဆံပင်တွေက ရှုပ်ပွနေတယ်၊ အင်္ကျီတွေကလည်း စုတ်ပြဲနေတယ်၊ ခြေလှမ်းတွေ ကလည်း ဒယီးဒယိုင် ဖြစ်နေတယ်၊ အရက်မူးနေသလိုပဲ"

ချန်ဝမ်လန်သည် နာမည်နှင့်လိုက်အောင် အလှအပကို မက် မောသူဖြစ်သည်။

အဆင်အပြင်နှင့် အဝတ်အစားကို အမြဲတမ်း ဂရုစိုက်သူ ဖြစ်သည်။



ဤပုံစံမှာ ချန်ဝမ်လန်၏ပုံစံ မဟုတ်ချေ။

သူမ မည်သို့ ဖြစ်လာသနည်း။

ထန်ဟာန့် မတ်တတ်ရပ်လိုက်သည်။

"ဟုတ်တယ် … နံပါတ်သုံး၊ ခင်ဗျားပြောတာ ထူးတယ်၊ ကျုပ် တို့ ထွက်ကြည့်ရမယ်၊ ထန်ဟာန့် အပြင်သို့ ထွက်သွားသည်။

ကျန်းကျုန်းကျွန်းမှတစ်ပါး လူအားလုံး ထန်ဟာန့်နောက်သို့ လိုက်ကြလေတော့သည်။

ဝန်းလျှံယီသည် သူကင်းစောင့်နေသည့် တောင်ကုန်းပေါ်သို့ ထန်ဟာန့်တို့အား ခေါ်ဆောင်သွားသည်။ ထိုအခါ အဝေးမှ ပြေးလာ နေသော ချန်ဝမ်လန်ကို တွေ့ရလေတော့သည်။ ဝန်းလျှံယီပြောသည့် စကားမှာ မှန်ပါသည်။

ချန်ဝမ်လန်တစ်ယောက် အရူးမတစ်ယောက်လို ပြေးလာနေ ပါသည်။

ဒယိမ်းဒယိုင် ဖြစ်နေပါသည်။ မကြာမီ ထန်ဟာန့်တို့ရှေ့သို့ ရောက်ရှိလာပါတော့သည်။

ထန်ဟာန့်က ချန်ဝ^ံလန်ရှေ့သို့ ခုန်ချလိုက်ပြီး ချန်ဝမ်လန်ကို ဖေးမလိုက်သည်။

"ဘာဖြစ်တာလဲ ချန်ဝမ်လန် … ရန်သူနဲ့ တွေ့ခဲ့သလား၊ ရန်သူတွေက ဘာလုပ်လိုက်သလဲ ပြောစမ်း"

ထန်ဟန့်ရင်ခွင်ထဲသို့ ချန်ဝမ်လန် လဲကျသွားသည်။

သူမသည် မောကြီးပန်းကြီး ဖြစ်နေသည်။

"ရှောင် … ထန် …"

ချစ်စနိုးခေါ်လိုက်သော ချန်ဝမ်လန်၏စကားသည် မပီမသဲဖြစ်နေသည်။

ချန်ဝမ်လန်သည် ထန်ဟန့်ကို ထိုသို့ ချစ်စနိုးခေါ်တတ်သည်။

အားလုံး အသိပင်။

"ရှောင် … ရှောင်ထန်၊ ကျွန်မအစ်မတွေအတွက် ရှင် ကလဲ့စား ချေပေးရမယ်၊ ကလဲ့စား ချေပေးရမယ်၊ ကလဲ့စား ချေပေးရမယ်"

ထန်ဟန့်သည် ချန်ဝမ်လန်ကို ဖြည်းညင်းစွာ ထူမပေးရင်း …

"မလောနဲ့၊ ဖြည်းဖြည်းပြော၊ မင်းပြောပြမှ အကုန်သိရမှာပေါ့၊ စိတ်ချ … ငါ လက်စားချေပေးမယ်၊ မင်းသာ ဖြည်းဖြည်းပြောနိုင်အောင် ကြိုးစား"

ချန်ဝမ်လန်သည် ကြိုးစား ပြောလေသည်။

"ဟို … ဟို … လိ … ဆိုတဲ့ ခွေးတိရစ္ဆာန်၊ ခွေးတိရစ္ဆာန် …"



သူမသည် စကားဆက်မပြောနိုင်တော့ချေ။ မေ့မြောသွားလေတော့သည်။

ဆေးဆရာကြီး ဟိုကျိုးကြင့်လည်း အတော် အလုပ်ရှုပ်သွား၏။

များမကြာမီ ချန်ဝမ်လန်တစ်ယောက် ပြန်လည်ကာ သတိရလာလေ၏။

သူမသည် မျက်ရည်များကျရင်း သူမ ကြုံတွေ့ရသည့် ဇာတ်ကြောင်းကို ပြန်ပြောပြလေတော့သည်။ ယဲ့ကျင်းညီအစ်မသုံးဖော်တွင် နှစ်ဖော်သည် အသတ်ခံရခြင်း ဖြစ်သည်။

ချန်ဝမ်လန်တစ်ယောက် သူတို့ညီအစ်မသုံးယောက် တည်းခိုသောအခန်းသို့ ပြန်ရောက်သွားသောအခါ သွေးအလိမ်းလိမ်းနှင့် သေဆုံးနေသော အစ်မနှစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

အခန်းထဲ၌ လူသတ်သမားရှစ်ယောက် ထိုင်စောင့်နေသည်ကို သူမ တွေ့ရသည်။ သူတို့သည် ချန်ဝမ်လန် ပြန်ရောက်လာသည်ကို တွေ့ရသောအခါ သားကောင်ကိုတွေ့ရသည့် ကျားရဲများပမာ ချန်ဝမ်လန်းအား ဖမ်းဆီးကြတော့သည်။

ချန်ဝမ်လန်သည် သည်းအူပြတ်မတတ် ခံစားရသည်။

သို့သော် ဤလူယုတ်မာများ၏အဖမ်းအဆီးကို မခံနိုင်ကြောင်း သူမ သိရှိသည်။

ဖမ်းဆီးခံရလျှင် အမဲဖျက်သလို ဝိုင်းဖျက်ကြတော့မည်။

သူမသည် ဖြစ်ပျက်နေသည့် အခြေအနေကို နားလည်သဘောပေါက်သည်။

ဤလူယုတ်မာများသည် သူမကို ဝိုင်းဝန်းဖမ်းဆီးပြီး သူတို့အလိုရှိရာကို အရယူကြတော့မည်။ ပြီးလျှင် သူမကို သတ်ပစ်မည်။

သူမသည် အံကိုတင်းတင်းကြိတ်၍ လက်နက်ပုန်းများဖြင့် ပစ်ခတ် တိုက်ခိုက်တော့သည်။

ရန်သူများမှာ ချန်ဝမ်လန် လက်နက်ပုန်းဖြင့် တိုက်ခိုက်သောအခါ ထိခိုက်ကျဆုံးကုန်သည်။ စုနစ်ယောက်တစ်ယောက် တိုက်ခိုက်ရသဖြင့် ချန်ဝမ်လန်အဖို့ မလွယ်လှပေ။

ဒဏ်ရာများ ပြင်းထန်စွာ ရရှိခဲ့သည်။

ထို့နောက် ပြေးပေါက်ရှာ၍ ပြေးထွက်ခဲ့ရတော့သည်။

ကံကောင်းထောက်မ၍ ကိုယ်လွတ်ရုန်းနိုင်ခဲ့သည်။

ထန်ဟန့်သည် အဖြစ်အပျက်များကို အေးဆေးစွာ နားထောင်လိုက်သည်။

သူသည် ဆုံးဖြတ်ချက်နစ်ရပ်ကို ချမှတ်လိုက်သည်။

ပထမဆုံးဖြတ်ချက်မှာ ယိစုသူဌေးသား ရဲ့ယိယဲ့၊ ကျင်းလင်



သူဌေးသား စွန်းလူယိနှင့် ထိုင်ယွန် မြင်းမွေးမြူရေးခြံ သူဌေးကြီးလုံသမား ကျင်းမန်လို့တို့အား သူတို့နှင့် လာရောက်ပေါင်းစည်းရန် အခြေအနေ အကျိုးအကြောင်းကို အပြည့်အစုံရေးသား၍ ဖိတ်ခေါ်ရန်ဖြစ်သည်။

ဒုတိယဆုံးဖြတ်ချက်မှာ ချန်ဝမ်လန်ကို ကတိတစ်ခု ပေးလိုက်ခြင်း ဖြစ်သည်။

လီစန်းဒါး၏ ဦးခေါင်းကို အရယူပေးမည်ဟူသော ကတိပင်။

* * *

လီစန်းဒါးသည် မနေ့ကအဖြစ်အပျက်များကို မကျေနပ်ချေ။

မနေ့က ဒုတိယဆင့်နှင့် တတိယဆင့် လက်အောက်ခံလူသတ်သမား ရှစ်ယောက်နှင့်အတူ သူကိုယ်တိုင် လုံကျင်းညီအစ်မနှစ်ဖော်ကိုသာ သတ်နိုင်ခဲ့ပြီး အငယ်ဆုံးဖြစ်သော ညီမလေး လွတ်မြောက်သွားသည် မဟုတ်ပါလား။

အုအိတုံက သူ့ကိုပေးထားသောတာဝန်မှာ လုံကျင်းညီအစ်မသုံးယောက်အား လက်ရဖမ်းမိရန်ပင် ဖြစ်သည်။ အရှင်မိမိ၊ အသေမိမိ၊ အသေသတ်သတ် ကြိုက်သလို ပြုနိုင်အခွင့်အရေး ရရှိခဲ့သည်။

လူသတ်သမား ကိုးယောက်သည် မနေ့က လှဲကျင်းညီအစ်မ သုံးယောက် တည်းခိုနေသောအိမ်သို့ ရောက်ကြသည်။

ချန်ကျင်းကျင်းနှင့် ချန်လိလိ ညီအစ်မနှစ်ယောက်ကိုသာ တွေ့ရသည်။

သူတို့သည် ချန်ဝမ်လန်ကို မစောင့်နိုင်တော့ပေ။

အလုပ်ပြီးရန် အရေးကြီးသည် မဟုတ်ပါလား။

ချန်ကျင်းကျင်းနှင့် ချန်လိလိတို့သည် ခုခံကာကွယ်ကြသော်လည်း ရက်စက်ကြမ်းကြုတ်သော လူသတ်သမားကိုးယောက်နှင့် တိုက်ခိုက်ရခြင်းဖြစ်၍ နောက်ဆုံး ညီအစ်မနှစ်ယောက်စလုံး သေဆုံးသွားကြသည်။

ဤသို့ ရက်စက်သောလုပ်ကြံမှုကို ပြုလုပ်ပြီးနောက် လူသတ်သမားရှစ်ယောက်တို့ အနားယူနေစဉ် ချန်ဝမ်လန် ပြည်လည်ရောက်ရှိလာခြင်းပင် ဖြစ်ပါသည်။

လီစန်းဒါးသည် အေးအေးဆေးဆေးပင် ကြည့်နေလေသည်။

ကျန်လူသတ်သမား ခုနစ်ယောက်သည် ချန်ဝမ်လန်ကို အလု အယက် ဖမ်းဆီးကြတော့သည်။ ချန်ဝမ်လန်ကလည်း ပြန်လည်၍ ခုခံတိုက်ခိုက်သည်။



နောက်ဆုံး လက်နက်ပုန်းများဖြင့် ပတ်ခတ်တိုက်ခိုက်ပြီး ထွက်ပြေးသွားနိုင်ခဲ့သည်။ ကံကောင်းလေစွ … မိသွားလျှင် အမဲဖျက်ခံရသည်ထက် ဆိုးသွားပေမည်။

ချန်ဝမ်လန်အား ဝိုင်းဖမ်းသောလူခုနစ်ယောက်တွင် နှစ်ယောက်သည် ချန်ဝမ်လန်၏ လက်နက်ပုန်းထိပြီး သေသွားသည်။

ကျန်ငါးယောက်မှာလည်း ဒဏ်ရာအသီးသီး ရသွားကြသည်။

ချန်ဝမ်လန်အား မိပြီဟူသောအသိဖြင့် အိပ်နေသော လီစန်းဒါးမှာ အပြင်ထွက်လာသောအခါ သူ့လူများ အတုံးအရုံး ဖြစ်နေသည်ကို တွေ့ရလေသည်။

သူသည် ဤအဖြစ်အပျက်ကိုတွေးရင်း စိတ်ထဲ၌ တနုံ့နုံ့ဖြစ်နေသည်။

သူသည် မနေ့က အဖြစ်အပျက်များကို အုအိတုံအား တင်ပြင်သောအခါ အုအိတုံက အကြီးအကျယ် မကျေမနပ်ဖြစ်လေသည်။

လီစန်းဒါးမှာ တင်သာတင်ပြရသည်။ သူ့စိတ်မလုံပေ။ လူရှစ်ယောက်ကြီးများဖြင့် ဝိုင်းဖမ်းခဲ့သည်ကိုတောင် ချန်ဝမ်လန် လွတ်မြောက်သွားခဲ့သည် မဟုတ်ပါလား။ အုအိတုံကလည်း ဤအချက်ကိုပင် ကိုင်သည်။

"မင်းတို့သွားဖမ်းတာ လူဘယ်နှစ်ယောက်လဲ"

"ကိုးယောက်ပါ ဆရာကြီး၊ တစ်ယောက်က ဒဏ်ရာရသွားလို့ ရှစ်ယောက်ကျန်ပါတယ်"

"ဟင် ... ရှစ်ယောက်ဝိုင်းဖမ်းတာတောင် ချန်ဝမ်လန်ကို မမိဘဲ လွတ်သွားသေးတယ်၊ တော်တော် တော်တဲ့ ကောင်တွေပဲ"

သူသည် ဒေါသထွက်နေ၏။

"ဘယ်နှစ်ယောက် ဒဏ်ရာရသလဲ"

လီစန်းဒါးမှာ မျက်နှာပျက်သွားသည်။

"နှစ်ယောက် သေပါတယ်၊ ကျန် ... ကျန်တဲ့ ငါးယောက် ဒဏ်ရာရပါတယ်"

"ဟင်း ... တော်တော် အသုံးမကျတဲ့ကောင်တွေ"

အုအိတုံသည် ညီအစ်မသုံးယောက်ကို သဘောကျနေ၏။ ထိုကိစ္စကိုထားတော့။ ထိုညီအစ်မသုံးယောက်မှာ သူ့အဆောက်အအုံ ဆောက်လုပ်သည့်လုပ်ငန်းကို မီးရှို့ဖျက်ဆီးခဲ့သူများဖြစ်၍ ညီအစ်မသုံးယောက်ကို ရက်စက်စွာ သတ်ဖြတ်ချင်သူ ဖြစ်နေသည်။

သူသည် လီစန်းဒါးကို သတ်ပစ်ချင်စိတ် ပေါက်နေ၏။ အသည်းတွင် ယားနေသည်။



သို့သော် ...

နောက်ဆုံးတွင် သူ၏အသက်အရွယ်၊ မြင့်မားသော ရာထူး၊ ဂုဏ်သိက္ခာများကြောင့် လီစန်းဒါးကို သတ်ပစ်ချင်သည့် စိတ်ကို လျှော့လိုက်ရလေသည်။

ထို့ပြင် လီစန်းဒါးကို သတ်ပစ်ပြီးပါက သိုင်းဘုရင်ကြီးကို အစီရင်ခံရမည် ဖြစ်သည်။ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ သတ်လိုက်လျှင် သိုင်းဘုရင်ကြီးက သူ့ကို အပြစ်တင်ဦးမည် ဖြစ်သည်။ သူသည် စိတ်ကိုလျှော့ချလိုက်ပြီး ...

"ကဲ ... လီစန်းဒါး မင်းကို အခွင့်အရေးတစ်ခု ပေးမယ်"

ထိုအခွင့်အရေးသည် လီစန်းဒါးအတွက် ထောင်ချောက်ပင် ဖြစ်ပေသည်။

ယခု ချန်ဝမ်လန် လွတ်မြောက်သွားပေပြီ။ မိရန်လည်း မလွယ်တော့ချေ။ ချန်ဝမ်လန်သည် ထန်ဟန့်တို့နှင့် အဆက်အသွယ်ရှိကြောင်း၊ သူ သိထားသည်။

"မင်း သုံးရက်အတွက် ချန်ဝမ်လန်ကို အရှင်ဖမ်းခဲ့ရမယ်၊ [illegible]၊ အသေမဟုတ်ဘူး၊ မိရင် ချန်ဝမ်လန်ကို ဘာမှမလုပ်ရဘူး၊ [illegible]ကို ပို့ပေးရမယ်၊ ဒီကိစ္စ အောင်မြင်ရင် ကျွင်းရှင်းစေတမန်ရာထူး

အဆင့် တိုးပေးမယ်၊ မအောင်မြင်ရင်တော့ မင်းအတွက် ပျော်စရာ သိပ်ကောင်းမှာ မဟုတ်ဘူး"

လီစန်းဒါးသည် ဤအမိန့်ကို ကြားလိုက်သောအခါ သေဒဏ် အမိန့်ချမှတ်ခံရသူအလား မျက်နှာဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

သို့သော် …

အထက်မှဆရာကြီး၏ အမိန့်ဖြစ်သဖြင့် သူတွင် ငြင်းဆန်ခွ မရှိပါချေ။

သူသည် ဦးညွှတ် အရိုအသေပေးလိုက်ပြီး ခေါင်းငုံ့ ထွက်ခွ သွားတော့သည်။

* * *

## အခန်း (၃၀)

## ဝူရှန့်သိုင်းပညာကို မြင်ဖူးသူ

ပိန်းစု၏ လက်ဖက်ရည်ဆိုင်သည် အလွန်စည်ကားသောဆိုင် ဖြစ်ပါသည်။

လက်ဖက်ရည်ဆိုင်က တဖြည်းဖြည်းနှင့် လူစည်ကားလာ သလောက် ပိန်းစု၏ ကျန်းမာရေးအခြေအနေက ဆုတ်ယုတ်လာ၏။

ငွေချမ်းသာသော်လည်း လူမကျန်းမာဆိုသည့် စကားမှာ ပိန်းစု အတွက် ပြောသလိုဖြစ်နေ၏။ သူသည် နေ့တိုင်း 'ရင်စိုင်း'ဆေးကို သောက်နေရ၏။

အခြားအစွမ်းထက်သော ဆေးဝါးများကိုလည်း မှီဝဲနေရသည်။

သို့သော် …

အခြေအနေက တိုးတက်မလာပေ။

ငွေကုန်လုပန်းဆိုသည့် အဖြစ်မျိုးသာ ဖြစ်နေရသည်။

အစွမ်းထက်သည့် ဆေးဝါးတိုင်းကို ပိန်းစု ဝယ်သည်။ သောက်လည်း သောက်သည်။

သို့သော် ...

လူက ခုံရင်း ခုံရင်းပင်။

လက်ဖက်ရည်ဆိုင်တွင် အလုပ်သမားနှစ်ယောက်ကို ငှားရမ်းထားသည်။

ပေကျန်စောင်မှာ လက်ဖက်ရည်ဆိုင်ကိစ္စတွင် လုံးဝ မပါဝင်ချေ။ ဝင်မစွပ်ချေ။

ပေကျန်စောင်မှာ အလှုပြင်ရန်၊ ဈေးဝယ်ထွက်ရန်၊ ထမင်းဟင်းချက်ရန်တို့ပင် ဖြစ်သည်။ အားလပ်၍ ဧည့်သည်များလာရောက်သောနေ့တွင် ဧည့်သည်များနှင့် စကားဝိုင်းဖွဲ့သည်။ မြို့နေလူထုသိထားသော အချက်တစ်ချက် ရှိသည်။

ပိန်းစု၏ လက်ဖက်ရည်ဆိုင်တွင် တစ်နေ့တစ်ခြား လူစည်ကား တိုးတက်လာခြင်းမှာ ပေကျန်စောင်ကြောင့် ဖြစ်သည်ဟူ၍ပင်။

ဤအချက်မှာ မှန်ကန်ပါသည်။ လက်ဖက်ရည်လာသောက်



သည့် ကိုးဆယ်ရာခိုင်နှုန်းခန့်မှာ ပေကျန်စောင်၏အလှကို ကြည့်ကြသူများ ဖြစ်သည်။

လင်ရှိမယားဆိုသော်လည်း ပေကျန်စောင်၏ အလှမှာ စာဖွဲ့ရှုပင် ရသည်။

ပိန်းစုသည် ထိုသို့ဖြစ်နေသည့်အတွက် လွန်စွာ စိတ်မချမ်းသာသော်လည်း သူ မည်သို့မျှ မတတ်နိုင်ပေ။

သူကိုယ်တိုင် ချွတ်ယွင်းချက်ရှိသူဖြစ်၍ သူ့မိန်းမကိုလည်း သူ မနိုင်ပေ။

စိတ်ထောင်းတော့ ကိုယ်ကျေဆိုသည့် စကားအတိုင်း ပိန်းစုသည် သူ့မိန်းမအတွက် စိတ်ညစ်နေပြီး လူလည်း တဖြည်းဖြည်း ပိန်ချုံးလာသည်။

ပိန်ချုံးနေသော ပိန်းစုသည် စားပွဲပေါ်တွင် လက်ထောက်ပြီး ထိုင်နေသည်။

ထိုစားပွဲသည် ဆိုင်၏ အချက်အချာကျရာ၌ တည်ရှိနေသဖြင့် ဆိုင်တွင်းသို့ ဝင်လာသူအားလုံးကို သေချာစွာ မြင်နိုင်ပေသည်။

ထိုစဉ် ပေကျန်စောင်သည် အလှပြင်ပြီးနောက် ဧည့်ခန်းတွင်းမှ ထွက်လာတော့သည်။ လက်ဖက်ရည်ဆိုင်ထဲတွင် ထိုင်နေကြသူများ

သည် သူမအား ရမ္မက်စောကြသည့် မျက်လုံးများဖြင့် ကြည့်နေကြလေသည်။

သူတို့၏ တပ်မက်သောမျက်လုံးများကို ပိန်းစု ထိုးဖောက်ပစ်ချင်သည်။

ဤမျက်လုံးများဖြင့် ပိန်းစုသည် ယခင်လူ့ပျိုဘဝက မိန်းမများကို ကြည့်ခဲ့ဖူးသည်။

သူတို့၏ရင်ထဲတွင် မည်သို့သောစိတ်ထားမျိုး ရှိနေသည်ကို ပိန်းစု သိနေသည်။

ထိုလူများထဲတွင် ပိန်းစု အစိုးရိမ်ဆုံးဖြစ်ရသည့်သူ တစ်ဦးရှိပေသည်။

ထိုသူမှာ လက်ဖက်ရည်ဆိုင်ကို နေ့စဉ်မပျက် လာရောက်ထိုင်တတ်သည့် လီစန်းဒါးပင်တည်း။ အမှန်တွင် ပိန်းစုသည် သိုင်းအဖွဲ့အစည်းမှ သတင်းပေးတစ်ယောက် ဖြစ်သဖြင့် တဏှာရူးလူသတ်သမား လီစန်းဒါး၏အကြောင်းကို က,ကြီးမှစ အ,အထိ သိရှိလေသည်။

သူသည် အဖွဲ့အစည်းအတွင်းမှ လူသတ်သမား အတော်များများကို သိရှိသည်။



အဖွဲ့အစည်းထဲတွင် ပိန်းစုသည် လုံးဝ အရာမရောက်သောအသင်းသား ဖြစ်နေ၏။ ကျန်းမာရေးမကောင်း၊ သိုင်းပညာလည်းမတတ်ကျွမ်း၊ မယားကို ကာကွယ်ရန် မပြောနှင့် သူ့ကိုယ်သူပင်မကာကွယ်နိုင်ပေ။

လီစန်းဒါးလို လူမျိုးကလည်း ပိန်းစုကို ဂရုမစိုက်ချေ။ ရှိသည်ဟူ၍ပင် မထင်မှတ်ပေ။ ပိန်းစု၏မယား ပေကျန်းဆောင်ကိုလီစန်းဒါး ခွင့်လွှတ်ထားခြင်းမှာ အဖွဲ့အစည်းကြောင့် ဖြစ်သည်။

အသင်းသားတစ်ယောက်၏ မယားကို ပြစ်မှားခြင်းအတွက်အသင်းက အရေးယူ မယူကို သူ မသိပေ။ အရေးယူမည်ကို သူကြောက်ရွံ့နေပေသည်။

အချိန်တန်၍ ပြဿနာပေါ်လာသောအခါ ပိန်းစု၏အသက်ကိုလီစန်းဒါးက ချမ်းသာပေးလျှင်ပင် ကျေးဇူးတင်ရမည် ဖြစ်သည်။

ပိန်းစုသည် ရေနွေးကြမ်းအိုးထဲမှ အခါးရည်နှစ်ခွက်ကို ယူသောက်လိုက်သည်။

လက်ဖက်ခြောက် ကျဲနေသဖြင့် လက်ဖက်ရည်ကြမ်းသည်အလွန်ခါးနေသည်။

သို့သော် ...

ရေနွေးကြမ်းကို ခါးသည်ဟု ပိန်းစုမထင်ပေ။ အဘယ်ကြောင့်ဆိုသော အသည်းနှလုံးထဲမှ ခါးသက်သောအရသာကို သူ ခံစားနေရပေသည်။

ထိုအချိန်မှာပင် ပေကျုန်စောင်သည် တောင်းတစ်လုံးကိုကိုင်၍ အခန်းထဲမှ ထွက်လာလေသည်။ သူမသည် ဈေးဝယ်ထွက်တော့မည် ဖြစ်သည်။

ပိန်းစုတစ်ယောက် တုန်လှုပ်သွားသည်။

ပေကျုန်စောင်သည် ပိုမိုလှပလာသယောင် သူ ထင်မြင်မိသည်။

သူသည် လီစန်းဒါးနှင့် သူ့မိန်းမ ပေကျုန်စောင်ကို ကြည့်ရှုနေလေသည်။

သူသည် ကြည့်ရင်း ရေနွေးအိုးကို ကောက်ငှဲ့လိုက်သည်။ ရေနွေးများသည် အကြမ်းပန်းကန်လုံးထဲမှ လျှံကျလာလေသည်။

သို့သော် ...

ပိန်းစုသည် ရေနွေးကြမ်းပန်းကန် လျှံကျနေသည်ကို မသိပေ။

သူ့ မျက်လုံးများသည် ပေကျုန်စောင်နှင့် လီစန်းဒါးတို့ထံသို့ ရောက်နေသည်။

လီစန်းဒါး၏မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။



သို့သော် ...

ပေကျုန်စောင် အခန်းထဲမှ ထွက်ခွာသောအခါ ချက်ချင်းပင် အမူအရာပြောင်းသွား၏။ မျက်လုံးများ အရော်တောက်ပလာသည်။

ထို အရောင်တောက်ပမှုကို ပိန်းစု မကြိုက်ပေ။

သွေးဆောင်ဖြားယောင်းလိုက်သော အရောင်တောက်ပမှုမျိုးဖြစ်ကြောင်း ပိန်းစု သိသည်။ ပိန်းစုသည် အသည်းနှလုံးထဲမှ သွေးများ စိမ့်ထွက်လာသလို ခံစားလိုက်ရသည်။

လီစန်းဒါး၏ မျက်လုံးများကို ဓားနှင့် ကလော်ထုတ်ပစ်လိုက်ချင်သည်။

ထိုစဉ် ...

ပိန်းစုသည် ပို၍ ရင်နာစရာကောင်းသော အဖြစ်အပျက်ကို တွေ့လိုက်ရပေသည်။

သူ့မိန်းမ ပေကျုန်စောင်က လီစန်းဒါးအား မျက်လုံးထောင့်ကပ် ကြည့်လိုက်ခြင်းပင်။ လီစန်းဒါးကလည်း ခေါင်းတစ်ချက်ညိတ်လိုက်သည်။ ထိုအခါ ပေကျုန်စောင်သည် လီစန်းဒါးထံသို့ မျက်စိမှိတ်ပြ၍ သွားလေတော့သည်။

"ဪ ... ငါ့မျက်နှာကိုတောင် မထောက်ဘူး၊ လူရှေ့သူရှေ့

မှာ အတင်းရဲလိုက်တာ၊ မျက်နှာကလည်း မြူစွယ်တဲ့မျက်နှာနဲ့၊ လမ်းလျှောက်ပုံကလည်း နွဲ့လိုက်တာ"

ပိန်းစုက စိတ်ထဲမှ ကျိတ်၍ ဆဲရေးနေမိ၏။

လီစန်းဒါးက ပေကျန်စောင်အား တစ်စုံတစ်ခု ပြောနေသည်။ ဘာပြောနေသည်ကို ပိန်းစု မကြားရပေ။

ခဏကြာသောအခါ ပေကျန်စောင်သည် ပိန်းစုအနီးသို့ ကပ်လာသည်။

"ကျွန်မ နည်းနည်းနောက်ကျမယ် သိလား၊ လီစန်းဒါးက ကျွန်မကို လူတစ်ယောက်ရှာခိုင်းထားတယ်"

သူမက ပိန်းစုအား တိုးတိုးကပ်ပြောလေ၏။

ပိန်းစုတစ်ယောက် သက်ပြင်းချလိုက်မိတော့သည်။

ပေကျန်စောင်သည် လှုပ်လီလှုပ်လဲ့ဖြင့် ဆိုင်ထဲမှ ထွက်သွားသည်။

ပေကျန်စောင်သည် အမြဲတမ်း အလျင်စလို မသွားပေ။ အမြဲအေးအေးဆေးဆေး သွားသည်။ သူမသည် ဈေးထဲ၌ လိုအပ်သော ဟင်းချက်စရာများကို ဝယ်သည်။

သူမ ရှာရမည့်လူကိုလည်း ရှာသည်။ သို့သော် သူမ ရှာရမည့် လူကို မတွေ့ပေ။



ထို့နောက် ...

တိန်းအော့မာဆိုင်မှ ပဲပြားကိုဝယ်ယူပြီးနောက် လှည့်ထွက်လာ၏။ ထိုစဉ် သူမရှာသောသူကို တွေ့လိုက်ရတော့သည်။ ထိုလူသည် အရပ်ပုပု ဂင်တိုတို ဖြစ်သည်။

သူမသည် ဖြည်းညင်းစွာ လျှောက်သွားပြီး ထိုလူအနီးသို့ ချဉ်းကပ်လိုက်သည်။ ယှဉ်၍ လျှောက်သွားသော်လည်း ထိုလူကို နှုတ်မဆက်ချေ။

သူမက လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"လက်ဖက်ရည်ဆိုင်မှာ ရှင့်ကို လူတစ်ယောက်က စောင့်နေပါတယ်"

ထိုလူသည် ပေကျန်စောင်ကို မကြည့်ပေ။ အခြားတစ်နေရာသို့ ကြည့်ရင်း တိုးတိုးမေးလိုက်သည်။

"ဘယ်သူလဲ"

"လီစန်းဒါး"

"အေး ... ကောင်းပြီ"

သူတို့သည် ထိုမျှသာ စကားပြောကြပါသည်။ တိုတောင်းသည်။ မြန်ဆန်သည်။

သူတို့သည် စကားကိုပြောပြီးသည်နှင့် ခွဲခွာသွားကြ၏။ ဘေးလူတစ်ယောက်အဖို့ သူတို့ စကားပင် ပြောသွားကြပါစဟု ထင်မှတ်ရပေမည်။

ပေကျွန်ဆောင်သည် ဈေးထဲသို့ တစ်ပတ်ပြန်ဝင်သည်။ သူသည် ဝယ်ခြမ်းစရာ မရှိသော်လည်း စောစောက စကားပြောသူနှင့်အတူ တွဲမသွားချင်၍ ဈေးထဲသို့ ပြန်ဝင်လာခြင်း ဖြစ်သည်။

အရပ်ပုပု ဂင်တိုတုနှင့်လူသည် ရှေ့သို့ ဆက်လျှောက်သွားလေသည်။

သူမသည် ဈေးကို တစ်ပတ် ပတ်ပြီးသည်နှင့် လက်ဖက်ရည်ဆိုင်သို့ လျှောက်သွားလေသည်။

ထိုလူသည် အရပ်ပုသော်လည်း ဥပဓိရုပ်မှာ မဆိုးလှပေ။ သူသည် အောက်ပိုင်းတိုနေခြင်း ဖြစ်၏။

အခြား အရပ်ပုသူများမှာ ရုပ်ရည်လည်း ဆိုးတတ်သည်။ သူကတော့ ရုပ်ရည်မဆိုးလှပေ။ သူသည် သာမန်လူများထက် ပို၍ လမ်းလျှောက်မြန်သည်။

အခြားသူများ ဈေးကိုပတ်စဉ် ဈေးတစ်ဝက်သာလောက်သာ ရောက်ဦးမည်။



သူကတော့ ဈေးကို တစ်ပတ် ပတ်ပြီးချေပြီ။ သူသည် ဖြတ်တိုးဉာဏ်ကောင်းသူ ဖြစ်သည်။

သူလုပ်သည့် အလုပ်သည် သူနှင့်သင့်လျော်သည်။ သူ့အလုပ်မှာ 'သတင်းရောင်းစားသူ'သာတည်း။

သူ့အမည်မှာ 'မြေခွေးနက်'ဟု ခေါ်သည်။ မြေခွေးနက်သည် သတင်း ရောင်းစားရာတွင် လျှင်မြန်သည်။ သူ့အား ကျေနပ်လောက်သည့် ငွေကြေးကိုသာ ပေးပါ။ သူက လိုအပ်သောသတင်းကို ရောင်းချပေးမည် ဖြစ်သည်။ သူသည် အလွန် ဖျတ်လတ်သူ ဖြစ်သည်။ လူတကာမသိသော လျှို့ဝှက်သတင်းများကို သူက စုနစ်ဆယ့်ငါးရာခိုင်နှုန်းမျှ သိထားသည်။

သူမသိသေးသော သတင်းကိုလည်း အပေးအယူဖြင့် ရောင်းချသည်။

သူ့အား ဆယ့်နှစ်ရက် အချိန်ပေးပါ။ သတင်းရသည်သာ များပေသည်။

ထို့ကြောင့် ...

သူသည် ထိုလျှို့ဝှက်သတင်းများအတွက် ငွေကြေးအမြောက်အမြား ရရှိခဲ့သည်။ သူသည် လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ ကိန်းခါနှင့် တွေ့လေသည်။

သူတို့သည် လူရှင်းသော ထောင့်စားပွဲတွင် ထိုင်၍ ဆွေးနွေးကြသည်။

လီစန်းဒါးက ရက်ရောသူဖြစ်သည်။

ဤကဲ့သို့ ရက်ရောသောဖောက်သည်မျိုးကို မြေခွေးနက်က လွန်စွာသဘောကျသည်။

သူတို့သည် စကား သုံးလေးခွန်းမျှ ပြောဆိုပြီးသည်နှင့် အရောင်းအဝယ်ကိစ္စ ပြီးမြောက်သွားလေတော့သည်။

လီစန်းဒါးက ...

"ခင်ဗျား ဒီဂူပေါက်ကို မှတ်မိရဲ့လား"

"သိပ်ကို မှတ်မိတာပေါ့ဗျာ၊ ကျုပ်အလုပ်က ဒါတွေမှတ်သားထားဖို့ပဲ မဟုတ်လား"

"ဒါဆိုရင် ခုချက်ချင်းပဲ သွားမယ်၊ ကျုပ်က ဆိုင်းမနေချင်ဘူး၊ ခင်ဗျား အဆင်ပြေရဲ့လား"

မြေခွေးနက်က စဉ်းစားလိုက်သည်။

"ခင်ဗျား လူဘယ်နှစ်ယောက် ခေါ်မှာလဲ"

"ဘာဖြစ်လို့လဲ"

"လူမများရင် ပိုကောင်းမယ်ထင်လို့ပါ"



"ဟာ ... ဒါတော့ မပူနဲ့၊ ကျုပ် ဘယ်သူ့ကိုမှ မခေါ်ဘူး၊ ကျုပ်တစ်ယောက်တည်း လိုက်မှာ၊ ကျုပ်ကလည်း လူများများ မခေါ်ချင်ပါဘူး၊ လူများရင် အလာကားပဲ"

သူသည် လူရှစ်ယောက် ခေါ်သွားခဲ့ရာမှ နှစ်ယောက်သေခဲ့ရသည့် အဖြစ်ကို သတိရစွာ ပြောလိုက်လေသည်။

"လူများရင် အပေါက်အစပ်များတယ်၊ နောက်ပြီး ခြေသံလည်း မလုံဘူး၊ အဲဒီတော့ ပုန်းနေတဲ့လူက သိတာပေါ့၊ ကျုပ်က ဒါကြောင့်မို့ လူများများ မလိုက်စေချင်တာပါ၊ ခင်ဗျား တစ်ယောက်တည်းလိုက်မှာဆိုတော့ ဘာမှ ပြောစရာမရှိတော့ဘူး၊ ပိုကောင်းတာပေါ့"

မြေခွေးနက်က ပြောလိုက်ခြင်း ဖြစ်သည်။

ထိုအခါ လီစန်းဒါးက ...

"ကျုပ်ကလည်း ကျုပ်အတွေ့အကြုံအရ လူများရင် ပွဲမစည်ဘူးဆိုတာ သိထားလို့ လူများများ မခေါ်ဘူးလို့ ပြောတာပါ၊ ခု ခင်ဗျား ဘာလုပ်စရာရှိသေးလဲ၊ မရှိရင် သွားကြရအောင်၊ ကျုပ်က ဒီပုဝယ်မကို အမြန်ဆုံးတွေ့ချင်နေပြီ၊ တွေ့စရာအကြောင်းလည်း ရှိနေတာကိုး"

"ကောင်းပြီ ... လာ၊ သွားကြရအောင်"

မြေခွေးနက်သည် ထရပ်ကာ ဆိုင်အပြင်သို့ ထွက်ခွာသွားလေသည်။

ဤကား အလုပ်သဘောပင် ဖြစ်သည်။

အလုပ်သဘောအရ ဝှပေါက်ကို မြေခွေးနက်က လိုက်ပြရပေမည်။

အကယ်၍ မြေခွေးနက်က ပြောပြလိုက်ပြသဖြင့် လီစန်းဒါးက ထိုဝှပေါက်ကို သွားရှာသည် ဆိုပါစို့၊ မတွေ့လျှင် အလုပ်ဖြစ်တော့မည် မဟုတ်ချေ။

ထို့ကြောင့် ...

သတင်းဝယ်သူ မနစ်နာစေရအောင် မြေခွေးနက်က လိုက်လံဆောင်ရွက်ပေးခြင်း ဖြစ်သည်။ မြေ့ခွေးနက်သည် အလွန်ကတိတည်သောသူ ဖြစ်သည်။

သူ ကတိတည်သဖြင့် ဤအလုပ်ကို အသက်မြဲမြဲစွာ လုပ်ကိုင်နေနိုင်ခြင်း ဖြစ်သည်။ နာမည်ကောင်းတစ်ခု ရရှိနေသူဖြစ်သည်။

တစ်ခါတစ်ရံ အခြေအနေအရ လှည့်ကွက်များသုံးမည်ဆိုလျှင်လည်း မိမိနာမည်ကို မထိခိုက်စေရန် လှည့်ကွက်ဖန်တီးတတ်သူဖြစ်သည်။



ဤမျှ သူလည်ပတ်နေခြင်းမှာ သူသည် ယခင်က ထောင်ချောက်တစ်ခုတွင် မိခဲ့ဖူး၍ဖြစ်မည်ဟူသော ကောလာဟာလ သတင်းများ ဖြစ်ပေါ်ခဲ့သည်။

မြေခွေးတစ်ကောင်သည် တစ်ခါမိခဲ့ဖူးသော ထောင်ချောက်တွင် နောက်ထပ် ဘယ်တော့မှ အမိမခံရဟု ဆိုးရိုးစကားရှိခဲ့သည် မဟုတ်ပါလား။

လီစန်းဒါးသည်လည်း အလွန် စိတ်လှုပ်ရှားနေလေသည်။

ပျော်ရွှင်ဝမ်းသာမှုကြောင့် အလွန်စိတ်လှုပ်ရှားနေခြင်း ဖြစ်သည်။ ငွေသားသုံးရာသည် ကြီးမားသောတန်ဖိုး မဟုတ်ပေ။

ဤငွေသားဖြင့် ချန်ဝမ်လန်ကို ရှာဖွေတွေ့ရှိနိုင်ပါက အလွန်ပေါသောဈေးနှုန်းပင် ဖြစ်သည်။ ထိုကိစ္စ အောင်မြင်ပါက လီစန်းဒါးမှ ထိုထက်အဆမတန် တန်ဖိုးရှိသောဆုလာဘ်ကို ရရှိမည် မဟုတ်ပါလား။

သူသည် ကျင်းရှင်းစေတမန်ရာထူးကို အဆင့်တိုးရရှိပေမည်။

လီစန်းဒါး၏သွေးများက ဆူကြွလာလေသည်။

သူသည် သူ့အား စေခိုင်းလိုက်သည့် အုအိတုံ၏ ရည်ရွယ်ချက်ကို သိရှိပေသည်။

သူ့အား တမင် ချောက်ချလိုက်ခြင်းဖြစ်ကြောင်း ရိပ်မိသည်။

သို့သော် ...

ယခု သူသည် မမျှော်လင့်ဘဲနှင့် ချန်ဝမ်လန်ကို တွေ့ရပေ[illegible]
တော့မည်။

ရှေ့မှ လျှောက်သွားနေသည့် မြေခွေးနက်သည် ကျောက်တုံး
တစ်တုံးနောက်သို့ တိုးကပ်သွားလိုက်ပြီး သူ့အရှေ့မှ ဂူပေါက်ကို
ကြည့်လေသည်။

လီစန်းဒါး လှမ်းကြည့်လိုက်သည်။

မြေခွေးနက်က လက်ယက်ပြီး လှမ်းခေါ်လေသည်။

လီစန်းဒါးက အပြေးကလေး ချဉ်းကပ်သွားသည်။

"ဘာတွေ့လဲ"

"ဟိုမှာ မတွေ့ဘူးလား"

"ဘာကိုလဲ"

"မီးခိုးထွက်နေတဲ့ ဂူပေါက်လေ"

"အဲဒါ ..."

"ဟိုကောင်မက ဒီဂူထဲမှာ ခိုနေတာပေါ့၊ သူသိတယ်၊ ခင်[illegible]
တို့ အဖွဲ့အစည်းဟာ လက်တံရှည်တယ်ဆိုတာ၊ သူဒီလိုပုန်း[illegible]



လွတ်မယ်လို့ ထင်နေမှာပေါ့၊ တကယ်တော့ ပုန်းစရာနေရာ မရှိပါ
ဘူးဗျာ"

"သူ ဘာလုပ်နေတာလဲ"

"ဒါတော့ ကျုပ် မပြောတတ်ဘူး၊ သူ တစ်ခုခု ချက်ပြုတ်
နေတာ ဖြစ်ချင်ဖြစ်မယ်၊ တစ်ခုခုကင်တာ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှ
မဟုတ် မီးဖိုထားတာ ဖြစ်ချင်ဖြစ်မယ်"

"သူ ယုန်သားများ ကင်နေသလား မသိဘူး"

"ဒီကောင်မ တော်တော်စွာတယ် ကြားဖူးတယ်၊ ကျုပ် အကူ
အညီပေးရမလား"

"မလိုပါဘူး"

"ဒါဆိုလည်း ပြီးရောပေါ့ဗျာ၊ ကျုပ် သွားတော့မယ်"

"ခင်ဗျား မသွားရဘူး"

"ဘာပြောတယ် ..."

"ခင်ဗျား မသွားရဘူးလို့ ကျုပ်ပြောတာ"

"ကျုပ်တာဝန်ကျေပြီ၊ ခင်ဗျားကို ဟိုကောင်မ ရှိတဲ့ဂူကို ကျုပ်
[illegible]၊ ခင်ဗျားအနေနဲ့ ခင်ဗျားရပိုင်ခွင့်အားလုံးကို ရပြီးပြီ၊ ကျုပ်
[illegible]ပိုင်ခွင့် မရှိတော့ဘူး"

"ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျား သဘောပေါက်မှာပါ"

"ဩော် ... ခင်ဗျားက ဂူထဲမှာရှိတယ်ဆိုတာ မယုံကြည်တဲ့ သဘောပေါ့"

"မဟုတ်ဘူး ... ကျုပ် စိုးရိမ်တာက တစ်မျိုးဗျ"

"ဘာ စိုးရိမ်တာလဲ"

"ကျုပ် စိုးရိမ်တာက ဒီမှာအလုပ်မပြီးခင် ခင်ဗျားအနေနဲ့ တခြားလူတစ်ယောက်ကို သွားပြီး သတင်းပေးမှာကို ကျုပ်က စိုးရိမ်နေတာဗျ"

ထိုအခါ မြေခွေးနက်က တဟားဟား ရယ်မောလိုက်သည်။

"ဟာ ... ဟား ... ဟား ... ဒါဆိုလည်း ရပါတယ်၊ ကျုပ် ဟောဒီကျောက်တုံးပေါ်မှာ ထိုင်နေမယ်၊ ခင်ဗျား ဘယ်အချိန်ကြည့်ကြည့် ကျုပ်ကို တွေ့နိုင်တယ်၊ ကျုပ် လစ်သွားတာနဲ့ ခင်ဗျား ကျုပ်ကို ထဖမ်းနိုင်တယ်၊ ခင်ဗျား ဘာလုပ်တယ်ဆိုတာတော့ ကျုပ် မမြင်နိုင်ဘူး၊ ဘယ့်နှယ်လဲ၊ ကျုပ် ထိုင်စောင့်နေမယ်"

မြေခွေးနက်၏စကားမှာ လက်ခံနိုင်သောစကား ဖြစ်သည်။

လီစန်းဒါးက ခေါင်းညိတ်လိုက်၏။

"ခင်ဗျား အကြံဉာဏ်ကောင်းတယ်၊ ကောင်မကို ကျုပ် ဖမ်းပြီး ထွက်လာတဲ့အခါမှာ ခင်ဗျား လိုရာသွားနိုင်ပါပြီ"



"ရပါတယ်၊ ကျုပ်က ငွေသုံးရာ ယူထားတော့ ဒီလောက်တော့ ငြိမ်ရဦးမှာပေါ့ဗျာ"

မြေခွေးနက်သည် ကျောက်တုံးပေါ် တက်ထိုင်နေလေတော့၏။

"ကျုပ် ဂူထဲကို သွားမယ်"

"သွားပါဗျာ၊ ကျုပ် ဒီမှာ ထိုင်နေပါ့မယ်"

ဂူသည် အတော်လှမ်း၏။

လီစန်းဒါးသည် ဂူပေါက်ရှိရာသို့ လျင်မြန်စွာ လျှောက်သွားလေသည်။

ထိုအခါ ယုန်သားကင်နံ့ကို ရရှိလိုက်သည်။

"ဟင်း ... ဟင်း ... ဟင်း ... ကောင်မ ယုန်သား ကင်နေပြီ၊ ပါတော့ ယုန်သားကင်ရော လူသားကင်ရော စားရတော့မှာပဲ"

လီစန်းဒါးသည် စိတ်ကူးပြီး ဂူပေါက်ဝသို့ ဝင်လိုက်သည်။

"ဟေ့ကောင်မ ... ထွက်ခဲ့စမ်း"

သူသည် ဂူပေါက်ထဲသို့ လှမ်းအော်လိုက်၏။

ဂူတဲမှ မည်သူမျှ ထွက်မလာချေ။ မီးဖိုတစ်ဖိုကို တွေ့ရပြီး ကင်ထိုးထားသော ယုန်သားကင်ကို တွေ့ရလေသည်။ သူသည် ဂူထဲသို့ လှမ်းဝင်လိုက်သည်။

"ကောင်မ ... ထွက်လာဆိုတာ မကြားဘူးလား"

ထိုအခါ ဂူနံရံအကွယ်မှနေ၍ လူရိပ်တစ်ရိပ် ထွက်ပေါ်လာလေတော့သည်။

လီစန်းဒါး လန့်သွားသည်။ ထွက်လာသူမှာ ထန်ဟန် ဖြစ်နေသတည်း။

မြေခွေးနက်က ကျောက်တုံးပေါ်မှ လှမ်းအော်လိုက်သည်။

"မင်း ငါ့ကိုစော်ကားခဲ့တယ်၊ ငါ သည်းခံခဲ့ပါတယ်၊ အခုတော့ ငါ့ကို စော်ကားတဲ့ကောင် သိပြီမဟုတ်လား၊ ဒါပေမယ့် မင်းဟာ သေခါနီးလူမို့လို့ ငါ့ကို စော်ကားတဲ့အပြစ်တွေကို ဖွေမယူပါဘူး၊ ဟား ... ဟား ... ဟား ... ငါ သွားတော့မယ်"

မြေခွေးနက်သည် ကျောက်တုံးပေါ်မှ ခုန်ချပျောက်ကွယ်သွားတော့သည်။

ထန်ဟန့်သည် လီစန်းဒါးရှိရာသို့ လျှောက်လာပြီး ငါးလှမ်းခြောက်လှမ်းအကွာ၌ ရပ်လိုက်လေသည်။

"မင်း အပြစ်ကို မင်းသိတယ် မဟုတ်လား၊ မင်းကို ငါ ဆုံးမတာထက် ကလဲ့စားချေရမယ်ဆိုရင် ပိုမှန်တယ်၊ မင်းဓားကို ဆွဲထုတ်လိုက်"



လီစန်းဒါးသည် သူ နောက်ဆုတ်မရတော့သည်ကို သိလိုက်လေပြီ။ သူ ထွက်ပြေးလျှင်လည်း ထန်ဟန့်က လိုက်သတ်မည်သာ ဖြစ်သည်။ သူသည် ဓားကို လျင်မြန်စွာ ဆွဲထုတ်လိုက်သည်။ ဓားသည် လင်းလက်သွားသည်။ သူ၏ ဓားသိုင်းပညာသည် အတော်ကလေး ထက်မြက်သည်။

ထို့ကြောင့်ပင် လီစန်းဒါးဟု နာမည်တစ်လုံး တွင်နေခြင်း ဖြစ်သည်။

လျင်မြန်သည်။ ရက်စက်သည်။ သူနှင့် ယှဉ်ပြိုင်ခဲ့သော သိုင်းသမားများသည် သူ့ဓားကို သုံးကွက်ထက်ပို၍ မယှဉ်နိုင်ခဲ့ပေ။

သူသည် ဓားကို ဆွဲထုတ်လိုက်ပြီးလျှင် သူ့ဓားကို သွေးမစွန်းဘဲ ပြန်မသိမ်းခဲ့ပေ။

ဓားရောင်လက်သွားသည်။ ပထမဓားချက်က လီစန်းဒါးက ထန်ဟန့်အား ခုတ်လိုက်သော ဓားချက်ဖြစ်သည်။ ဒုတိယလက်သွားသော ဓားချက်မှာ ထန်ဟန့်က လီစန်းဒါးကို ခုတ်လိုက်သောဓားချက် ဖြစ်သည်။

ဓားခုတ်လိုက်သည်ဟူသော လှုပ်ရှားမှုမှာ လျှပ်တစ်ပြက် လှုပ်ရှားမှု ဖြစ်သည်။

လီစန်းဒါးသင် ထန်ဟန့်ကို မည်သို့မျှ မမီနိုင်ချေ။

နောင် ဆယ်နှစ်ကြိုးစားလျှင် ထင်ဟန့်ကိုမီကောင်းမီမည်။

သို့ရာတွင် ထန်ဟန့်က ဆယ်နှစ်လုံးလုံး ထပ်မံမကြိုးစားဘဲ ပစ်စလက်ခတ် နေဦးမှဖြစ်မည်။

ဝူမိန်ကျင့်မြို့သို့ ရောက်ရှိလာပြီးနောက် ထန်ဟန့်သည် ဝူရှန့်သိုင်းပညာကို ပထမဦးဆုံး အသုံးပြုလိုက်ခြင်း ဖြစ်သည်။ မြေခွေးနက်ကို ငွေအမြောက်အမြား ပုံပေးလိုက်သည်။

လီစန်းဒါးကို လူသူကင်းဝေးရာ အရပ်သို့ ခေါ်နိုင်းလိုက်သည်။

ထင်ဟန့်သည် ဝူရှန့်သိုင်းပညာကို မသုံးခဲ့ပေ။

ယင်းသိုင်းပညာ ပေါက်ကြားသွားမှာကို ထန်ဟန့် စိုးရိမ်၏။

ထို့ကြောင့် လီစန်းဒါးကို မြေခွေးနက်နှင့် မျှားခေါ်ပြီး သတ်ရခြင်းဖြစ်သည်။

လီစန်းဒါးသည် ဝူရှန့်သိုင်းပညာကို တစ်ဦးတည်း မြင်တွေ့ဖူးသူ ဖြစ်သွားသည်။

သို့သော် ...

သူ သေဆုံးသွားပေပြီ။

*　　*　　*

## အခန်း (၃၁)

## အစီအစဉ်သစ်

တရုတ်ပြက္ခဒိန် ငါးလ တစ်ရက်နေ့ ဖြစ်သည်။ ဘုရားကျောင်းရှ[illegible] တိုင်တစ်လုံးတွင် ကြော်ငြာသင်ပုန်းတစ်ချပ် ရှိသည်။

ထို ကြော်ငြာသင်ပုန်းတွင် မြို့သူမြို့သားများ အံ့အားသင့်များရသော ကြော်ငြာတစ်ခု ချိတ်ဆွဲထားသည်။

"ဝူရှိုပတ်ရိုလိုတွင် ဤလ အရောင်းအဝယ်များ မပြုလုပ်ရ"

ပထမသူဌေး ပိုင်တန်းထိန်း

အောက်တွင် ပိုင်တန်းထိန်း၏လက်မှတ် ရေးထိုးထားသည်ကို တွေ့ရလေသည်။

ဤကိစ္စသည် သေးငယ်သောကိစ္စတစ်ရပ် မဟုတ်ပေ။

ထိုသတင်းသည် ထိုမြို့ကလေးအတွက် သေရေးရှင်ရေး [illegible] ဖြစ်သည်။

မကြာမီ ထိုသတင်းသည် တောမီးပမာ တစ်မြို့လုံး သိရှိသွားလေတော့သည်။

ထိုအခါ မြို့သူမြို့သားအများစုသည် ဝူမိန်ကျင့်မြို့ကလေးတော့ သွားပြီဟု ယူဆလိုက်ကြတော့သည်။ အဘယ်ကြောင့်ဆိုသော် ဤမြို့ကလေး တောနက်အလယ်၌ ရပ်တည်နေနိုင်ခြင်းမှာ ဤဝူချိုပွတ်ရှိလိုကို အမှီပြု၍ ရပ်တည်နေရသောကြောင့် ဖြစ်လေသည်။

ဝူချိုပွတ်ရှိလို၏ အရောင်းအဝယ်များကို ရှုပ်ဆိုင်းပစ်လိုက်ပြီဟု ဆိုသောအခါ ဤတောကြီးခေါင်ခေါင်ထဲကို မည်သူလာပါတော့မည်နည်း။

ဧည့်သည် မလာရောက်သောကြောင့် ထိုမြို့ကလေးတွင်ရှိသောအခြားစီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းသွားမည် ဖြစ်ပေသည်။

ထို့နောက် ...

အရေးကြီးသော အချက်တစ်ချက် ရှိသေးသည်။ သူတို့သည် ဝူချိုပွတ်ရှိလိုကို တောနက်ကြီးအတွင်း လာရောက်တည်ထောင်သည့် ရည်ရွယ်ချက် ဖြစ်သည်။

တောနက်ကြီးအတွင်းဖြစ်၍ ဘုရင်အစိုးရ၏ ဥပဒေလက်လှမ်းမမီပေ။ လမ်းပန်းဆက်သွယ်ရေး မကောင်းသောကြောင့်ပေတည်း။



ထို့ကြောင့် ဝူချိုပွတ်ရှိလိုပိုင်ရှင် သိုင်းဘုရင်အဖွဲ့အစည်းသည် ဤမြို့ကလေးတွင် ထင်ရာစိုင်းနှင်နေကြသည်။ ထင်ရာစိုင်းခွင့် ရှိကြသည်။

သို့ရာတွင် ထန်ဟန့်ကဲ့သို့သော တစ်ဖက်မှသိုင်းသမားများ ရှိနေသောကြောင့် ထင်ရာမစိုင်းနိုင်ခြင်း ဖြစ်သည်။

လူအများက ဤမြို့ကလေး ကျဆုံးသွားပြီဟု ထင်နေသည်။

သို့သော် လူအများ အံ့ဩရတော့သည်။

ဤမြို့ကလေးသည် လူအများထင်သလို ကျဆုံးမသွားပေ။

လာရောက်တည်းခိုသူက တည်းခိုမြဲ၊ စီးပွားရေးလုပ်ငန်းများက အောင်မြင်မြဲ ဖြစ်နေသည်။ တည်းခိုခန်းအားလုံး လူပြည့်နေပြီး လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ အဝတ်အထည်ဆိုင်များမှာ ရောင်းကောင်းမြဲ ရောင်းကောင်းနေသည်။

ထို့ပြင် ဟွမ်ကျင်းလောင်းကစားဝိုင်းတွင် လောင်းကစားသူများ၊ နေ့ညမပြတ် လောင်းကစားသူများနှင့် ပြည့်လျှံလျက် ရှိနေခြင်းပင်တည်း။

သူတို့နည်းတူ လူအများ စည်ကားလျက်ရှိသော အရပ်တစ်ခု ရှိသေးသည်။

ထိုအိမ်များမှာ ပြည့်တန်ဆာအိမ်များတည်း။

အပြီးမပျက် ဖြစ်နေသူနှစ်ယောက်မှာ တိန်းအော့မာနှင့် ဟူအဘိုးအိုတို့ ဖြစ်ကြလေသည်။

တိန်အော့မာ၏ ပဲပြားဆိုင်မှာလည်း ရောင်းကောင်းမြဲ ရောင်းကောင်းလျက်၊ ဟူအဘိုးအို၏ ယုန်သားကင်ဆိုင်မှာလည်း လူစည်ကားမြဲ စည်ကားလျက်ရှိနေခြင်းပင်တည်း။

ဘုရားကျောင်းရေ့ ကြော်ငြာသင်ပုန်းသည် မြို့နေလူထုအတွက် မည်သို့မျှ အကျိုးသက်ရောက်မှု မရှိပေ။ မြို့နေလူထုသည် အပြုံး မပျက်ချေ။

အဘယ့်ကြောင့်ဆိုသော် သူတို့မှာ အရောင်းအဝယ်မပျက်ကြသောကြောင့်ပင်တည်း။

ကြော်ငြာကြောင့် ထိခိုက်သောလူတစ်ဦးသာ ရှိသည်။ ထိုလူမှာ ယခု စကားအလွန် နည်းသွားသည်။ အမြဲ ပြုံးရွှင်နေသော မျက်နှာပေါ်၌ အပြုံးများ ပျောက်ကွယ်သွားသည်။

ယခင်က ကျန်းကျန်းကျွန်းနှင့်လည်းကောင်း၊ လင်ကျင်းပေနှင့်လည်းကောင်း၊ ဆေးဆရာကြီး ဟိုကျိုးကြင်နှင့်လည်းကောင်း စကားများများ ပြောတတ်သည့် ထန်ဟန့်သည် လုံးဝ စကားမပြောတော့ဘဲ တွေးပဲ တွေးနေတော့သည်။



ထိုအခါ ဟိုကျိုးကြင့်၊ လင်ကျင်းပေနှင့် ကျန်းကျန်းကျွန်းတို့သည် ထိတ်လန့်လာကြလေသည်။ ကင်းစောင့်တာဝန်ကျသော ဓားပုံ ဂိုဏ်းသား လေးယောက်အားလည်း အကြိမ်ပေါင်းများစွာ သတိပေးနေလေသည်။

"သတိမလစ်နဲ့၊ ရန်သူတွေကို သတိထား၊ ရန်သူတွေ စုစည်းနေပြီ၊ ခင်ဗျားတို့ သတိဝီရိယထားမှ အတော်ပဲ ဖြစ်လိမ့်မယ်"

ညနေတိုင်းပင် မှောင်စပျိုးသည်နှင့် ထန်ဟန့်သည် မြို့ထဲသို့ သွားတတ်သည်။

ထို့နောက် အချိန်မတော် ပင်ပန်းနွမ်းနယ်စွာ ပြန်လာလေ့ရှိသည်။

အပေါင်းအသင်းများက ...

"ထန်ဟန့် အခြေအနေ ဘယ်လိုရှိသလဲ"

ဟု မေးလျှင်လည်း မဖြေချေ။

"မင်းနဲ့ အဖော်လိုက်မယ်"

ဟု ပြောပြန်လျှင်လည်း ထန်ဟန့်က လက်မခံပြန်ချေ။

စတုတ္ထမြောက်နေ့တွင် သူသည် အိမ်ထဲတွင်ရှိသော သိုင်းသမား အားလုံးကို စုစည်းခေါ်ငင်လိုက်၏။

"ကျွန်တော် အလွန်အရေးကြီးတဲ့ ကိစ္စတစ်ခုကို စီစဉ်နေပါတယ်၊ ခင်ဗျားတို့အားလုံးက ကျွန်တော့်စီမံချက်ကို နာခံ မ,နာခံ သိချင်ပါတယ်"

ဤတဲထဲတွင် စုစည်းနေကြသော သိုင်းသမားများမှာ သစ္စာရှိသော သိုင်းသမားများ ဖြစ်ကြသည်။ အမှန်တရားဘက်မှ ရပ်တည်ကြသူများ ဖြစ်ကြသည်။

ဒုစရိုက်မှုများကိုလည်း ရွံ့မုန်းကြသည်။

အသက်ကိုလည်း မက်မောနေကြသူများ မဟုတ်ချေ။

ဒုစရိုက်မှုများကို တိုက်ခိုက်ရင်း အသက်စွန့်လွှတ်ရဲသူများ ဖြစ်ကြသည်။

တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို မောင်နှမသဖွယ် တစိတ်တဝမ်းတည်း ရှိကြသည်။ အားလုံး သစ္စာရှိသူများ ဖြစ်ကြသည်၊ သူတို့အားလုံးသည် ယုံကြည်ချက် တစ်ခုတည်းသာ ရှိကြသည်၊

ထန်ဟန့်၏ သိုင်းပညာစွမ်းအား၊ ဉာဏ်စွမ်းအားသည် ကောင်းမှုအလုပ် တစ်ခုတည်းကိုသာ လုပ်နေခြင်းဖြစ်သည်ဟု ယုံကြည်ကြခြင်းပေတည်း။

ထင်ဟန့်က အလုပ်တစ်ခုကို ဦးစီးဦးဆောင် ပြုမည်ဆိုပါက သူတို့အားလုံး ထောက်ခံကြမည့်သူများပင် ဖြစ်သည်။



မိုးပျံကျွားသစ် အုံယန်ကျွန့်က ...

"ထန်ဟန့်ရာ ... ပြောစရာလိုသေးသလားကွာ၊ မင်း ကောင်းမယ်ထင်တာကို ငါတို့ လိုက်လုပ်နေကြတာပဲ၊ အခုလည်း ဘာပြောစရာ လိုသလဲ၊ လုပ်သာလုပ်ပါ၊ ငါတို့ မင်းရဲ့ အစီအမံအတိုင်း လိုက်နာပါ့မယ်"

"ကောင်းပြီ"

ထန်ဟန့်က ဆက်ပြောလေ၏။

"ကျွန်တော် ဒီမြို့ကလေးကို မလာခင်တုန်းက ရှန်ချင်မြို့မှာ အဆောက်အအုံ တစ်ခုနဲ့ ခြံလေးတစ်ခြံကို ဝယ်ခဲ့ပါတယ်၊ အိမ်ထောင်ပရိဘောဂတွေလည်း စုံစုံလင်လင် ရှိပါတယ်၊ အဲဒီခြံကလေးဟာ အခု ပိတ်ထားရပါတယ်၊ အခု ကျွန်တော်က ခင်ဗျားတို့အထဲက လူတစ်ချို့ အဲဒီမှာ သွားနေဖို့ စီစဉ်ထားပါတယ်"

လူအများသည် ထန်ဟန့် ဆက်ပြောမည့်စကားကို နားထောင်နေကြသည်။

ထန်ဟန့်၏ အစီအစဉ်ကို သူတို့ သိရှိကြပါသည်။ ဒဏ်ရာ [illegible]မှာ မပျောက်သေးသော ကျန်းကျန်းကျွန်း၊ တုံကျယ်ဖေးတို့ [illegible] ရှန်ချင်မြို့၌ သွားရောက်နေစေမည် ဖြစ်ပေသည်။

ယခု ဤမြို့၌ရှိနေလျှင် သိုင်းဘုရင်၏ လျှို့ဝှက်အဖွဲ့အစည်းက လာရောက်တိုက်ခိုက်နေမည်ကို စိုးရိမ်နေရသည်။

လူနာများကို ပြုစုစောင့်ရှောက်ရသည်က တစ်ဖက်၊ ရန်သူများကို ခုခံကာကွယ်ရသည်က တစ်ဖက်ဖြစ်နေလျှင် သူတို့ အကြီးအကျယ် ရှုံးနိမ့်မည်ကို ထန်ဟန့် စိုးရိမ်ပေသည်။

ထို့ကြောင့် ...

ဒဏ်ရာရထားသူများအတွက် သူ စိတ်အေးနေချင်ပေသည်။

ကျန်းကျန်းကျွန်းကို ပြုစုရန်မှာ လင်ကျင်းဖေသည် အသင့်တော်ဆုံး ဖြစ်သည်။

လင်ကျင်းဖေသည် ချစ်သူနှင့် နေထိုင်ရမည်ဖြစ်၍ မငြင်းဆန်တော့ပေ။

ကျန်းကျန်းကျွန်းနှင့် တုံကျယ်ဖေးတို့အား ကုသရန်ရှိနေသဖြင့် ဆေးဆရာကြီးမှာ အလိုအလျောက် သူတို့နှင့်အတူ လိုက်ပါသွားရပါသည်။

တုံကျယ်ဖေးအား ပြုစုရန်အတွက် ထန်ဟန့်က ချန်ဝမ်လန်အား လိုက်ပါသွားနိုင်းသည်။

သို့သော် ချန်ဝမ်လန်က ...



"ဟင့်အင်း ... ကျွန်မ လိုက်မသွားဘူး"

ထန်ဟန့်က ...

"ဘာဖြစ်လို့ လိုက်မသွားရတာလဲ"

"ကျွန်မ ဒီမှာနေခဲ့မယ်၊ ကျွန်မအစ်မ နှစ်ယောက်အတွက် ကျွန်မ လက်စားချေရဦးမယ်"

"မဟုတ်ပါဘူး၊ မင်းက ဘယ်သူ့ကို လက်စားချေဦးမှာလဲ၊ ဒါ လီစန်းဒါးကို လက်စားချေ သတ်ဖြတ်ပြီးပြီပဲ"

"တရားခံက လီစန်းဒါး တစ်ယောက်တည်းမှ မဟုတ်တာ၊ ခြောက်ယောက်တောင် ကျန်သေးတာပဲ"

"မင်း နေခဲ့ချင်တာက အဲဒီခြောက်ယောက်ကို သတ်ဖို့ပဲလား"

"အို ... ဘယ်သူနဲ့ဖြစ်ဖြစ် ကျွန်မ ဂရုမစိုက်ဘူး"

ထန်ဟန့်က မျက်နှာထားနှင့် ပြောလိုက်လေသည်။

"မင်း ဂရုမစိုက်ပေမယ့် ငါတို့ ဂရုစိုက်ရတယ်၊ မင်း ရန်သူဟာ ငါတို့ ရန်သူပဲ၊ ငါတို့ ရန်သူဟာလည်း မင်း ရန်သူပဲ၊ အခု သူ့ရန်သူ ငါ့ရန်သူ ခွဲခြားနေဖို့ မဟုတ်ဘူး၊ အားလုံး ဘုံရန်သူကို တိုက်ခိုက်ကြရမယ်"

ချန်ဝမ်လန်က ခေါင်းငိုက်စိုက်ကျသွားပြီး မျက်ရည်များ ကျဆင်းလာလေသည်။

သူသည် သူ့အစ်မများကို ချစ်ပါသည်။

သူသည် သူ့အစ်မများအတွက် လက်စားချေချင်သည်မှာလည်း အမှန်ဖြစ်ပါသည်။

သို့သော် ထန်ဟန့်က ကန့်ကွက်လျှင် သူမ လက်ခံမည်သာ ဖြစ်ပါသည်။

ယခု လူအများရှေ့၌ သူမအား မျက်နှာထိ မျက်နှာထားနှင့် ပြောဆိုခြင်းကိုမူ မခံနိုင်ချေ။ ရှိက်ကြီးတငင် ငိုနေသော ချန်ဝမ်လန်ကို လင်ကျင်းဖေက နှစ်သိမ့်လိုက်သည်။

"ညီမလေး ... မငိုနဲ့ တိတ်ပါ၊ ထန်ဟန့်ရဲ့စီမံမှုကို လက်ခံတာ မမှားပါဘူး၊ သူတို့က ဒီမှာ သေရေးရှင်ရေး တိုက်ခိုက်ကြရမှာ"

ချန်ဝမ်လန်က မျက်ရည်များသုတ်ရင်း ...

"အဲဒါကြောင့် ညီမ ဒီမှာနေ ခဲ့ချင်တာပါ အစ်မကြီးရယ်"

ချန်ဝမ်လန် ဤနေရာ၌ နေခဲ့ချင်ခြင်းမှာ ထန်ဟန့်အတွက် စိုးရိမ်၍ ဖြစ်ပေသည်။

ဤနေရာ၌ သေရေးရှင်ရေး တိုက်ခိုက်ကြမည်ကို သူ မသိပေ။

"မစိုးရိမ်ပါနဲ့ ညီမလေးရယ်၊ ထန်ဟန့်တို့ဟာ နေတတ် ထိုင်တတ်ပါတယ်၊ ဒီမှာရှိတဲ့လူတွေကလည်း ညီရင်းအစ်ကိုထက်



ချစ်ကြတဲ့ လူတွေချည်းမို့ တစ်စုံတစ်ရာဖြစ်ရင် အားလုံး ကျောချင်းကပ်မယ့် လူတွေချည်း ဖြစ်ပါတယ်"

ချန်ဝမ်လန် လိုက်ပါသွားရန် ခေါင်းညိတ်လိုက်ရတော့သည်။

လျူဖော့က ...

"ထန်ဟန့် ... ခင်ဗျားကို ကျုပ်ပြောထားမယ်၊ ကျုပ်တို့ လင်မယားကိုတော့ နှင်ထုတ်ဖို့ မကြိုးစားနဲ့ ... ဒါပဲ"

ထန်ဟန့် ရယ်မောလိုက်သည်။

"အေးပါ ... မင်းတို့ကို မောင်းမထုတ်ပါဘူး၊ ဒီတဲက ငါတို့ရဲ့ ဌာနချုပ်ပဲ၊ ဟိုကို သိုင်းသမားတချို့ သွားကြမယ်ဆိုတော့ ဒီမှာက အများစု ကျန်နေမှာ၊ ဒီမှာ စားရေးသောက်ရေးက အရေးကြီးသေးတယ်၊ အဲဒီတော့ မင်းတို့က ငါတို့ရဲ့ စားဝတ်နေရေးကို တာဝန်ယူရမယ်"

ထန်ဟန့်သည် ငွေသားငါးရာတိတိကို မုဆိုးချိုင်အော့ဟူအား ပေးလိုက်ပြီး ဤနေရာမှ ရှောင်ခိုင်းသည်။

သူ့တဲကို ထန်ဟန့်တို့က ယူလိုက်သည်။

ထန်ဟန့်က ချိုင်အော့ဟူအား ပြောလေသည်။

"ခင်ဗျား မြို့ထဲကို ပြန်မသွားနဲ့၊ မြို့ထဲကိုသွားရင် ဟိုကောင်

တွေက ခင်ဗျားကို မသင်္ကာတဲ့အကြည့်နဲ့ ကြည့်နေမယ်၊ တော
မှာပဲ တဲတစ်လုံးထိုးပြီးနေ ကြားလား၊ ခင်ဗျားကို ဒီမှာ မရှိစေချ
တာက တိုက်တယ် ခိုက်တယ် ဖြစ်ကြရင် ခင်ဗျားကို ထိခိုက်မိမှာ
စိုးလို့ဗျ၊ နားလည်ရဲ့လား"

"ဟုတ်ကဲ့၊ နားလည်ပါတယ်"

မုဆိုးချိုင်အောဟူက ပြောပြီးသည်နှင့် သူ့ပစ္စည်းကိရိယာများ
ကိုယူကာ ထွက်သွားလေတော့သည်။ သူ ထွက်သွားပြီး မကြာ
ကျွန်းကျွန်းကျွန်းနှင့် တုံကျယ်ဖေးတို့ ထွက်ခွာသွားရန် ပြင်ဆင်သည်

တုံကျယ်ဖေးနှင့် ကျွန်းကျွန်းကျွန်းတို့အား စောင့်ရှောက်ရ
စားပုံဂိုဏ်းသား အယောက်နှစ်ဆယ်ကို အစောင့်အရှောက်အဖြ
ထည့်ပေးလိုက်သည်။

ထိုသိုင်းသမားနှစ်ဆယ်သည် ရုပ်ဖျက်ပြီး ထိုမြို့မှ ထွက်ခွ
သွားကြလေတော့သည်။

ထို့နောက် ကောင်းကင်ကြီးတစ်ခုလုံး အုံ့မှိုင်းလာတော့သည်
မိုးတဖွဲဖွဲ ရွာချလာလေတော့သည်။

မိုးတဖွဲဖွဲ ရွာချခြင်းကြောင့် အရာဝတ္ထုများကို ဝိုးတဝါးသ
မြင်ရတော့သည်။



"ကောင်းတယ်၊ ဒီလို မိုးတဖွဲဖွဲရွာမှ ကျွန်းကျွန်းကျွန်းတို့
ဒီမြို့က ထွက်သွားတာကို ဘယ်သူမှသိကြမှာ မဟုတ်ဘူး"

အုံယန်ကျွန့်က ပြောလိုက်သည်။

ယခုအခါ သိုင်းသမားဆယ့်တစ်ယောက်သာ ကျန်ရှိတော့
သည်။ မီးခဲထန်ဟန့်၊ မိုးပုံကျားသစ်၊ ယိစုသူဌေးသား ရဲ့ယိယဲ့၊
ကျင်လင်သူဌေးသား ဇွန်းလူယိ၊ စားပုံဂိုဏ်းမှ သိုင်းသမားလေး
ယောက်ဖြစ်သော နံပါတ်တစ်စားသမား ချောင်လူမိန်း၊ နံပါနှစ်စား
သမား လျှိုရောက်တန်၊ နံပါတ်သုံးစားသမား ဝန်လျံယိနှင့် နံပါတ်
လေးစားသမား ချင်းချင်းဟုန်တို့ ဖြစ်ကြလေသည်။

စားပုံဂိုဏ်း စားသမားလေးယောက်မှာ ဂိုဏ်းချုပ်ကြီး တုံကျယ်
ဖေးပြီးလျှင် ဒုတိယအကြီးဆုံးသော လူလေးယောက် ဖြစ်လေသည်။

သူတို့သည် နံပါတ်စဉ်အလိုက် ကြီးစဉ်ငယ်လိုက် ဖြစ်ကြ၏။
စားပညာလည်း ထက်ထက်မြက်မြက် ရှိကြသည်။ သူတို့လေးယောက်
သည် တုံကျယ်ဖေးနှင့် ကျွန်းကျွန်းကျွန်းကို ကယ်ထုတ်ခဲ့ကြသူများ
ဖြစ်သည်။

လျှို့ဝှက်အဖွဲ့အစည်းမှ သိုင်းသမားတစ်ယောက်မှ တစ်ပါး
အားလုံးကို အသေသတ်ပြီး ကျွန်းကျွန်းကျွန်းတို့ကို ကယ်ထုတ်နိုင်
ခဲ့သည်။

ထန်ဟန့်သည် ယခု ရှိနေသူများအားလုံးကို စိတ်တိုင်းကျ သည်။ သူ့အား နောက်ဆံတင်းစေမည့် လူနာများလည်း မရှိတော့ပြီ မဟုတ်ပါလား။

* * *

## အခန်း (၃၂)

## မိကြိုးဘုန်းတော်ကြီး

ထန်ဟန့်တို့အားလုံးသည် စားသောက်ပြီးပြီဖြစ်၍ လျှူဖော့တို့ လင်မယားက ပန်းကန်လုံးများကို သိမ်းဆည်းကာ တဲအတွင်း လှည်း ကျင်းလိုက်သည်။

ထိုအခါကျမှ ထန်ဟန့်သည် လွန်ခဲ့သည့်သုံးရက်က သူ လုပ် ဆောင်ခဲ့သော အလုပ်များကို ပြောပြလေတော့သည်။

"ကျွန်တော် နေရာသုံးခုကို အတိအကျ လိုက်လံစုံစမ်းခဲ့ခြင်း ဖြစ်ပါတယ်၊ သုံးနေရာစလုံး ထူးခြားချက်တွေ ရှိနေပါတယ်"

သူသည် ဝူချီပွတ်ရှီလို၊ ချန်ချင်းကုံး ရသေ့ကျောင်းနှင့် ဘုံ ကျောင်းတို့ကို စုံစမ်းခဲ့ခြင်း ဖြစ်ပါသည်။ ထိုသုံးနေရာကို စုံစမ်းပြီး သော် အောက်ပါအချက်အလက်များကို သတင်းအဖြစ် ရရှိခဲ့သည်။

ပထမသတင်းမှာ သိုင်းဘုရင်ကြီး ဤမြို့သို့ ရောက်ရှိနေသည်။ ဒုတိယသတင်းမှာ သိုင်းဘုရင်ကြီး၏ နောက်လိုက်နောက်ပါများ အစုံအလင် ရောက်ရှိနေသည်။

၎င်းတို့မှာ လက်ဝဲရံအမတ်ကြီး ပိုင်တန်းထိန်း၊ လက်ယာရံ အမတ်ကြီး ငါးမျှားတံသိုင်းသမား ယိထိုင့်ဖိန်၊ ၎င်းအဖွဲ့၏ အကြီးအကဲဖြစ်သော အုအိတုံ၊ လိပ်ပြာသိုင်းသမား ရှားတောင်လို၊ သိုင်းဘုရင်ကြီး၏ ကိုယ်ရံတော် ရှန်ကျိုးရသေ့ အိမ်ခြံ၊ လက်ယာရံ လက်ဝဲစစ်သူကြီးများ၊ ဆူးနဂါး တုကူဝေနှင့် မီးနဂါး တုကူးလျှပ်၊ အမည်မသိသော မျက်စိတစ်ဖက်လပ် အဘိုးအိုတို့ ဖြစ်ကြလေသည်။

တတိယအချက်မှာ ကျင်းရှင်းစေတမန် သုံးယောက်ဖြစ်ကြသော ဟိုပင်သူဌေးသား မိန်ရန်နှင့် မြောင်အမျိုးသမီး နှစ်ယောက်၊ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် စသော လူသတ်သမား အယောက်သုံးဆယ်တို့ ဖြစ်ကြ၏။

ထန်ဟန့်က …

"ကျွန်တော် စုံစမ်းလာတဲ့ အချက်တွေကတော့ အဲဒါပဲ ဖြစ်ပါတယ်၊ မပြီးသေးပါဘူး၊ သိုင်းဘုရင် အဖွဲ့အစည်းရဲ့ ထုတ်ပြန်ထားတဲ့ ကြေညာချက်ကို ကျွန်တော် ပြောပြပါဦးမယ်၊ 'ကျွန်ုပ်တို့



အား လိုက်လျောသူသည် အသက်ရှင်မည်၊ ကျွန်ုပ်တို့အား ဆန့်ကျင်သောသူသည် သေမည်'ဆိုတဲ့ ကြေညာချက်ကို ထုတ်ပြန်ထားတော့ မြို့သူမြို့သားတွေဟာ ဒီအဖွဲ့အစည်းကို ကြောက်ရွံ့နေကြပါတယ်"

ထန်ဟန့်က ဆက်ပြောလေ၏။

"ကျွန်တော် စုံစမ်းခဲ့ရသလောက်တော့ ဒီသိုင်းဘုရင်ဆိုတဲ့လူဟာ အရင်က တိဗက်မှာနေထိုင်ခဲ့တဲ့ မိကြိုးဘုန်းတော်ကြီးနဲ့ မိတ်ဆွေ ဖြစ်ခဲ့ဖူးတယ်လို့ သိရပါတယ်၊ မိတ်ဆွေဆိုပေမယ့် မိတ်ဆွေစစ် မဟုတ်ပါဘူး၊ မိတ်ဆွေတုပါ"

သူသည် ဘုန်းတော်ကြီး လေ့ကျင့်နေတဲ့ ဝူရှန့်သိုင်းပညာကို လိုချင်နေသော မိတ်ဆွေတု ဖြစ်သည်။ ဘုန်းတော်ကြီးထံတွင် ဝူရှန့်သိုင်းကျမ်း ရှိသည်။ ထိုသိုင်းကျမ်းကို ရရှိရန် ဘုန်းတော်ကြီးကို လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ခဲ့သည်ဟု ထန်ဟန့်က ပြောပြသည်။

"သူဟာ ဘုန်းတော်ကြီးကို လုပ်ကြံသတ်ဖြတ်ဖို့ ကြံစည်ခဲ့တယ်၊ သူ့အကြံအစည် မအောင်မြင်ပါဘူး၊ ဘုန်းတော်ကြီး တိုက်ခိုက်တာကြောင့် သူဟာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားတယ်၊ ကံကောင်းထောက်မပြီး မသေခဲ့ပါဘူး၊ သူ ထွက်ပြေးလွတ်မြောက်သွားတယ်"

သိုင်းဘုရင်ဆိုသူသည် ဘုန်းတော်ကြီးနှင့် မိတ်ဆွေဖြစ်ခဲ့စဉ်က ဝူရှန့်သိုင်းပညာကို လေ့ကျင့်ခဲ့ဖူးသည်။

သို့သော် ...

ထိုသိုင်းပညာ၏ အဆီအနှစ်ကိုတော့ မကျင့်ခဲ့ရပေ။ ပို၍ အဆင့်မြင့်သော သိုင်းပညာရပ်များကို မလေ့ကျင့်ခဲ့ရပေ။

သူသည် လွန်စွာ မခံချိမခံသာ ဖြစ်နေ၏။ အဆင့်မြင့် ဝူရှန့်သိုင်းညာပကို သူ လေ့ကျင့်ချင်သည်။ သူသည် ဘုန်းတော်ကြီးကို လှုပ်ကြဲတော့သည်။

ထန်ဟန့်က ဆက်လက်ပြောပြလေ၏။

"မိကြိုးဘုန်းတော်ကြီးဟာ သက်တော်ကြီးရင့်နေပြီ ဖြစ်ပါတယ်၊ သူဟာ မကြာခင် ပျံလွန်တော်မူတော့မယ်ဆိုတာ သိနေပါတယ်၊ သူဟာ မိကြိုးဂိုဏ်းရဲ့ ဝူရှန့်သိုင်းပညာ မတောက်တခေါက် တတ်သွားတဲ့ သိုင်းဘုရင်ကို တကယ်စိုးရိမ်ခဲ့တယ်၊ သိုင်းလောကကို ဒုက္ခပေးမယ်လို့လည်း ယုံကြည်ခဲ့တယ်၊ ဒါကြောင့် ဘုန်းတော်ကြီးဟာ သူ့သိုင်းပညာ ဆက်ခံနိုင်မယ့်သူကို ရှာဖွေရတော့တယ်၊ သူဟာ တပည့်တစ်ယောက်ကို တွေ့တယ်၊ အဲဒါနဲ့ မွေးလိုက်တယ်၊ အဲဒီလူကတော့ ကျွန်တော် ထင်ဟန့်ပါပဲ"

ထန်ဟန့်သည် ဘုန်းတော်ကြီး၏ တစ်ဦးတည်းသောသား တပည့် ဖြစ်သည်။



ထိုသတင်းကို ဘုန်းတော်ကြီးက လျှို့ဝှက်ထားနိုင်ခဲ့သည်။

သိုင်းဘုရင်သည် ဘုန်းတော်ကြီးတွင် တပည့် ရှိ မရှိကို အသေအချာ မသိပေ။

သူနှင့်ခွဲခွာပြီးနောက် ဘုန်းတော်ကြီးသည် တပည့်တစ်ယောက် မွေးမည်ဟု သူ ယုံကြည်ခဲ့သည်။ သူသည် နောက်ပေါက်လူငယ် သိုင်းသမားများအား စုံစမ်းနေခဲ့သည်။ ထိုလူငယ်များထဲတွင် ထန်ဟန့်သည် ထူးခြား ပေါ်လွင်နေသည်။

ဤလူငယ်သည် မိကြိုးဆရာတော်၏ တပည့်များ ဖြစ်နေလေမလားဟု သံသယ ရှိခဲ့သည်။

ထို့ကြောင့် သူသည် ထန်ဟန့်ကို မည်သည့်ဂိုဏ်းမှတပည့် ဖြစ်သည်ကို အပြင်းအထန် စုံစမ်းနေခြင်း ဖြစ်သည်။ ထင်ဟန့်သည် အခြေအနေ အရပ်ရပ်ကို ရှင်းပြလိုက်လေ၏။ သူသည် ဆက်လက်၍ ရှင်းပြသည်။

သူ၏ဆရာရင်းမှာ ယောပိုင်အဘိုးအို ဖြစ်သည်။ ယောပိုင်အဘိုးအိုသည် သူ၏ငယ်ဆရာ ဖြစ်သည်။ သို့သော် ကံကြမ္မာဖန်တီးမှုကြောင့် မိကြိုးသိုင်းဂိုဏ်းမှ ဘုန်းတော်ကြီးနှင့် အမှတ်မထင် ဆုံတွေ့ခဲ့ကြရခြင်း ဖြစ်သည်။

ဘုန်းတော်ကြီးသည် ထန်ဟန့်ကို ချက်ချင်း တပည့်အဖြစ် မွေးသည် မဟုတ်ပေ။

ထန်ဟန့်၏ စိတ်နေစိတ်ထား၊ ဉာဏ်ပညာ ထက်မြက်မှုနှင့် အနေအထိုင် ကောင်းမွန်မှုတို့ကို လေ့လာပြီးသောအခါမှ တပည့်အဖြစ် လက်ခံခြင်း ဖြစ်သည်။

ဘုန်းတော်ကြီးသည် မိကြိုးသိုင်းဂိုဏ်းမှ အကောင်းဆုံးသော ဝူရှန့်သိုင်းပညာကို သင်ပေးပြီး မိကြိုးဂိုဏ်း၏ နောက်ဆုံးတပည့် အဖြစ် အသိအမှတ်ပြုခဲ့ခြင်း ဖြစ်ပေသည်။

ဘုန်းတော်ကြီး ပျံလွန်တော်မူခါနီးသောအခါ ဘုန်းတော်ကြီးသည် ထန်ဟန့်ကိုခေါ်သည်။ ထန်ဟန့် လုပ်ဆောင်ရမည့် လုပ်ငန်းများကို ချမှတ်ပေးခဲ့သည်။

ဘုန်တော်ကြီး မှာကြားခဲ့သည့် အချက်အလက်များ၏ အချုပ်မှာ ကိုယ်ကျိုးမကြည့်၊ အများအကျိုးကို ကြည့်ရန်ပင် ဖြစ်သည်။

သို့ရာတွင် အရေးအကြီးဆုံးသော အချက်တစ်ခုကိုကား အသေအချာ မှာကြားခဲ့လေသည်။ သိုင်းဘုရင်သည် ဝူရှန့်သိုင်းပညာကို မတောက်တခေါက် တတ်သွားခဲ့သူဖြစ်၍ သိုင်းဘုရင်သည် ဒုစရိုက် လုပ်ငန်းများ ပြုလုပ်မည်ကို သူ စိုးရိမ်မိလေသည်။



သိုင်းဘုရင် ဒုစရိုက်မှုများ မပြုလုပ်လျှင် ခွင့်လွှတ်လိုက်ရန်၊ ဒုစရိုက်မှုမှား ပြုလုပ်လျှင် သိုင်းဘုရင်ကို ရှင်းလင်းပစ်ရမည်ဟု မှာကြားခဲ့လေသည်။

သိုင်းဘုရင်သည် မိကြိုးဘုန်းတော်ကြီး မကွယ်လွန်မီက ဘာမှု မလုပ်ချေ။

အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက်ပင် နေလေသည်။

မိကြိုးဘုန်းတော်ကြီး ပျံလွန်တော်မူသည်ဟု ကြားပြီးသောအခါ လျှို့ဝှက်အဖွဲ့အစည်းတစ်ခုကို ထူထောင်လိုက်လေသည်။

သူသည် သိုင်းလောကရှိ ဒုစရိုက်သမားကို စုစည်းပြီး ရှိရှိသမျှ ဒုစရိုက်မှုများကို ပြုလုပ်လေတော့သည်။

သိုင်းဘုရင်က လျှို့ဝှက်အဖွဲ့အစည်းကို တည်ထောင်သည်မှာ အရှိန်ရနေပြီးမှ ထင်ဟန့်က ဖျက်ဆီးရမည် ဖြစ်သဖြင့် ထန်ဟန့် အဖို့ မလွယ်ကူပါချေ။

ထိုအဖွဲ့အစည်းက အင်အား တောင့်တင်းလှသည်။

ထန်ဟန့်က တစ်ယောက်တည်းဖြစ်သည်။

ယခုမှ သူ့ဘက်က အင်အားအနည်းငယ် စုစည်းနိုင်ခြင်းဖြစ်သည်။

ထင်ဟန့်သည် အင်အားကြီးမားသော အဖွဲ့အစည်းကြီးကို အန်တုဖက်ပြိုင် ရင်ဆိုင်ရမည်ဖြစ်သဖြင့် လျှို့ဝှက်စွာ လုပ်ဆောင်ရပေမည်။

ထိုအဖွဲ့အစည်း မပြိုမလဲမချင်း မိမိအသက်ရှိသရွေ့ တိုက်ဖျက်သွားပါမည်ဟု ကတိသစ္စာ ပြုခဲ့ရပေသည်။

ထိုအဖွဲ့အစည်းကြီးမှာ အလွန်အင်အားကြီးမားလာသဖြင့် အတော် အတင့်ရဲလာသည်။ သူတို့ အဖွဲ့အစည်းအား ဆန့်ကျင်သူများသည် လွင့်စဉ်ကြေမွ ပျောက်ကွယ်သွားကြရသည်။

သူတို့၏ ရည်မှန်းချက်မှာ သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးချုပ်ကိုင်ရန် ဖြစ်၏။

သူသိကိုယ်သိဆိုမှ တိုက်ပွဲကို အောင်နိုင်မည်ဟု စွန်းကျိုဆိုသော စစ်ပါရဂူကြီးက ရေးသားခဲ့သည်။

ထန်ဟန့်က ...

"စွန်းကျိုရဲ့အဆိုအရ ကျွန်တော်ဟာ သူတို့ရဲ့အင်အားကို စုံစမ်းလေ့လာခဲ့ပါတယ်၊ သူတို့ရဲ့ အင်အားဟာ အင်မတန် ကြီးပါတယ်၊ သူတို့ ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ အချိန်ကာလကလည်း ကြာပြီ မဟုတ်လား၊ အင်အားတောင့်တင်းတာပေါ့"



ထန်ဟန့်က ဆက်ပြော၏။

"သူတို့ရဲ့ အဓိကအင်အားကိုပဲ တွက်၊ ကျွန်တော်တို့ထက် ငါးဆကျော်ကျော် ခြောက်ဆလောက် များနေတယ်၊ ဒီလောက်များတဲ့ ရန်သူကို ထိပ်တိုက်ရင်ဆိုင်ရင် ကျောက်တောင်ကို ဦးခေါင်းနဲ့တိုက်သလို ကျွန်တော်တို့ပဲ ဆုံးရှုံးရမှာပဲ၊ ကျွန်တော်တို့ဘက်က တစ်ယောက်မှတောင် ကျန်မှာမဟုတ်ဘူး၊ ဒါကြောင့် ကျွန်တော်တို့က ပရိယာယ်သုံး တိုက်ရမယ်၊ စစ်သဘောတရားအရတော့ ပြောက်ကျားပရိယာယ်ပေါ့"

ထိုစကားကြောင့် အားလုံး ငြိမ်သက်သွားကြသည်။ စိတ်လေးလံလာသလို ဖြစ်လာကြသည်။ ထန်ဟန့် ပြောသောစကားများမှာ အမှန်များဖြစ်ကြောင်း သူတို့ သိရှိကြ၏။

ရန်သူများမှာ အင်အားများပြားရုံမက သိုင်းပညာအဆင့်မြင့်သူများ များစွာ ပါဝင်နေသည်။

လက်ဝဲရံစစ်သူကြီးနှင့် လက်ယာရံ စစ်သူကြီးများ၏ လျှို့ဝှက်လက်နက်ပုန်းများသည် သိုင်းလောက၌ ကြောက်စရာအကောင်းဆုံးဖြစ်သည်။

မထိလိုက်နှင့် ထိမိလျှင် ငရဲပြည်ရောက်သွားသည်ထက် ဆိုးပေလိမ့်မည်။

ထို့ပြင် လက်ဝဲရံအမတ်ကြီးနှင့် လက်ယာရံအမတ်ကြီးတို့ကလည်း သိုင်းဘုရင်ကြီးအား လိုအပ်သောအကြံဉာဏ်များ ပေးနေကြသည်

သူတို့၏ အကြံဉာဏ်များကလည်း ကောင်းမွန်လှသဖြင့် သူတို့အဖွဲ့အစည်း တိုးတက်ဖို့ပင် ဖြစ်နေသည်။ ကိုယ်ရံတော် ရှင်ကျိုးရသေ့ အိခြိမှာလည်း သိုင်းဘုရင်ကြီး မျက်နှာလွှဲရသူပင်။

ဦးစီးကြီးကြပ်ရေးမှူး နှစ်ယောက်နှင့် ကျင်းရှင်းစေတမန် သုံးယောက်တို့မှာလည်း သိုင်းပညာရော အကြံဉာဏ်ရော ပေးနိုင်စွမ်းရှိကြသူများပင်။

အဆင့်ဆင့်သော လူသတ်သမားများမှာလည်း ကြောက်စရာကောင်းလှသည်။

လျှို့ဝှက်အဖွဲ့အစည်း၏ လူသတ်သမားများသာ မဟုတ်၊ လီစန်းဒါးကဲ့သို့ လက်အောက်ခံ သိုင်းသမားတစ်ယောက်တွင်ပင် ပထမတန်းစား၊ ဒုတိယတန်းစားနှင့် တတိယတန်းစားများ ရှိနေပေသေးသည်။

ထန်ဟာန့်တို့ဘက်မှ လူဆယ်တစ်ယောက်က ထိုမျှအင်အားတောင့်တင်းသော အဖွဲ့အစည်းကို မည်သို့ ယှဉ်ပြိုင်နိုင်ပါမည်နည်း၊



သူတို့အားလုံးသည် သိုင်းဘုရင်၏ အဖွဲ့အစည်းအကြောင်းကို အနည်းအများ သိရှိကြပြီး ဖြစ်၍ သူတို့ မည်သို့ ယှဉ်ပြိုင်မည်နည်းဟု တွေးတောနေကြလေ၏။

ထိုအခါ မိုးပျံကျားသစ် အုံယန်ကျွန့်က လက်ထောင်ကာ …

"အားလုံးပဲ ခဏနားထောင်ကြပါ၊ ငါ စကားနည်းနည်းပြောစရာရှိပါတယ်"

ကောင်းလိန်ဖုန်းက …

"ပြောပါ … ပြောပါ … အားလုံးပဲ နားထောင်နေကြပါတယ်"

အုံယန်ကျွန့်က ထန်ဟာန့်ကို ကြည့်လိုက်သည်။

"ထန်ဟာန့် မင်း ထိုင်ယွန်သူဌေးကြီး ကျင်းမန်လိုကို မင်းဖိတ်ထားတယ် မဟုတ်လား၊ သူ့ကို အရိပ်အယောင်ကို မတွေ့ရဘူး၊ ဘာဖြစ်လို့ မလာတာလဲ"

ထန်ဟာန့်က …

"ကျွန်တော် ဆက်သားတစ်ယောက်ကို လွှတ်လိုက်တယ်၊ ဒါပေမယ့်လို့ အဲဒီဆက်သားက ကျင်းမန်လိုနဲ့ မတွေ့ခဲ့ရဘူး၊ သူတစ်နေ့ကပဲ ဒီမြို့က ထွက်သွားတယ်လို့ တည်းခိုခန်းစောင့်က ပြောလိုက်တယ်"

အုံယန်ကျွန့် စိတ်ပျက်သွား၏။

"ကောင်းရောကွာ ... အရေးရယ် အကြောင်းရယ် ဖြစ်လာပြီဆိုရင် အားလိုးလို့ မရတော့ဘူး၊ ငါတို့ သိုင်းလောကတော့ စိတ်ပျက်စရာပါကွာ"

ထန်ဟန့်က ...

"ကျွန်တော် သူ့ကို စိတ်မဆိုးပါဘူး၊ သူက ကျွန်တော့်ကို သတ်မယ်ဆိုတာ ကြိုတင်သိထားတာမှ မဟုတ်တာ၊ သူ့မှာက သားမယားနဲ့ သူဌေးကြီးတစ်ယောက်ပဲ၊ ကျွန်တော်တို့ ကိစ္စကို သူဝင်မစွက်ချင်တာလဲ ပါမယ်ထင်တယ်"

"သူကသာ ဝင်မစွပ်ချင်နေရမယ်၊ ဟိုအဖွဲ့အစည်းကတော့ သူ့ကို ဒီအတိုင်း လွှတ်ထားမယ် မဟုတ်ဘူး၊ သူဟာ အင်မတန်ချမ်းသာနေတာပဲ၊ သူ့ကို မျက်စိစပါးမွေးစူးနေမှာ အမှန်ပဲ"

အုံယန်ကျွန့်က ပြောလိုက်၏။ သူကဆက်ပြီး ...

"မင်းက အဲဒီလို ထင်နေလျက်နဲ့ ဘာကြောင့် သူ့ကို သွားဖိတ်ရတာလဲ"

ထန်ဟန့်က ရယ်မောလိုက်၏။

"ကျွန်တော် သူ့ကိုဖိတ်တာက သူ့ကို ပြောစရာရှိလို့ပါ



သူ့ရဲ့ ထိုင်ပွန်မှာရှိတဲ့ မြင်းမွေးမြူရေးခြံနဲ့ သူ့ရဲ့ စည်းစိမ်အားလုံးကို လိုချင်နေတဲ့ လူတစ်ယောက်ရှိတယ်လို့ ပြောမလို့ပါ၊ သူ့အိမ်ကို မြန်မြန်ပြန်နိုင်း၊ သူ့စည်းစိမ်ကို လိုချင်နေတဲ့လူကို တိုက်ထုတ်၊ အဲဒါကို ပြောမလို့ပါ"

အုံယန်ကျွန့် ဆံပင်များ ထောင်သွား၏။

"ဘယ်သူလဲ၊ သူ့စည်းစိမ်ကို လုယူမလို့ ကြံတဲ့လူဟာ ..."

"အုအိတုံလေဗျာ"

"ကဲ ... ငါပြောတယ် မဟုတ်လား၊ ဒီအဖွဲ့အစည်းက သူ့ကို မျက်စိစပါးမွေး စူးနေပါတယ်လို့၊ အုအိတုံဆိုတာ မင်း ဘယ်လိုလုပ်သိသလဲ"

"သူ့တပည့်နှစ်ယောက် အရက်မူးပြီး ပြောနေတာကို အမှတ်မထင် ကြားလိုက်ရတာပါ၊ အရက်မူးတော့ ကျွဲနိုးပေါ်တာပေါ့ဗျာ"

"မင်း နားပါးလှချည်လားကွာ"

"ဟုတ်ပါတယ်ဗျာ၊ ဝူရှန့် သိုင်းပညာကြောင့် ကျွန်တော် ဒီလောက် နားပါးရတာပါ"

ထိုအခါ မိုးပျံကျွားသစ်က အားလုံးကို ကြည့်လိုက်ပြီး ...

"ကဲ ... ကြားတယ် မဟုတ်လား၊ မင်းတို့အားလုံးနောက်ကို

သတိထားကြ၊ ထန်ဟန့်ကို မတွေ့ဘူး၊ မမြင်ဘူး၊ မရှိဘူးဆိုပြီး ဒီကောင့်အကြောင်း မကောင်းမပြောကြနဲ့၊ ဒီကောင်သိပ်နားပါးတယ်"

ထိုဟာသကြောင့် တဲတစ်တဲလုံး တဟားဟားနှင့် ပွဲကျသွားကြလေတော့၏။

သူတို့သည် ထိုအခါမှ အနည်းငယ် စိတ်ပြေလျော့မှု ရှိသွားကြသည်။

*　*　*

## အခန်း (၃၃)

## သိုင်းဘုရင်ဟူသည်

လမိုက်ညတစ်ည ဖြစ်၏။

သို့သော် ဝူချိုပွတ်ရှိလို၏ အပေါ်ထပ် ခန်းမကျယ်ကြီးမှာမူ မီးများ ထိန်ထိန်ညီးမျှ လင်းနေသည်။

အခန်းကြီးထဲတွင် စည်းစိမ်ခံနိုင်သော ပရိဘောဂများ ရှိကြလေ၏။

ထိုအခန်းထဲတွင် လူတစ်ယောက် ထိုင်နေသည်။ ထိုသူကို စတင်ပြောရခြင်းမှာ အဆင်အပြင်တွင် ထူးခြားနေသောကြောင့် ဖြစ်ပါသည်။

ထိုလူမှာ ငွေချည်ထိုးထားသည့် ပျော့အိသော အဝတ်အစားကို ဝတ်ဆင်ထားသည်။

ထိုလူ၏မျက်နှာတွင် သွေးရောင်လွှမ်းပြီး စိုပြည်သော အသားအရောင်ရှိလေသည်။

ရှည်လျားသွယ်တန်းသော မျက်ခုံးမွေးတစ်စုံအောက်တွင် စူးရှတောက်ပသော မျက်လုံးတစ်စုံ၊ သွယ်တန်းပေါ်လွင်သော နှာခေါင်း၊ ဝိပြားသော နှုတ်ခမ်းများပိုင်ရှင်သည် အေးဆေးသက်သာစွာ ထိုင်နေလေ၏။

ထိုလူသည် တကယ်တမ်းအားဖြင့် အသက်ခြောက်ဆယ်ခန့်ရှိပြီဖြစ်သော်လည်း နုပျိုမှုက အသက်ငါးဆယ်ခန့်ဟု အထင်မှားစေပေသည်။

ထိုလူ၏ခုံရှေ့တွင် တန်ဖိုးကြီး လက်ဖက်ခြောက် ခတ်ထားသော ရေနွေးကြမ်းအိုးတစ်လုံးနှင့် အကြမ်းပန်းကန်များ၊ သစ်သီးများထည့်ထားသော ပန်းကန်များ၊ အချိုအဆိမ့်မုန့်မျိုးစုံ ထည့်ထားသော ပန်းကန်များ တင်ထားသည်။

သူ့နောက်ဘက်တွင် လှပနုပျိုသော အခြေအရံမလေး နှစ်ယောက် ရပ်နေ၏။ သူတို့သည် လိုရာယူပေးရန် စောင့်နေကြခြင်း ဖြစ်ပါသည်။

ငွေချည်ထိုးအင်္ကျီ ဝတ်ဆင်ထားသူ၏ ဘယ်ဘက်တွင် တောက်ပြောင်သော အဝတ်အစားနှင့် ရသေ့တစ်ပါး ထိုင်နေသည်။



ထိုရသေ့သည် ရှန်ကျီးရသေ့ အိခြိဖြစ်သည်။ အိခြိသည် ရှိုကျိုးသော အမူအရာဖြင့် ငြိမ်ငြိမ်ကုပ်ကုပ်လေး ထိုင်နေလေသည်။

ငွေချည်ထိုးအင်္ကျီ ဝတ်ဆင်ထားသူကား ယနေ့ သိုင်းလောက၏ ထိပ်သီးဖြစ်သူ သိုင်းဘုရင်ကြီးပေတည်း။

ထန်ဟန့် စုံစမ်းရရှိသော သတင်းတို့မှာ အမှန်ပင် ဖြစ်ပါသည်။ သိုင်းဘုရင်ကြီး ဤမြို့သို့ ရောက်ရှိနေပါလေပြီ။ သိုင်းဘုရင်ကြီးသည် အလွန်နုပျိုလှ၏။ အလွန် အရွယ်တင်သည်။

အိခြိရသေ့ထက်စာလျှင် သိုင်းဘုရင်ကြီးမှာ နုပျို အရွယ်တင်လေသည်။

အိခြိသည် သိုင်းဘုရင်ကြီး၏ ကိုယ်ရံတော်သာ ဖြစ်လေသည်။

လက်ဝဲရံ၊ လက်ယာရံ အမတ်ကြီးများ၊ လက်ဝဲရံ လက်ယာရံ စစ်သူကြီးများထက် ရာထူးအားဖြင့် အနည်းငယ်နိမ့်သော်လည်း သိုင်းဘုရင်ကြီးသည် အိခြိနှင့်သာ ဆွေးနွေးညှိနှိုင်းလေသည်။

ထိုသို့ ဆွေးနွေးကြသော အကြောင်းအရာကို ကြည့်ပါဦး။

သိုင်းဘုရင်ကြီးက ...

"မင်း ဆိုလိုတာက လုံကျင်းညီအစ်မသုံးဖော် လုတယ်ဆိုတာ သာမန်မိန်းမတွေရဲ့ အလှမျိုးလို့ ဆိုတာပေါ့"

"ဟုတ်ပါတယ်ခင်ဗျာ၊ သူတို့ဟာ သာမန်ပဲလှတယ်လို့ ဆိုလိုတာပါ"

"သူတို့ထက် လှပတဲ့မိန်းမ ရှိသေးတယ်လို့ ဆိုလိုတာလား"

"ဟုတ်ကဲ့ … ရှိပါသေးတယ်"

"ဒါဆို လင်ကျွင်းဖေရဲ့ အလှကို ဘယ်ချောင်ထဲထားမလဲ၊ လင်ကျွင်းဖေကို အင်မတန်လှတယ်လို့ ပြောကြတယ်"

"ဟုတ်ကဲ့ … လှတော့ လှပါတယ်၊ ဒါပေမယ့် ဟို အမျိုးသမီးရဲ့ လှပမှုအဆင့်ကိုတော့ မမီသေးပါဘူး"

"ဒါဆို လုံ့ကျွင်းညီအစ်မ သုံးဖော်ကိုလည်း မျက်စိထဲမှာ ကြည့်လို့မရဘူးပေါ့၊ လင်ကျွင်းဖေကိုလည်း ကြည့်မရဘူးပေါ့၊ ဒီလောကမှာ ဒီလောက်လှတဲ့အမျိုးသမီး ရှိသေးလို့လား"

"အခု လောလောဆယ်တော့ ဒီမြို့မှာ တစ်ယောက်တည်း ရှိပါတယ်"

သိုင်းဘုရင်ကြီး၏မျက်နှာသည် တောက်ပလာ၏။ တတ်ကြွသော အမူအရာ ပေါ်လာသည်။

သူသည် ကိုယ်ကို မတ်မတ်ထိုင်လိုက်သည်။ အိမ်ဖြူထံသို့ ခါးကိုင်းလိုက်သည်။



အိမ်ဖြူကလည်း ဒါကိုပင် လိုချင်သည်။ သိုင်းဘုရင်ကြီး အလွန်တရာ စိတ်ဝင်စားမှ သူ့ရည်ရွယ်ချက် အောင်လေမည်။ ထန်ဟန့် ပြောသည်မှာ မှန်ပါသည်။

သိုင်းဘုရင်ကြီး စည်းစိမ်ခံစားစေရန် မိန်းမလှလေးများကို ရှာဖွေဖမ်းဆီးပေးရသူ ပန်းမှုဆိုးဖြစ်လေသည်။

သိုင်းဘုရင်ကြီးကတော့ ပန်းစားဘီလူး ဖြစ်လေသည်။

သိုင်းဘုရင်ကြီး …

"ဒီမိန်းမနာမည် ဘယ်သူလဲ … မြန်မြန်ပြောစမ်းပါ၊ ကျုပ်သိချင်လှပြီ"

လူယုတ်မာ အိမ်ဖြူက …

"ဝိန်းစုရဲ့မိန်းမလေ၊ ပေကျုန်စောင်လို့ခေါ်တယ်၊ လက်ဖျားခါလောက်အောင် လှတဲ့မိန်းမပါပဲ"

သိုင်းဘုရင်ကြီး စိတ်ပျက်သွား၏။

"ဝိန်းစုရဲ့မိန်းမ၊ သာမန်လူတစ်ယောက်ရဲ့ မိန်းမ"

"ဟုတ်တယ် … သာမန်လူတစ်ယောက်ရဲ့ မိန်းမပါပဲ၊ ဒါပေမယ့် လေးကိုင်းလို ကွေးညွတ်နေတဲ့ နှုတ်ခမ်း၊ လခြမ်းမျက်ခုံး၊ မျက်နှာ မဝိုင်းတဝိုင်းနဲ့ နတ်သမီးလို လှပပြီး အသားအရေလည်း

ချောမွေ့ နူညက်နေတယ်၊ နောက်ပြီး ကြာမျက်လုံးတစ်စုံလည်း ရှိတယ်၊ ခါးသေးရင်ချီ ပဒုမ္မာနီဆိုတဲ့ မိန်းမမျိုးပါပဲ"

ထိုစကားကို ကြားသောအခါ သိုင်းဘုရင်ကြီး၏ မျက်လုံးများမှာ တဖိတ်ဖိတ် တောက်ပလာပြန်၏။

သူသည် စိတ်လှုပ်ရှားလာသဖြင့် ငွေချည်ထိုးအင်္ကျီပင် တလှုပ်လှုပ်ဖြစ်လာသည်။

"အင်း ... ဒီလို မိန်းမမျိုးဆိုရင်တော့ ကျုပ်နဲ့ တွေ့ချင်ပါသေးတယ်"

ရသေ့ကြီးအိခြ၏ မျက်နှာတွင် ကျေနပ်သောအပြုံးကို ပြုံးလာလေ၏။

"ဘုရင်ကြီးသာ စိတ်ပါဝင်စားရင် ကျွန်တော်ဟာ ဒီမိန်းမကို ဘုရင်ကြီးရှေ့မှောက် အရောက်ခေါ်လာနိုင်ပါတယ်ခင်ဗျာ"

သိုင်းဘုရင်ကြီးသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။

"ဒီ မိန်းမလှလေး ဒီကို ရောက်နေပြီလား"

"ဟုတ်ကဲ့ ... ရောက်နေပါပြီ၊ အခုဆိုရင် ရေမိုးချိုးပြီး အမွှေးနံ့သာ ခြယ်သပြီးလောက်ပါပြီ၊ ဘုရင်ကြီးနဲ့အတူ ထမင်းစားဖို့ အသင့်စောင့်နေလောက်ပါပြီ"



သိုင်းဘုရင်ကြီးသည် အလွန်စိတ်လှုပ်ရှားသွား၏။ သူသည် စိတ်လှုပ်ရှားမှုကို ပပျောက်စေရန် လေကို တဝကြီး ရှူသွင်းလိုက်၏။

"အိခြ ... မင်း မှတ်မိလား၊ ဟိုတစ်ခါက မင်းဟာ ကျုပ်ဆီက တောင်းဆိုချက်တစ်ခု တောင်းဖူးတယ်"

"ဟုတ်ကဲ့ ... ကျွန်တော် ကောင်းကောင်းမှတ်မိပါတယ်၊ ဒီတောင်းဆိုချက်ကို တို့အဖွဲ့အစည်းထဲက လူတစ်ဦးက ဆန့်ကျင်ခဲ့ဖူးပါတယ်၊ ကျွန်တော်ဟာ အဖွဲ့အစည်းထဲမှာ အရာမရောက်တဲ့ လူတစ်ဦးဖြစ်လို့ ဒီတောင်းဆိုချက်ကို လက်လျှော့လိုက်ပါပြီ"

"ဒီကိစ္စနဲ့ပတ်သက်ပြီး ကန့်ကွက်သူက တို့အဖွဲ့အစည်းထဲက ဦးစီးကြီးကြပ်သူ၊ ရာထူးဆက်ခံထားတဲ့ လူတစ်ယောက်ပါ၊ သူတစ်ယောက်တည်း ဆန့်ကျင်တာပါ၊ ဒါပေမယ့် အားလုံးက ငြိမ်နေတော့ သူ့ကန့်ကွက်ချက်ကို ထောက်ခံသလို ဖြစ်သွားတာပေါ့၊ မများပါဘူး၊ တစ်ယောက်တည်းပါ"

အိခြက သိုင်းဘုရင်ကြီးအား ဆက်မမေးပါ၊ သူ့ တောင်းဆိုချက်ကို မည်သူ ကန့်ကွက်ခဲ့သည်ကို ဆက်မမေးပါ။

အဘယ့်ကြောင့်ဆိုသော် သိုင်းဘုရင်ကြီးသည် ဤမေးခွန်းကို ဆိုင်းမဆင့် ဗုံမဆင့်ဘဲ မေးလိုက်သည်ကို သူ သဘောပေါက်၍ ဖြစ်ပါသည်။

သူသည် သိုင်းဘုရင်ကြီးအား ပြန်လှန်မေးခွန်း မထုတ်ပါ။

အကြီးအကဲများသည် သူတို့အား ပြန်လှန်မေးခွန်း ထုတ်ခြင်းကို မကြိုက်နှစ်သက်ပါ။ ဤသည်ကို အိမ့်ခြံသိပါသည်။

သူ ယခုလုပ်ရမည့်အချက်မှာ သိုင်းဘုရင်ကြီးကို ယုယုယယ ပြုစုရမည့် အချက်တည်း။

အိမ့်ခြံသည် သိုင်းဘုရင်ကြီးကို ပြုစုလာခဲ့သည်မှာ နှစ်အတော်ကြာလာခဲ့ပြီ။

သူ့သခင် မည်သည့်အရာ ကြိုက်နှစ်သက်သည်၊ မည်သည့်အရာကို မကြိုက်နှစ်သက်ဆိုသည်ကို သူ သိပြီးဖြစ်ပါသည်။ သိုင်းဘုရင်ကြီးက ဆက်၍ ပြောလိုက်သည်။

"ဆန့်ကျင်တဲ့လူက စန့်ဟာစင်းပါပဲ"

သူသည် တစ်ယောက်တည်း ဆက်ပြောနေသည်။

"အခုတော့ စန့်ဟာစင်း သေသွားပါပြီ၊ ကျုပ် အခု ပြန်စဉ်းစားမိတယ်၊ တစ်ပြည်လုံး နေရာအနှံ့ စုစုပေါင်း သုံးဆယ့်ခြောက်နေရာမှာ အသီးသီးဖွင့်လိုက်ရင် ကျုပ်တို့အတွက် အစစအရာရာ အဆင်ပြေနိုင်တယ်ဆိုတာ ကျုပ် တွေးမိတယ်၊ ဌာနခွဲတွေရှိတော့ အဲဒီမှ ဘာဖြစ်သလဲဆိုတာ ချက်ချင်း သိရတယ်၊ ချက်ချင်း ကူညီနိုင်တယ်၊ အကျိုးတွေ တော်တော်များပါတယ်"



သူ ဆက်ပြောသည်။

"မင်း ပေးတဲ့အကြံပြုချက်ကို မင်း တောင်းတုန်းက ကျုပ်က မငြင်းချင်ပါဘူး၊ ဒါပေမယ့် စန့်ဟာစင်းက ထပြီး ကန့်ကွက်တယ်၊ နောက်တစ်ခု ကောင်းတာက သုံးဆယ့်ခြောက်မြို့မှာရှိတဲ့ ကုန်းလမ်း၊ ရေလမ်းတွေကို ငါတို့ အဖွဲ့အစည်းက ချုပ်ကိုင်နိုင်ရင် တို့အင်အား ပိုတိုးတက်သွားနိုင်တယ်၊ ပင်ရင်းမှာရှိနေတဲ့ သိုင်းအဖွဲ့တွေကိုလည်း အကဲခတ်နိုင်တယ်၊ တော်ရုံတန်ရုံ သိုင်းအဖွဲ့တွေကို ဝါးမျိုနိုင်တယ်"

"ဟုတ်ကဲ့ ... သိုင်းဘုရင်ကြီးရဲ့ အားပေးမှုကို ကျွန်တော် ကျေးဇူးတည်ပါတယ်ခင်ဗျာ"

"မင်းရဲ့ အကြံပြုချက်ကို ကျုပ် လေ့လာသုံးသပ်ပြီး အခု အမိန့်ပေးလိုက်တယ်"

"ပြောပါခင်ဗျာ"

"မင်းရဲ့ အကြံပြုချက်ကို အများသိအောင် ကြေညာလိုက်ပါ"

"ဟုတ်ကဲ့"

"မင်းရဲ့အကြံပြုချက်ကို ကျုပ် ထောက်ခံတယ်ဆိုတဲ့အကြောင်းလည်း ထည့်ရေးလိုက်ပါ"

"ဟုတ်ကဲ့ခင်ဗျာ"

"မြို့သုံးဆယ့်ခြောက်မြို့မှာ သုံးဆယ့်ခြောက်ဌာနခွဲတွေ တည်ထောင်ရမယ်၊ အဲဒီ ဌာနခွဲ သုံးဆယ့်ခြောက်ခုကို တိုက်ရိုက် အမိန့်ပေးနိုင်တဲ့အာဏာ မင်းကို ပေးအပ်လိုက်မယ်၊ မင်းကို လက်ဝဲရဲ လက်ယာရဲ ဘယ်အမတ်ကြီးတွေကမှ အမိန့်မပေးနိုင်ဘူး၊ မင်းဟာ ငါ့ရဲ့အမိန့်ကိုပဲ နာခံရမယ်၊ ငါဆိုလိုတာကို မင်း သဘောပေါက်တယ် မဟုတ်လား"

"ဟုတ်ကဲ့ … ကျွန်တော် သဘောပေါက်ပါတယ်ခင်ဗျာ၊ ကျွန်တော့်ကို ခုလို ဆုချီးမြှင့်တဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ"

"အင်း … ချီးမြှောက်သည့်တဲ့လူကို ချီးမြှောက်ရမှာပေါ့၊ မင်းဟာ ကျုပ် အကျိုးကိုဆောင်ခဲ့တာ များပြီပဲ"

ရန်ကျီးရသေ့သည် ထ၍ အော်ချင်လောက်အောင် ဝမ်းသာသွားသည်။ သို့သော် သူသည် သူ၏ဝမ်းသာမှုကို ဖုံးကွယ်လျက် ရှိ့ရှိ့ကလေး ရယ်နေလေသည်။

* * *

# အခန်း (၃၄)

## မိန်းမလှ၏ ကွန်းခိုရာ

ဘုံကျောင်း …။

ဘုံကျောင်းထဲတွင် ကင်းသမားများ သတိရှိရှိ ကင်းစောင့်နေကြသည်။

ကင်းစောင့်နေသူများက များလှသဖြင့် ရန်သူဝင်လာလျှင်ပင် ရန်သူ၏ အရိပ်အသားကို ရှာနိုင်မည် မဟုတ်ချေ။

လူသတ်သမား အဆင့်အတန်း သုံးမျိုးသုံးစား ရှိသည်။

ပထမတန်းစား၊ ဒုတိယတန်းစား၊ တတိယတန်းစားဟူ၍ သုံးမျိုးသုံးစား ရှိသည်။ ဤ သုံးမျိုးသုံးစားရှိသည်။ ဤသုံးမျိုးသုံးစားထဲမှ လူအယောက်သုံးဆယ်သည် အသီးသီး ကင်းစောင့်နေကြသည်။ အခန်းများထဲတွင်မူ လက်ယာ၊ လက်ဝဲ စစ်သူကြီးနှစ်ယောက်

နှင့် ကျင်းရှင်းစေတာမန်သုံးယောက်တို့သည် တိုက်ခိုက်ရန် အဆင်သင့် ဖြစ်နေကြသည်။

အခန်းတစ်ခန်းထဲတွင်မူ အုအိတုံသည် ဆေးလိပ်ကို ပါးစပ် ဖြင့်ကိုက်ရင်း လက်နှစ်ဖက်နောက်ပစ်ကာ စင်္ကြံလျှောက်နေ၏။

သူ ခေါက်တုံခေါက်ပြန် လျှောက်နေသည်မှာ မရေတွက်နိုင် တော့ပေ။ ပါးစပ်ထဲက ဆေးလိပ်မီးသေနေသည်မှာလည်း ကြာပြီ။

သူ မျက်မှောင်ကြုတ်ထားသည်။ သူသည် တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေပုံရသည်။ ဆေးလိပ်ကတော့ မီးငြိမ်းနေပါ ပြီ။ သို့သော် သူ့ရင်ထဲတွင်မူ အခြားသော မီးတောက်တစ်ခုက တောက်လောင်နေသည်။

သူသည် စဉ်းစား၍ သဘောမပေါက်သော အကြောင်းတစ်ခု ရှိနေသည်။

၎င်းမှာ ယခုကဲ့သို့ အရေးကြီးလှသောအချိန်၌ ဝူချီပွတ်ရိုလ် ဘက်မှ ဘာမျှ အကြောင်းမပြန်ခြင်းပေတည်း။ မည်သည့်အကြောင်း များ ရှိနေသဖြင့် ငြိမ်ချက်သား ကောင်းနေရသနည်း။

ထန်ဟန့်တို့လူစု၏ အခြေအနေကို အုအိတုံသည် စုံစမ်းပြီး ပေပြီ။ ဤသို့ စုံစမ်းရာ၌ သူ့အဖို့ ငွေလည်း များစွာကုန်သည်။



လူလည်း ပင်ပန်းသည်။ ယခု ထန်ဟန့်၏ အခြေအနေကို သိထား ရချေပြီ။ တောင်ခြေတဲတစ်တဲတွင် ထန်ဟန့်တို့လူစု ခိုအောင်းနေ ကြသည်။

ဤသတင်းကို သူသည် ဝူချီပွတ်ရိုလိုသို့ သတင်းပို့ပြီးပြီ။

ထိုသတင်းကို ပို့ပြီးသည်နှင့် သူသည် သူ့လက်အောက်၌ ရှိသမျှလူအားလုံးကို အရေးပေါ်အဆင့်သင့် ပြင်ဆင်ထားနိုင်းသည်။

ဘုံကျောင်း၌ ကင်းအသီးသီး ချလိုက်သည်။

အရေးပေါ်အခြေအနေ ...။

သို့သော် ဝူချီပွတ်ရိုလိုမှ မည်သို့မျှ ပြန်ကြားချက် မလာပေ။ တိုက်ခိုက်ရန် စောင့်နေသောသူများမှာ စိတ်မရှည်ဘဲ ဖြစ်လာကြသည်။

သိုင်းဘုရင်ကြီး အမိန့်တစ်ချက် ပေးလိုက်သည်နှင့် လျှပ်တစ် ပြက်အချိန်အတွင်း သူတို့သည် ထန်ဟန့်တို့လူစုရှိရာသို့ အလျင်အမြန် သွားရောက်ပြီး အထပ်ထပ် ဝိုင်းမည်။

ထွက်လာသမျှလူကို အပြတ်ရှင်းမည်။ ရိုက်သတ်မည်။

သို့သော် ဝူချီပွတ်ရိုလိုမှ မည်သည့်ပြန်ကြားချက်မျှ မရချေ။ အုအိတုံသည် တဖြည်းဖြည်း ဒေါသပုန် ထလာနေလေပြီ။ အချိန်

သည် တဖြည်းဖြည်းကုန်ဆုံးသွားသည်။ သန်းခေါင်ယံသို့ပင် ရောက်ရှိနေချေပြီ။

နေဝင်မိုးချုပ်ကတည်းက ဝှူရှိုပွတ်ရှိလိုသို့ ဆတ်သားတစ်ယောက်ကို ထပ်မံ စေလွှတ်စေခဲ့သည်။ ထိုဆတ်သားသည်လည်း သန်းခေါင်ယံအချိန်အထိ ပြန်မလာပေ။

"ခွေးမသားတွေ ဘာလုပ်နေကြသလဲ၊ လူနှစ်ယောက်တောင် လွှတ်ပြီးပြီ၊ ခုထိ ဘာသတင်းမှ ပြန်ကြားချက် မလာသေးဘူး"

အုအိတုံက ပေါက်ကွဲပြီး အော်ဟစ်လိုက်လေသည်။

လိပ်ပြာသိုင်းသမား ရှားတောင်လိုသည် မျက်စိတစ်ဖက်လပ် အဘိုးအိုနှင့် မီးရောင်အောက်တွင်ထိုင်ကာ ကျားကစားနေသည်။

ပတ်ဝန်းကျင်ကို မေ့လျော့ပြီး ၎ကျားကွက်ပေါ်တွင်သာ အာရုံနှစ်မြှုပ်နေကြသည်။

တကယ်တော့ သူတို့နှစ်ဦး၏ရာထူးသည် အုအိတုံ၏ရာထူးနှင့် တန်းတူဖြစ်သည်။

သို့သော် သူတို့နှစ်ယောက်သည် အုအိတုံလောက် အလုပ်မများ ဦးနှောက်ချောက်စရာလည်း မလိုပေ။ အုအိတုံထက် အားလပ်ချိန်ပိုများပေသည်။



ကိစ္စတစ်ခုကြောင့် တိုက်ခိုက်ရပြီဆိုလျှင် အုအိတုံနှင့် လက်တွဲပြီး တိုက်ခိုက်ရသည်။

တိုက်ခိုက်ရန် သေနင်္ဂဗျူဟာ ချမှတ်ရာတွင်မူ သူတို့မပါဝင်ကြတော့ပေ။ အုအိတုံတစ်ယောက်တည်းကသာ စီမံခန့်ခွဲလေသည်။

တိုက်ခိုက်မှုစနစ်ကို အုအိတုံကသာ အမိန့်ပေးရသည်။ သူတို့နှစ်ယောက်က အုအိတုံ၏အမိန့်ကို နာခံရသည်။

ယနေ့ညတွင် အုအိတုံသည် မီးဖိုပေါ်တင်ထားသော ဒယ်အိုးထဲမှ ပုရွက်ဆိတ်တစ်ကောင်ပမာ ချာချာလည်ပြီး ဘာလုပ်၍ ဘာကိုင်ရမည်မသိဘဲ ရှိနေစဉ် ရှားတောင်လိုနှင့် မျက်စိတစ်ဖက်လပ် အဘိုးအိုတို့သည် ကျားကိုသာ သဲသဲမဲမဲ ထိုးနေကြလေသည်။

အုအိတုံ စကြံလျှောက်နေသည်မှာ ရေထွက်မတတ် ဖြစ်နေချေပြီ။ အတန်ကြာမှ သူသည် ကုလားထိုင်တစ်လုံး၌ ထိုင်ချလိုက်သည်။

"ဟွမ်မာတစ်ယောက်တော့ လုံးဝ မဟုတ်တော့ဘူး၊ ကိစ္စပြီးရင် ပြန်လာရမှာပေါ့၊ အခုတော့ သူက ပြန်မလာတော့ ဒီအလုပ်လုပ်မယ့်သူတွေအားလုံး ဒုက္ခရောက်နေရပြီ၊ တောက် ..."

ဟွမ်မာဆိုသူမှာ သူတို့၏ ပထမတန်းစား လူသတ်သမားများထဲမှ ယုံကြည်စိတ်ချရသော လူတစ်ယောက်ဖြစ်သည်။

အုအိတုံ ယုံကြည်စိတ်ချသော လူတစ်ယောက်လည်း ဖြစ်သည်။ ဟွမ်မာသည် ကျောက်ပေါက်မာအပြည့် ရှိသည်။ သူ၏ဆရာ အုအိတုံအကြောင်းကို သိထားလျက် အဘယ့်ကြောင့် ဤမျှအထိ ကြာမြင့်နေရပါသနည်း။ ထိုစဉ် ဟွမ်မာတစ်ယောက် ပြန်လည်ရောက်ရှိလာသည်။

ဟွမ်မါသည် ကျောက်ပေါက်မာသာမရှိလျှင် အသက်သုံးဆယ်အရွယ်ရှိ ချောမောသူတစ်ယောက် ဖြစ်ပေသည်။

ကျောက်ပေါက်မာရှိသဖြင့် သူ့ရုပ်ရည်မှာ ကြမ်းတမ်းနေရလေသည်။

မိုးရွာသွန်းနေပြီ ဖြစ်သဖြင့် ဟွမ်မာမှာ မိုးရေများစိုရွှဲလျက် ပြန်လာရသည်။ သူသည် ကြွက်စုတ်တစ်ကောင် မိုးရေမိသကဲ့သို့ ပြန်လာရသည်။

သူ့ကိုကြည့်လျက် အခြေအနေကို နားလည်နိုင်ပေသည်။ ဟွမ်မာသည် အချောင်ခိုနေခြင်း မဟုတ်ပေ။ ခိုင်းလိုက်သည့်ကိစ္စကို မဆောင်ရွက်ဘဲ သဝေထိုးနေခြင်း မဟုတ်ပေ။ သူ့ဆရာ ခိုင်းစေလိုက်သည့် အလုပ်ကို မနိုမကပ်ဘဲ ကြိုးစားဆောင်ရွက်ခဲ့သူ ဖြစ်လေသည်။



ကြွက်စုတ်တစ်ကောင်ကဲ့သို့ ပြန်လာသော ဟွမ်မာအား တွေ့ရသောအခါ အုအိတုံမှာ စိတ်မကောင်း ဖြစ်သွားလေတော့သည်။

သူသည် ညင်သာသောလေသံဖြင့် မေးလိုက်သည်။

"သိုင်းဘုရင်ကြီးကို တွေ့ခဲ့သလား"

"မတွေ့ခဲ့ပါဘူး ဆရာ"

အုအိတုံက မကျေနပ်တော့ပေ။

"ဒါဆို မင်းဘာသွားလုပ်တာလဲ၊ ဝူရှီပွတ်ရိုလိုမှာ လူတစ်ယောက်မှ မရှိတော့တဲ့နောက် ငါက မင်းကို ဒီလောက်ကြာအောင် ဘာဖြစ်လို့ စောင့်နေရမှာလဲ၊ မင်း အမြန်ဆုံး ပြန်လာခဲ့ပေါ့"

"ဒီလိုပါ ဆရာ"

"ပြော ..."

"ကျွန်တော် ဟိုကိုရောက်တော့ သိုင်းဘုရင်နဲ့တွေ့၊ ဒါမှမဟုတ် အမတ်ကြီးနဲ့တွေ့ဖို့ပါ၊ ဒါပေမယ့် ကျွန်တော် အရင်ဆုံးတွေ့ရတာက အိခြံရသေ့ ဖြစ်နေတယ်၊ ကျွန်တော်က ဘုရင်ကြီးနဲ့တွေ့ရင်တွေ့၊ မတွေ့ရင် အမတ်ကြီးနဲ့တွေ့ဖို့ ဝင်မယ်လုပ်တော့ အိခြံက လမ်းခုလတ်မှာ တားဆီးထားတယ်"

"ဒီကောင်က ဘာဖြစ်လို့ မင်းကိုတားရတာလဲ၊ မင်းကတော့

ပြောမပြဘူးလား၊ ငါ့အမိန့်အရ အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ ဘုရင်ကြီး သို့မဟုတ် အမတ်ကြီးကို ကိုယ်တိုင်ဝင်တွေ့ပါရစေလို့ မပြောဘူးလား"

"ပြောပြပါတယ်"

"ဒါဆို ဒီကောင်က ဝင်ခွင့်မပေးတာပေါ့၊ ဘာလဲ ... ဒီကောင်က ဘာကောင်လဲ"

"အဲဒီ ကိုယ်ရံတော်ကြီးက ပြောပါတယ်၊ ဘုရင်ကြီး ခရီးပမ်းလာတယ်တဲ့၊ ဒီနေ့ စောစောအနားယူနေပါတယ်တဲ့၊ အရေးကြီးတဲ့ကိစ္စဖြစ်ဖြစ်၊ အရေးမကြီးတဲ့ကိစ္စဖြစ်ဖြစ် မနက်ဖြန်မှလာပါလို့ မှာလိုက်ပါတယ်၊ အဲဒါ ကိုယ်ရံတော် ခြံအိ ပြောတဲ့စကားပါ"

"ထားပါတော့၊ ဘုရင်ကြီးကို မတွေ့ရရင် အမတ်ကြီးကို တွေ့ရမှာပေါ့၊ ငါတို့အားလုံး အဆင်သင့်ဖြစ်နေပြီဆိုတာ မင်းအသိပဲ"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်ဟာ အမတ်ကြီး ပိုင်တန်းထိန်းကို ဝင်တွေ့မယ်လုပ်တော့ ကိုယ်ရံတော်အိမ်ခြံက အခုအချိန်ဟာ အမတ်ကြီးရဲ့ အရေးအကြီးဆုံးအချိန် ဖြစ်နေတဲ့အတွက် အမတ်ကြီးကို မနှောင့်ယှက်စေချင်ဘူးလို့ ပြန်ပြောတယ်ခင်ဗျ၊ သူ့အဆိုအရ ကျွန်တော်ဟာ ဘယ်သူမှ ဝင်တွေ့ခွင့်မရဘူး ဖြစ်နေပါတယ်"



အုအိတုံသည် ထိုစကားများကို နားထောင်ပြီး သွားများကို တကျိုကျိုမြည်အောင် ကိုက်လိုက်သည့် အံကြိတ်လိုက်လေသည်။

သူသည် အတန်ငယ်ကြာမှ သက်ပြင်းတစ်ချက် ချလိုက်သည်။

"အေး ... ပြီးတာပဲပေါ့ကွာ၊ ဒီလိုကောင်မျိုးနဲ့ အရေးကြီးတဲ့ အလုပ်လုပ်မယ်အစား မိန်းမတစ်ယောက်ရှာပြီး စိမ်နဲ့အိပ်နေတာမှ ကောင်းဦးမယ်၊ မင်းတို့ကောင်တွေကတောင် ဒီကိစ္စကို ဂရုမစိုက်တော့ ငါက ထူးပြီး ဘာဖြစ်လို့ ဂရုစိုက်ရမှာလဲ၊ အိုးမပူ စလောင်းကပူ ဆိုတာလို ဖြစ်နေရတယ်၊ ငါလည်း ငါ့စည်းစိမ်နဲ့ နေနိုင်တာပဲ"

* * *

## အခန်း (၃၅)

## ဝှရှန့်သိုင်းပညာ၏ ဒုတိယသားကောင်

ဟွမ်မာသည် မျက်စိလျှင်သည်။ ဖြတ်ထိုးဉာဏ် ရှိသည်။ ချက်ချင်းပင် သူ့ဆရာရင်ထဲ ခံစားနေရသော အဖြစ်အပျက်ကို သိရှိ သွားလေ၏။

"ဆရာ ... ဒီနေ့ ထန်ဟန့်ကို တိုက်ခိုက်ဖို့ကိစ္စကတော့ ရေစုန်မျောပြီ"

"ရေစုန်မျောပြီပေါ့ကွာ၊ အားလုံး အရေးပေါ်အဆင့်က ရုပ်သိမ်းနိုင်းလိုက် ..."

ဟွမ်မာသည် အရေးပေါ်အဆင့်မှ ရုပ်သိမ်းကြောင်း အော်ဟစ်ကြေညာလိုက်၏။

အဲဒီတုံ ...



"ထန်ဟန့်နဲ့ သူ့လူစုကို ဒီကြွက်တွင်းတစ်တွင်းထဲမှာ စုပြုံမိတာမျိုး ဘယ်တော့မှ မရနိုင်တော့ဘူးကွ"

ဟွမ်မာက ...

"စိတ်မပျက်ပါနဲ့ ဆရာ၊ တစ်ချိန်မဟုတ်တစ်ချိန် မိဦးမှာပါ၊ တကယ်တော့ ဆရာဟာ အဖွဲ့အစည်းအတွက် အရလို စိတ်ဒုက္ခခံနေမလား၊ ကိုယ်စိတ်ချမ်းသာဖို့ပဲ လုပ်မလားဆိုတာကို စဉ်းစားဖို့ကောင်းပါပြီ၊ အခု ကြည့်လေ၊ ဆရာက ဒီမှာခေါင်းခဲနေတဲ့အချိန်မှာ သူတို့က စည်းစိမ်ယစ်နေကြတယ်"

အဲဒီတုံမှာ ဟွမ်မာပြောနေသည်ကို စဉ်းစားနေသည်။

ဟွမ်မာက သူ့ဆရာ၏အထာကို ကျွမ်းသည်။

"ဆရာ ... ကျွန်တော်တို့ တစ်နေရာကို အလည်အပတ် သွားရအောင်လားဗျာ"

"ဟာ ... ညကြီးမင်းကြီးကျမှ ဘယ်ကိုများ အလည်အပတ်သွားမှာလဲ"

"ဆရာကလည်း ညကြီးသွားမှ အဆင်ပြေမှာပေါ့ဗျာ"

"မင်းက ဘာလုပ်မှာလဲကွ"

"ဟိုဘက် တစ်လမ်းကျော်မှာရှိတဲ့ ဟူမိန်းမကြီးဆီ သွားလည်

မယ်ဗျာ၊ ဒီမိန်းမကြီးဆီမှာ အသစ်ကလေးတွေ ရောက်နေတယ်လို့ ကြားတယ်ဗျ"

အုအုတဲ့မှာ ဟူမိန်းမကြီးအကြောင်းကို ကြားဖူးထားသည်။

ထိုမိန်းမကြီးသည် မည်သည့်လုပ်ငန်းဖြင့် စီးပွားရှာနေသည်ကိုလည်း သူသိသည်။

ဟွမ်မာက ...

"ကျွန်တော် လိုက်ပို့ပေးမယ်"

ဟွမ်မှာက ပြောလိုက်သဖြင့် အုအိတဲ့ ခေါင်းညိတ်ပြလိုက်တော့သည်။

ဟွမ်မာ၏နောက်သို့ အုအိတဲ့ မယောင်မလည်ဖြင့် လိုက်ပါသွားလေတော့သည်။

ဟွမ်မာ ပြောသည်မှာ မှန်လှပါသည်။ ဟူမိန်းမကြီး၌ အပျိုစစ်စစ် သမီးလေးတစ်ယောက် ရှိ၏။ ဟွမ်မာပြောသလို လှပသော မိန်းကလေးတစ်ယောက်ကား မဟုတ်ပါချေ။ အသက် နှစ်ဆယ်ကျော်သာ ရှိသေးသော်လည်း ကိုယ်လုံးကိုယ်ပေါက်၊ မျက်နှာအနေအထားတို့မှာ ဟူမိန်းမကြီးနှင့် အတော်တူ၏။

ဟူမိန်းမကြီးက ရုပ်ဆိုးသည်။ မျက်နှာပေါက် ကြမ်းသည်။ စည်ပိုင်းသဏ္ဍာန် ရှိသည်။ ပါးစပ်ပေါက် ကြမ်းသည်။



ဟူမိန်းမကြီး၏ ရုပ်ရည်နှင့် ပါးစပ်မှာ သူလုပ်သည့်လုပ်ငန်းနှင့် အံဝင်ခွင်ကျ ဖြစ်၏။ သူမ၏သမီးသည် သူမနှင့် အလွန်တူခြင်းကြောင့် သူမ၏ အပျိုစင်ဘဝကို ထိန်းသိမ်းနိုင်ခြင်း ဖြစ်ပါသည်။

အုအိတဲ့နှင့် ဟွမ်မာတို့က တံခါးပေါက်မှ ချောင်းကြည့်နေကြပါသည်။

အုအိတဲ့၏ စိတ်ထဲ၌ သူတို့အခန်းမှားလာသည်ဟု ထင်မြင်မိလေသည်။

"ဟွမ်မာ ... ငါတို့ အခန်းမှားနေပြီကွ၊ သူတို့ဟာ သိပ်ရုပ်ဆိုးတာပဲ၊ ဒီအခန်း မဟုတ်ဘူးထင်တယ်"

ဟွမ်မာက တဟီးဟီးရယ်သည်။ ရယ်ပုံ ထူးခြားမှုကို အုအိတဲ့ သတိမပြုမိပေ။

သူသည် အခန်းထဲက ရုပ်ဆိုးသော ကောင်မလေးကိုသာ ကြည့်နေမိသည်။

"အခန်းမမှားပါဘူးဗျာ၊ ကျွန်တော်ပြောတာ ဒီအခန်းထဲက ဟိုဝက်မလေးကို ပြောနေတာပဲဗျ"

အုအိတဲ့မှာ ကြားလိုက်ရသောအခါ ထောင်းခနဲ ဒေါသထွက်သွားလေ၏။ ဒေါသကြောင့် မူးဝေမလိုပင် ဖြစ်သွားသည်။

"ခွေးမသား ... မင်းက ..."

သူ ဆက်လက်ဆဲဆိုမည် ပြုသောအခါ အုအိတုံ၏ပါးစပ်မှ စကားထွက်မလာတော့ပေ။ မျက်လုံးများမှာလည်း ပြူထွက်လာသည်။ အဘယ်ကြောင့် ဤသို့ ဖြစ်ပါသနည်း။

သူ့ရှေ့မှ ဟွမ်မာသည် ထန်ဟာန့်ဖြစ်သွားသောကြောင့်တည်း။

အုအိတုံသည် အံ့ဩမှုများကြောင့် သူ့မျက်စိကိုပင် သူ မယုံကြည်နိုင်လောက်အောင် ဖြစ်နေမိသည်။ အတန်ကြာမှ စိတ်ကို ထိန်းလိုက်နိုင်သည်။

"ဟွမ်မာ သေသွားပြီလား"

အုအိတုံက မေးလိုက်၏။ ထန်ဟာန့် ပြုံးလိုက်သည်။

"ခင်ဗျားမေးတာ မှားနေပြီ၊ ခင်ဗျား မေးရမှာက ကျွန်တော် ဘာဖြစ်လို့ ဟွမ်မာနဲ့တူအောင် ရုပ်ပြောင်းနိုင်ရတာလဲလို့ မေးရမှာ"

"အေး ... ဟုတ်တယ်၊ ငါ မှားသွားတယ်၊ မင်း ဘာဖြစ်လို့ ဟွမ်မာနဲ့တူအောင် ရုပ်ပြောင်းနိုင်ရတာလဲ"

ထန်ဟာန့်က ပြောလိုက်သည်။

"ဒါနဲ့ ပတ်သက်ပြီး ပြောရရင် လွန်ခဲ့တဲ့လက ဝူချီပွတ်ရိလိုကို ရောင်းလိုက်တဲ့ ထန်ဟာန့်ရဲ့ လျှို့ဝှက်သိုင်းပညာကို ပြောရမယ်၊ အဲဒီ သိုင်းပညာကို ခင်ဗျား မဖတ်လိုက်ရဘူးနဲ့ တူတယ်"



"မဖတ်လိုက်ရဘူး"

"အဲဒီအထဲမှာ ကျွန်တော့်ဆရာ ယောပိုင်အဘိုးအိုရဲ့ သိုင်းပညာတွေပါတယ်၊ အဲဒါကတော့ ကိုယ်ဖော့သိုင်းပညာ၊ လက်နက်ပုန်းပညာနဲ့ ရုပ်ဖျက်ပညာတွေပါတယ်၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ ဒီလောကကြီးမှာ လူတစ်ယောက်ကို တခြားလူတစ်ယောက်နဲ့ လုံးဝရုပ်တူအောင် ပြုလုပ်လို့မရဘူး ဆိုတာပဲ၊ အနည်းအကျဉ်း ဆင်တူအောင်ပဲ ရုပ်ဖျက်လို့ရပါတယ်၊ ရုပ်ဖျက်ရုပ်ပြောင်းပညာဟာ ခက်ခဲနက်နဲပါတယ်"

အုအိတုံက ...

"ဟွမ်မာလို ကျောက်ပေါက်မာရှိတဲ့လူကို ရုပ်ပြောင်းရတာတော့ ပိုပြီး လွယ်ကူမှာပေါ့"

"ဒါပေါ့၊ လွယ်ကူတာပေါ့၊ လူတွေဟာ ထူးခြားတဲ့ အမှတ်လက္ခဏာရှိတဲ့ လူကို မှတ်သားရင် အဲဒီ ထူးခြားတဲ့လက္ခဏာကိုပဲ မှတ်သားတယ်၊ ဟွမ်မာကိုမှတ်သားရင် ကျောက်ပေါက်မာကိုပဲ မှတ်သားတယ်၊ တခြား သူ့ရဲ့အစိတ်အပိုင်းတွေကို ဂရုစိုက်မှတ်သားဖို့ မကြိုးစားတော့ဘူး၊ အဲဒါ လူတွေရဲ့ သဘောတရားပဲ"

"အသံနဲ့ အမူအရာကိုတူအောင် ဆောင်ရွက်ရတာရော"

"အဲဒါက ပိုခက်တယ်"

"အဲဒါက ပိုခက်တယ်ဆိုတော့ မင်း အထူးကြိုးစားရလို့လား"

"ကြိုးစားရတာပေါ့၊ ဒီညမှာ ကျွန်တော် အထူးကြိုးစားရတယ်၊ အချိန်ကုန်ခံပြီး ဟွမ်မာကို အသေအချာ စစ်မေးခဲ့ရတယ်"

"ဒါဆိုရင် မင်းဟာ ငါတို့အဖွဲ့အစည်းရဲ့ လျှို့ဝှက်ချက်တွေကို အတော်သိသွားပြီပေါ့"

"မှန်ပါတယ်"

"ဒါဆို မင်းကို နောက်ဆုံးမေးခွန်းတစ်ခု မေးချင်တယ်၊ မေး လို့ရမလား"

"ရပါတယ်၊ ခင်ဗျားကို ကျွန်တော်မသတ်သေးတာက ခင်ဗျား မေးသမျှကို ဖြေဖို့ပါ"

"မင်းရဲ့ ထက်မြက်တဲ့ သိုင်းပညာနဲ့ ငါ့ကို လိမ်ပြီးပြီပဲ၊ ဘုံကျောင်းက ဒီကိုလျှောက်လာတဲ့ လမ်းတစ်လျှောက်မှာ မင်း ငါ့ကို သတ်လို့ရတာပဲ"

"ခင်ဗျားကို ကျွန်တော် မသတ်ရတဲ့အကြောင်းရင်းကို လိုချင် လို့လား၊ ခင်ဗျားဟာ သိုင်းဘုရင်ပြီးရင် ဒီအဖွဲ့အစည်းထဲမှာ အာဏာ အရှိဆုံး မဟုတ်လား"



"ဟုတ်တယ် ..."

"အဲဒီတော့ ဒီအဖွဲ့အစည်းလုပ်တဲ့ ဒုစရိုက်မှုမှန်သမျှ သိုင်း ဘုရင်ကြီးနဲ့ ခင်ဗျားဟာ တရားခံပဲ"

အုအိတုံ မျက်နှာပျက်သွားသည်။

မှန်သည်။ အဖွဲ့အစည်းသည် တရားသည့်အလုပ်၊ တော်သည့် ဖြောင့်မတ်သည့် အလုပ်များကို တစ်ခါမျှ မလုပ်ပါ။ အမြတ်ကြီး စားသည့် အလုပ်၊ ခေါင်းပုံဖြစ်သည့် အလုပ်၊ မတော်မတရားသည့် အလုပ်မျိုးစုံကို လုပ်သည်။

သူတစ်ပါး၏ သားပျို သမီးပျို၊ သူတစ်ပါး၏ဇနီး သားမယား ကို ဖျက်ဆီးသည့်အလုပ်ကို လုပ်သည်။ ထိုအလုပ်မျိုးစုံကို လုပ်ရန် အမိန့်ပေးသူမှာ အုအိတုံဖြစ်ပါသည်။ အဖွဲ့အစည်းထဲတွင် သိုင်းဘုရင် ကြီးပြီးလျှင် အာဏာအရှိဆုံး ပုဂ္ဂိုလ်မှာ သူပင် ဖြစ်သည်မဟုတ် ပါလော။

အုအိတုံ မျက်နှာပျက်နေသည်။ ထန်ဟာန့်က သူ့ကို မည်သို့ လုပ်ကြံမည်ကို အတွင်းအားထုတ်လျက် စောင့်နေသည်။

ထင်ဟာန့်က ...

"ကျုပ်က ခင်ဗျားအသက်ကို လိုချင်တယ်"

ထန်ဟန့်သည် ကျွန်တော်ဟူ၍ မပြောတော့ပေ။ အပြောအ
အသုံးအနှုန်း ပြောင်းလဲသွားသည်။

"ဒါပေမယ့် … ခင်ဗျားကို ခွေးတိရစ္ဆာန်လိုလူမျိုးကို လွယ်
လွယ်ကူကူနဲ့ အသေမသတ်ချင်ဘူး၊ ခင်ဗျား မသေခင်မှာ ခင်ဗျား
ကြောင့် သေခဲ့ရသူတွေကို ပင်ပန်းကြီးစွာ ဒဏ်ခံရပြီးမှသေတာ
ကျုပ် မြင်ချင်တယ်၊ ခင်ဗျားရဲ့လက်ထဲမှာ အပြစ်မရှိတဲ့လူတွေ
ဖြူစင်တဲ့လူတွေ၊ မတရား အသတ်ခံလိုက်ရတဲ့လူတွေ ကိုယ်စား
ကျုပ်မှာ လက်စားချေရမယ့်တာဝန် ရှိနေတယ်"

အုအိတ်သည် စိတ်မထိန်းနိုင်တော့ချေ။ ဒေါပွပွနှင့် ထန်ဟန့်
ကို ပြောလိုက်၏။

"ခွေးမသား … မင်းကများ ငါ့ကို …"

သူသည် ထန်ဟန့်ကိုရိုက်ချရန် လက်ကိုမြှောက်လိုက်၏။

ထိုစဉ် လျှပ်တစ်ပြက်ပင် ထန်ဟန့်၏လက်ဝါးက အုအိတ်
၏ ရင်ဘတ်ပေါ် ကျရောက်သွားလေသည်။

အုအိတ်မှာ သိုင်းပညာခေသူ မဟုတ်ပါ။ လွန်ခဲ့သော အနှစ်
သုံးဆယ်ကတည်းက သိုင်းလောကတွင် နာမည်တစ်လုံးနှင့် နေခဲ့သူ
ဖြစ်သည်။



အနှစ်သုံးဆယ်အတွင်း သူ့သိုင်းပညာမှာလည်း မြင့်မားသည်
ထက် မြင့်မားလာသည်။ အုအိတ်အား ယှဉ်ပြိုင်နိုင်သူကို လက်ချိုး
၍ ရခဲ့သည်။

သူ၏ အဆင့်မြင့်သော သိုင်းပညာကြောင့် သိုင်းဘုရင်ကြီးက
သူ့အဖွဲ့အစည်းအတွင်း အစစအရာရာ စီမံခန့်ခွဲခွင့် ပေးထားခြင်းပင်
ဖြစ်သည်။

သို့သော် သူ့ ခေါင်မြင့်မှုများသည် အတိတ်တွင် ကျန်ရစ်
ခဲ့ပြီ ဖြစ်လေသည်။

ရင်ဘတ်ပေါ်တွင် ထန်ဟန့်၏လက်ဝါးတစ်ဖက် ကျသွားသည်
နှင့် သူသည် လေထဲသို့ မြောက်တက်လွင့်စင်သွားသည်။ လွင့်စင်
သွားသော အုအိတ်၏ခန္ဓာကိုယ်သည် အနောက်ဘက်ရှိ ထရံနှင့်တိုက်
၍ ဝုန်းခနဲ ပြုတ်ကျသွား၏။

အကယ်၍ အုအိတ်နေရာတွင် အခြား သာမန်အဆင့်ရှိ သိုင်း
သမားတစ်ယောက်သာ ဖြစ်ပါက အသက်ပျောက်သွားသည်မှာ ကြာ
ပြီဖြစ်သည်။ သို့ရာတွင် အုအိတ်သည် အတွင်းအားထုတ်ပြီး အသင့်
စောင့် နေသူဖြစ်၍ မသေသေးပေ။ သူသည် အသက်မျှဉ်းမျှဉ်းလေး
ကျန်ရှိနေသည်။

သူသည် ထန်ဟန့်ကို ကြည့်လိုက်၏။ သူသည် ထန်ဟန့်ကို တစ်စုံတစ်ရာ လှမ်းပြောလိုက်သည်။ ထန်ဟန့်က အလွန်နားပါးသူ ဖြစ်၍ အသံတိုးတိုးကလေးကို ကြားသည်။

"ဒါ … ဒါက ဘာသိုင်းပညာလဲ"

ထန်ဟန့်က ရယ်လိုက်၏။

"ခင်ဗျား မသိဘူးလား"

"မသိဘူး"

"ခင်ဗျားတို့ ဒီပညာကို ရှာနေကြတယ်လေ"

ဤသိုင်းပညာမှာ ဝူရှန့်သိုင်းပညာပင် ဖြစ်ပါသည်။

ထန်ဟန့်သည် ဝူရှန့်သိုင်းပညာကို လူနှစ်ယောက်တို့တွင် အသုံးပြုလုပ်ပြီ ဖြစ်ပါသည်။ ထိုပညာကို မည်သူမျှ မမြင်ဘူးကြပေ။ ထိုပညာကို အသုံးချခံရသူသည် သေခြင်း၏အရသာကို သိရှိသွားကြသည်။

ပြင်းထန်သော ဒဏ်ရာကြောင့် အုအိတုံမှာ ပါးစပ်မှ သွေးများ ပွက်ပွက်ထွက်လာလေသည်။

"ဒါ … ဒါဖြင့် … ဒါဟာ ဝူရှန့်သိုင်းပညာပေါ့"

"ဟား … ဟား … ဟား … ဟုတ်တယ်၊ ဝူရှန့်သိုင်းပညာဟာ



ဒါပဲ၊ ခင်ဗျားတို့ ဝူရှန့်သိုင်းပညာကို ရှာနေတယ် မဟုတ်လား၊ ကျုပ်ဟာ ဝူရှန့်သိုင်းပညာကို တတ်ထားတဲ့သူပဲ၊ ဝူရှန့်သိုင်းပညာနဲ့ ကျုပ် လူနှစ်ယောက်ကိုပဲ သတ်ရသေးတယ်၊ နှစ်ယောက်စလုံး သေသင့် သေထိုက်တဲ့ လူတွေချည်းပဲ၊ ပထမတစ်ယောက်ကတော့ လီစန်းဒါးပဲ၊ လီစန်းဒါးကို ကျုပ် သတ်ပစ်လိုက်တယ်၊ အခု ခင်ဗျားကို သတ်တယ်၊ ဝူရှန့်သိုင်းပညာကို ခင်ဗျားတို့နှစ်ယောက်ပဲ မြင်တယ်၊ မြင်တဲ့နှစ်ယောက်စလုံး သေပြီ"

အုအိတုံသည် မချိမဆန့် တွန့်လိမ်ပြီး အသက်ထွက်သွား၏။

သူသည် မိကြိုးသိုင်းဂိုဏ်းမှ ဝူရှန့်သိုင်းပညာရှင်၏ လက်အောက်တွင် အရှုံးပေးသွားရသဖြင့် သူ့အဖို့ အသေဖြောင့်သွားသည်။

အုအိတုံသည် အလွန် သတ္တိရှိသူ ဖြစ်သည်။ သူသေရမည်မှန်း သိသော်လည်း ထန်ဟန့်ကို ဒူးထောက်အနားမခံပေ။ လုပ်ရဲလျှင် ခံရဲသည်ဆိုသော သတ္တိမျိုးရှိသူ ဖြစ်သည်။

ယနေ့ အုအိတုံ သေဆုံးရခြင်းသည် ပထမဆုံး ရှုံးနိမ့်ရခြင်း ဖြစ်သလို နောက်ဆုံး ရှုံးနိမ့်ရခြင်းလည်း ဖြစ်သည်။

အနှစ်သုံးဆယ်လုံးလုံး သူသည် မည်သူ့ကိုမျှ အရှုံးမပေးခဲ့ပေ။ တရားသောနည်း၊ မတရားသောနည်း နှစ်ခုလုံးဖြင့် သူ့ပြိုင်ဘက်များကို အနိုင်ယူခဲ့သည်။

ယခု သူသည် ခါးသီးသောရွှံ့နိမ့်ခြင်း အရသာကို ခံစားသွားရပေသည်။

သို့သော် ...

ခါးသီးသောအရသာ၌ ချိုမြိန်ခြင်းတစ်ဝက် ရှိပေသည်။

အကြောင်းမှာ ဝှရှန့်သိုင်းပညာကြောင့် သူ အသက်ထွက်ရခြင်း ဖြစ်သည်။

ထန်ဟန့် ရိုက်လိုက်သော လက်ဝါးသည် အလွန်ပြင်းထန်၏။ အုအိတုံသည် အနောက်ဘက်ထရံကို တိုက်မိပြီး ဝုန်းခနဲ အောက်သို့ ပြုတ်ကျသွားသည်။

ထိုအသံသည် အခန်းထဲ၌ ထမင်းစားနေသော ဟူမိန်းမကြီးနှင့် သူ့သမီးတို့ ကြားသွားကြလေသည်။

"မေမေရေ ... အပြင်ဘက်မှာ ရန်ဖြစ်သံ ကြားရသလိုပဲ"

ဟူမိန်းမကြီးသည် ခေတ္တမျှ စဉ်းစားလိုက်၏။ သူ့ဂေဟာ၌ ရန်ဖြစ်ကြသည်မှာ မဆန်းပါ။ လူမျိုးစုံလာသည့် ဂေဟာပေပဲ။

"အို ... သမီးရယ် ထိုင်စမ်းပါ၊ ဒီမှာ ပြဿနာလာရှာတဲ့ အရက်သမားဖြစ်မှာပေါ့၊ ထိုင်စမ်းပါအေ"

ဟူမိန်းမကြီးက သမီးဖြစ်သူအား ပြောလိုက်သည်။



"သမီး ခဏသွားကြည့်မယ်နော်"

"ဘယ်လိုလဲ၊ ပြောလို့ မရပါလား၊ သွားကြည့်ရင် ကိုယ်နဲ့ ပြဿနာ ဆက်ဖြစ်တတ်တယ်အေ့"

"အို ... သမီးမကြောက်ပါဘူး၊ အရက်မူးသမားလည်း သမီးမကြောက်ဘူး၊ ဘိန်းသမားလည်း သမီးမကြောက်ဘူး"

"ထိုင်စမ်း ကောင်မ ... ညည်း အတော်စကားတတ်နေတာပါကလား"

အပြင်ဘက်တွင် ထန်ဟန့်သည် အုအိတုံ၏အလောင်းတွင် တစ်စုံတစ်ခုကို ရှာဖွေရန် ကြိုးစားနေသည်။

အခြား လျှို့ဝှက်ချက်များ ရှိဦးမလား မျှော်လင့်ချက်ဖြင့် ရှာဖွေနေခြင်း ဖြစ်သည်။

သို့သော် အခန်းတွင်းမှ သားအမိ၏ ပြောစကားကို ကြားရသောအခါတွင်မူ ထန်ဟန့်သည် ထိုနေရာမှ အမြန်ဆုံးပြေးထွက်သွားခဲ့ရလေတော့သည်။

* * *

## အခန်း (၃၆)

## ဘုံကျောင်း မီးရှို့မှု

ဘုံကျောင်းသည် အခန်းတိုင်း၌ မီးလင်းနေသည်။

အရေးပေါ် အခြေအနေကို ရုပ်သိမ်းလိုက်ပြီ ဖြစ်သဖြင့် သိုင်းသမားများသည် ကိုယ့်အခန်း၌ကိုယ် နားနားနေနေဖြင့် အနားယူနေကြလေသည်။

ရှားတောင်လိုနှင့် မျက်စိတစ်ဖက်လပ် အဘိုးအို၏ ကျားဝိုင်းသည် ပြီးသွားပေပြီ။ ကျားဗန်းနှင့် ကျားကောင်များကို သိမ်းဆည်းပြီးမှ အခန်းထဲတွင် လူတစ်ယောက် လျှောနေသည်ကို သတိထားလိုက်မိသည်။

ကျားထိုးနေစဉ် ကျားဗန်းပေါ်၌သာ သူတို့နှစ်ဦး၏ အာရုံများ ကျရောက်နေကြသဖြင့် ဟွမ်မာနှင့် ပြောနေသည့် စကားများကို မကြားမိချေ။



အမှန်တော့ သူတို့သည် အုအိတုံအကြောင်းကို သိကြသည်သာ ဖြစ်သည်။

အုအိတုံသည် အာဏာမက်သည်။ ကာမဂုဏ်ရမ္မက် ကြီးသည်။

သူတို့သည် အာဏာမမက် မဟုတ်ပါ။ အခြေအနေအရ အာဏာကို သူတို့ မသုံးစွဲနိုင်ဘဲ ဖြစ်နေကြပါသည်။ သူတို့နှင့် အုအိတုံသည် ရာထူးချင်းတူရသော်လည်း အုအိတုံ၏ စီမံမှုတွင် ဝင်ရောက်မစွက်ဖက်ကြပါ။ အုအိတုံ အမိန့်ပေးလျှင် အမိန့်ပေးသည့်အတိုင်း လုပ်ကိုင်ကြသည်သာ ဖြစ်ပါသည်။

မပေးလျှင် ကိုယ့်သိက္ခာနှင့်ကိုယ် နေကြပါသည်။ ယခု ကျားထိုးနေသည်ကိုကြည့်။

အုအိတုံ အမိန့်မပေးမချင်း သူတို့ ကျားထိုးနေကြမည်သာ ဖြစ်ပါသည်။

ရှားတောင်လိုက ...

"စောစောက ဟွမ်မာကို မြင်လိုက်ရသလိုပဲ၊ ခင်ဗျားကော မြင်လိုက်တယ် မဟုတ်လား"

"မပြောတတ်ဘူးဗျ၊ ကျုပ်က ကျားကွက်ထဲမှာ စိတ်ရောက်နေတယ်"

မျက်စိတစ်ဖက်လပ် အဘိုးအိုက ပြောလိုက်သည်။

ရှားတောင်လိုက ...

"ဟုတ်ပါတယ်၊ ဟွမ်မှာ ရောက်လာပါတယ်၊ သူ့ အုအိတ်ကို ဘယ်ခေါ်သွားသလဲ မသိဘူး"

"မပြောတတ်ဘူးဗျ"

"ဘုရင်ကြီးက သူ့ကို ဝုချိုမှတ်ရှိလိုကို ဆင့်ခေါ်တာများလား မသိဘူး"

"ပူမနေပါနဲ့ဗျာ၊ ထားလိုက်စမ်းပါ၊ အစောင့်တစ်ယောက်ကို အရက်နဲ့ အမြည်း ယူနိုင်းလိုက်စမ်းပါ၊ ကျုပ်တို့ ညလုံးပေါက် ကျားထိုးကြမယ်ဗျာ"

"အေး ... ကောင်းသော အကြံပေးချက်ပဲဗျာ"

ရှားတောင်လိုသည် အစောင့်တစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

ထိုစဉ် မျက်စိတစ်ဖက်လပ် အဘိုးအိုက တစ်ခုခုကြားသယောင် နားစွင့်လိုက်ပြီး ...

"ခင်ဗျားမှာတာတွေ ခဏဖယ်ထားပါဦး၊ ဘာသံတွေလဲ မသိဘူးဗျ၊ နားထောင်ကြည့်စမ်းပါဦး"



ရှားတောင်လို နားစွင့်လိုက်၏။ သူသည် အသံများကို ကြားရပါလေပြီ။

ထိုအသံသည် ပေါက်ကွဲမြည်ဟည်းသံကို စောင်နှင့်အုပ်ထားသဖြင့် ကြားရသောအသံမျိုး ဖြစ်ပါသည်။ ရှားတောင်လိုသည် မည်သည့်အသံများ ဖြစ်မည်နည်းဟု စဉ်းစားတွေးတောနေသည်။ မျက်စိတစ်ဖက်လပ် အဘိုးအိုသည် ဖြန်းခနဲ ထခုန်လိုက်သည်။

သူသည် အခြားလူများထက် နားပါးပြီး အခြားသူများထက်လည်း အနံ့ခံကောင်းသည်။ သူသည် တစ်စုံတစ်ခုသော အနံ့ကို ရှူရှိုက်မိ၍ ဖြစ်သည်။

လောင်ကျွမ်းမှုကြောင့် ထွက်ပေါ်လာသော မီးခိုးနံ့ပင်။

မီးခိုးနံ့နှင့်အတူ အပြင်မှ အော်ဟစ်ကြိမ်းမောင်းသော အသံများ ထွက်ပေါ်လာတော့သည်။

ရှားတောင်လိုနှင့် မျက်စိတစ်ဖက်လပ် အဘိုးအိုတို့သည် အခန်းတဲမှ အပြင်မထွက်ဘဲ ဘာဖြစ်နေသည်ကို သဘောပေါက်လာပါပြီ။

သူတို့ နေထိုင်သည့် ဘုံကျောင်းကို တစ်ဦးဦးက မီးရှို့လိုက်ခြင်းပင် ဖြစ်ပါတော့သည်။ ညကြီးသန်းခေါင် ဖြစ်သော်လည်း မီးတဖွဲဖွဲ ရှာနေသည်။

အုအိတုံနှင့် ပွမ်မာတို့ ထွက်သွားကတည်းက ဇွေရှာနေသော မိုးသည် ယခု ဘုံကျောင်းမီးလောင်သည်ထိ ရှာနေစဲဖြစ်သည်။

ဘုံကျောင်းမီးသည် တဖြည်းဖြည်း အရှိန်ကောင်းလာသည်။ ထိုမီးသည် ဘုရားကျောင်း၏ ခန်းမဆောင်ကြီးဆီမှ စတင်လောင်ကျွမ်းလာခြင်း ဖြစ်သည်။ အခုတော့ မည်သို့မျှ မငြိမ်းသတ်နိုင်ကြတော့ပေ။

ကောင်းကင်မှမိုးက တဖွဲဖွဲရွာနေသော်လည်း ဘုံကျောင်းမီးကိုတော့ မငြိမ်းသတ်နိုင်ပေ။ မှောင်မဲနေသော မိုးကောင်းကင်ပြင်သည် ပင်လျှင် နီရဲလာလေသည်။ တမင်ရှို့သော မီးဖြစ်၍ ငြိမ်းသတ်ရန် မလွယ်ကူပေ။ ရေရှားပါးသောနေရာ ဖြစ်ခြင်းကလည်း မီးကိုမငြိမ်းသတ်နိုင်ခြင်း ဖြစ်သည်။

ဖွဲဖွဲကလေးရွာသွန်းနေသော မိုးနှင့် တိုက်ခတ်နေသောလေက မီးလောင်ရာလေပင့် ဆိုသလို ဖြစ်နေသည်။ မီးတောက်သည် မိုးတဖွဲဖွဲကြောင့် ပိုမို ကြီးမားလာသလိုပင် ဖြစ်လာတော့သည်။

ဘုံကျောင်းပတ်လည်တွင် ကျောက်ထရုံများ ရှိသည်။ ထိုကျောက်ထရုံများဆီသို့ မီးမကူးစက်သေးချေ။

ထို ကျောက်ထရုံများများပေါ်တွင် တန်းအဆင့်ဆင့်မှ လူသတ်သမား အတော်များများ မတ်တတ်ရပ်ကြည့်နေကြသည်။



အားလုံးသောလူ၏ မျက်နှာများမှာ ဒေါသကြောင့် နီရဲနေသည်။ ပါးစပ်မှလည်း ရေရွတ်ကျိန်ဆဲနေကြသည်။ မီးရှို့သော တရားခံကို သူတို့ မမိလိုက်ကြချေ။

လူသတ်သမားများထဲတွင် ထူးခြားသောလူနှစ်ဦး ပါဝင်နေသည်။ သူတို့သည် အနက်ရောင်ဝတ်စုံနှင့် အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားကြသည်။

ထိုအဘိုးအိုနှစ်ဦးမှာ နဂါးနှစ်ကောင်ဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးနှစ်ယောက်ပေတည်း။ သူတို့သည် သိုင်းဘုရင်ကြီး၏ လျှို့ဝှက်အဖွဲ့အစည်းတွင် လက်ဝဲရံနှင့် လက်ယာရံ စစ်သူကြီးရာထူးများကို ရရှိထားကြသည်။

သူတို့၏ အမည်များကို သိကြပြီး ဖြစ်ပေသည်။ ဆူးနဂါး တုကူးဝေနှင့် မီးနဂါး တုကူးလျှပ်တို့ပင်တည်း။

မီးနဂါးတုကူးလျှပ်သည် အခုလက်ရှိ သိုင်းလောကတွင် မီးနှင့်ပတ်သက်သည့် လက်နက်ပုန်းပြုလုပ်ရာတွင် နံပါတ်တစ် အတော်ဆုံးလူပင် ဖြစ်သည်။

ယခု သူလက်ရှိ အသုံးပြုနေသော လက်နက်ပင်လျှင် မီးစုန်းကို အဆိပ်ဖြင့်ရောစပ်ထားသော လက်နက်ပုန်း ဖြစ်လေသည်။

သူသည် မီးနှင့်ပတ်သက်လာလျှင် အတော် ကျွမ်းကျင်သူ ဖြစ်သည်။

သို့သော်ငြားလည်း ဘုံကျောင်းမီးလောင်မှုကိုတော့ ငြိမ်းသွားအောင် မည်သို့မျှ အကြံပေးနိုင်ချေ။ မီးရှို့ခြင်းက လွယ်ကူပြီး မီးငြိမ်းအောင် ငြိမ်းသတ်ရခြင်းက ခက်သည်ဟု သူကိုယ်တိုင်က ယူဆထားသလား မသိပေ။

လူအများသည် ဘုံကျောင်းမှ တဟဲဟဲတောက်လောင်နေသည့် မီးတောက်များကို ငေးမောကြည့်နေကြသည်။

ထိုစဉ် ရှားတောင်လိုနှင့် မျက်စိတစ်ဖက်လပ် အဘိုးအိုသည် သူတို့အခန်းထဲမှ ထွက်လာ၏။ အခန်းထဲ၌ မီးကူးနေပြီကိုး။

သူတို့သည် မီးတောက်မီးလျှံများကို ရပ်ကြည့်နေကြသူများကို တွေ့သောအခါ ဒေါသအမျက် ပြင်းထန်စွာ ထွက်သွားကြ၏။

"ကြည့်စမ်း … ကြည့်ကောင်းကောင်းနဲ့ ကြည့်နေကြတယ်၊ ရန်သူရှာဖို့တော့ သတိမရကြဘူး"

ရှားတောင်လိုက ရေရွတ်လိုက်ပြီး …

"ဟောကောင်တွေ …မင်းတို့ ဘာငေးနေကြတာလဲ၊ အခုချက်ချင်း လူစုခွဲပြီး မီးရှို့တဲ့တရားခံကို တွေ့အောင်ရှာကြစမ်း၊ လူစိမ်းတွေ့ရင် ဆွဲထုတ်လာခဲ့ …"



သူက အော်ဟစ်အမိန့်ပေးလိုက်၏။ ရှားတောင်လို၏ အမိန့်သံကို ကြားရသောအခါ လူသတ်သမားများသည် အရပ်လေးမျက်နှာသို့ လူစုခွဲကာ တရားခံကို သဲကြီးမဲကြီး ရှာဖွေကြလေတော့သည်။

လူသုံးဆယ်ခန့်ရှိသဖြင့် လူစုခွဲနေချိန်တွင် အခြေအနေက အနည်းငယ် ရှုပ်ထွေးသွားလေ၏။ ထိုသို့ အခြေအနေ ရှုပ်ထွေးသွားနေချိန်တွင် လူရိပ်တစ်ရိပ်သည် အလစ်တွင် ကျောင်းဝင်းထရံတစ်ခုဘေးရှိ ခြံအတွင်းသို့ လှစ်ခနဲဝင်သွားသည်။

လူစုခွဲပြီးသောအခါ သူတို့သည် မီးရှို့သော တရားခံကို လိုက်လံရှာဖွေကြတော့သည်။ ထိုအခါ ပုန်းကွယ်နေသောလူသည် ဆူးနဂါး တုကူးဝေရှိရာသို့ မြားတစ်စင်းကဲ့သို့ လျင်မြန်စွာ ခုန်တက်လိုက်လေသည်။

ဆူးနဂါး တုကူးဝေက ပြုံးလိုက်သည်။

"မင်း … မင်းက သေလမ်းရှာနေတာကိုး"

သူ့လက်သည် လျှပ်တစ်ပြက် လှုပ်ရှားသွား၏။

"ဝိုး … ဝုစ် … ဝုစ် … "

အလင်းတန်းသုံးတန်းသည် ခုန်တက်လာသူထံသို့ ပြေးဝင်သွား၏။

လက်နက်ပုန်းများသည် အလွန် လျင်မြန်လှသဖြင့် ခုန်တက်လာသူမှာ မည်သို့မျှ မရှောင်နိုင်ပါ။ ရင်ဝတွင် လက်နက်ပုန်းသုံးချက်စိုက်ပြီး လေထဲမှပြုတ်ကျသွားသည်။

ပထမလူရိပ် မြေပေါ်သို့ ပြုတ်ကျသွားစဉ် ဒုတိယလူရိပ်သည် လေထဲသို့ ခုန်တက်လာပြန်လေသည်။

တုကူးဝေ ရယ်လိုက်သည်။

"မင်းတို့ ဒီလိုပုံစံနဲ့လာလို့ကတော့ ပထမလူလို သေမှာပဲ"

သူက ပြောပြောဆိုဆို လက်ကိုဝှေ့ယမ်းလိုက်ရာ အလင်းတန်းသုံးခု ပြေးထွက်သွားပြန်လေ၏။

"ဗိုး ... ဗုစ် ... ဗုစ် ..."

ဒုတိယခုန်တက်လာသူမှာလည်း လေထဲမှပြုတ်ကျကာ သေဆုံးသွားပြန်သည်။

မျက်စိတစ်ဖက်လပ် အဘိုးအိုက ထိုအခြင်းအရာကို မြင်လိုက်လေသည်။

"လက်ဝဲရဲ စစ်သူကြီး ... သတိထားဦး၊ ဒါဟာ ရန်သူရဲ့ ပရိယာယ်ပဲဗျ၊ ခင်ဗျား လက်နက်ပုန်းနဲ့ ပစ်လိုက်တဲ့လူတွေကို ကြည့်စမ်းပါဦး"



လက်ဝဲရဲစစ်သူကြီး တုကူးဝေသည် ပြူးပြူးပျာပျာဖြင့် အောက်သို့ လှမ်းကြည့်လိုက်၏။

"ကျုပ်က ရန်သူကိုပစ်တာပဲဗျ"

"ဟုတ်ရဲ့လား၊ သေသေချာချာ ကြည့်စမ်းပါဦး၊ ခုနက ခုန်တက်လာတဲ့လူက သွေးကြောပိတ်ခံထားရတဲ့ ကျုပ်တို့လူတွေဗျ၊ ခင်ဗျားက ရမ်းလုပ်နေတာကိုး"

မျက်စိတစ်ဖက်လပ် အဘိုးအိုက အော်ဟစ်ပြောကြားနေစဉ်မှာပင် တတိယလူရိပ် ခုန်တက်လာပြန်သည်။ တုကူးဝေမှာ မျက်စိတစ်ဖက်လပ် အဘိုးအိုပြောလိုက်သည့်အတွက် အလွန်ပင် ရှက်သွားသည်။ သူသည် မျက်စိနှစ်လုံးရှိသူ ဖြစ်၏။

ထို့ပြင် သူသည် မျက်စိလျင်သည်ဟု ကိုယ့်ကိုကိုယ် ဂုဏ်ယူခဲ့သူ ဖြစ်၏။

ယခုမှ မျက်စိတစ်ဖက်လပ် ပုဂ္ဂိုလ်က မိမိအား အပြစ်တင်နေသဖြင့် မျက်စိနှစ်လုံးရှိသူ မိမိမှာ ရှက်စရာဖြစ်နေသည်။ သူသည် ရှက်စိတ်ဖြင့် ထူပူသွားလေသည်။

ယခု တုကူးဝေထံသို့ တတိယလူ ခုန်ဝင်လာပြန်သည်။ သူ၏ ရုပ်သွင်ကို ပီပီသသ မမြင်ရချေ။

သို့သော် ခုန်ဝင်လာသူ၏ အဝတ်အစားမှာ တတိယဆင့်ရှိ လူသတ်သမားတစ်ယောက်၏ အဝတ်အစားမှန်း သိသာသည်။ နောက်တစ်ချက်ကား ထိုလူသည် ပျော့ပျောင်းစွာ ခုန်တက်လာခြင်း မဟုတ်ပေ။

ခန္ဓာကိုယ်မှာ တောင့်တောင့်ကြီး ဖြစ်နေသည်။ မလှုပ်မရှားနိုင်သော ပုံသဏ္ဌာန်မျိုး ဖြစ်နေသည်။ လူတစ်ယောက်ယောက်က သွေးကြောပိတ်ပြီးမှ တုကျူးဝေရှိရာသို့ ပစ်တင်ပေးလိုက်သည့် ပုံစံ ဖြစ်နေသည်။ သူကိုယ်တိုင် ခုန်တက်သောပုံစံမျိုး မဟုတ်ပေ။

တကျူးဝေက မကြည့်ဘဲ လက်နက်ပုန်းနှင့် ပစ်ခတ်နေသဖြင့် လူနှစ်ယောက် သေသွားခဲ့ပြီ။ မျက်စိတစ်ဖက်လပ် အဘိုးအို၏ ဖြစ်တင်မှုကို ခံနေရသည်။

ထို့ကြောင့် မှားသွားပြီဖြစ်သည်ဟု တုကျူးဝေက တတိယလူ ရိပ်ကို လက်နက်ပုန်းနှင့် မပစ်တော့ဘဲ သည်အတိုင်း ကြည့်နေလိုက်မိသည်။

နှစ်ခါမှား၍ နှစ်ခါရှက်နေရသော တုကျူးဝေသည် ယခု နောက်တစ်ခါ ထပ်မှားပြန်လေသည်။ သူသည် ခုန်တက်လာသူကို ဖေးမရန် လက်ကမ်းလိုက်သည်။ ထိုလူသည် သွေးကြောပိတ်ခံထားရသည့်ပမာ တောင့်တောင့်ကြီးရောက်လာသည် မဟုတ်ပါလော။



သို့သော် ထိုလူ၏လက်နှစ်ဖက်က လျင်မြန်စွာ လှုပ်ရှားသွားလေသည်။

အနီးသို့ရောက်သည်နှင့် တုကျူးဝေ၏ရင်ဝသို့ လက်ဝါးနှင့် ရိုက်ချလေသည်။

"ဝုန်း ..."

သူ့ရိုက်ချမှုမှာ လွန်စွာပင် ပြင်းထန်ရကား တုကျူးဝေမှာ ထိုလက်ဝါးရိုက်ချက်ကို မရှောင်နိုင်ဘဲ ရှိလေသည်။ ခုခံမှုလည်း မပြုနိုင်ပေ။

အပေါ်သို့ ခုန်တက်လာသူသည် ခြေထောက်များ၊ လက်ဝါးများ လှုပ်ရှားသွားသော်လည်း သူ လျင်လျင်မြန်မြန် ပြုလုပ်လိုက်သောအမှုမှာ တုကျူးဝေအား လက်ဝါးဖြင့် ရိုက်ချလိုက်ခြင်းပင် ဖြစ်လေတော့သည်။

တုကျူးဝေမှာ ကိုယ်ခန္ဓာ ကြီးမားလှသည်။ မြင့်မားကာ ထွားကြိုင်းလှသည်။

ထို ကြီးမားထွားကြိုင်းသော ခန္ဓာကိုယ်ကြီးမှာ အဝေးသို့ လွင့်စဉ်သွားသည်။

ရပ်နေသည့် အုတ်တံတိုင်းပေါ်သို့ လွင့်စဉ်ကျသွားသည်။ အင့်

ခနဲ တစ်ချက်သာအော်နိုင်ပြီး ပါးစပ်အတွင်းမှ သွေးများ ထွက်ကျလာတော့သည်။

တုကျူးဝေနှင့် မလှမ်းမကမ်းတွင် ရပ်နေသောလူမှာ မီးနဂါး တုကျူးလျှပ်ပင် ဖြစ်သည်။ သူ ကယ်တင်ချင်သော်လည်း မည်သို့မျှ ကယ်တင်၍ မမီတော့ပေ။

ခြေလက်များ လှုပ်ရှားသွားသည်နှင့် ထိုလူ၏တိုက်ခိုက်ပုံ အလေ့အထနှင့် သိုင်းပညာကို သိလိုက်သည်။ မည်သူမည်ဝါမှန်း ရိပ်မိလိုက်သည်။ သူက နာကြည်းစွာဖြင့် လှမ်းအော်လိုက်သည်။

"ဟော့ ... မိုးပျံကျားသစ် အုံယန်ကျုန့်၊ ဒီလို မိန်းမလို မိန်းမရ တိုက်ခိုက်ရတယ်လို့ ဘယ်သူကပြောသလဲ"

ဤသို့ တိုက်ခိုက်ရန် မိုးပျံကျားသစ် အုံယန်ကျုန့်က စီစဉ်သည် မဟုတ်ပါ။

ထန်ဟန့်က စီစဉ်ခြင်း ဖြစ်ပါသည်။

ထန်ဟန့်သည် အုအိတုံက မကောင်းသောအိမ်သို့ မျှားခေါ်ထုတ်ရန်၊ ဘုံကျောင်းကို မီးရှို့ရန်နှင့် တုကျူးဝေအားသတ်ရန်တို့ကို အစီအစဉ် ရေးဆွဲခဲ့သည်။

အုံယန်ကျုန့်က ထန်ဟန့်၏အစီအစဉ်ကို အကောင်အထည်



ဖော်ပေးခြင်းသာ ဖြစ်ပါသည်။ ထန်ဟန့်ချမှတ်သော သေနင်္ဂဗျူဟာမှာ လုံး၀ အောင်မြင်ပါသည်။

အထူးသဖြင့် မိုးပျံကျားသစ် အုံယန်ကျုန့်၏ လုပ်ဆောင်မှု အားလုံးမှာ စိတ်ကျေနပ်စရာ ကောင်းလှသည်။ ယခင်က ဒေါသကြီးသော၊ စိတ်ကြီးသော အုံယန်ကျုန့်မှာ ယခင်ကအတိုင်းဆိုလျှင် ဤပေးအပ်သောတာဝန်များကို ထမ်းဆောင်နိုင်မည် မဟုတ်ပါ။

သူ့ဒေါသကြောင့် အမှားများ ကျူးလွန်မိမည် ဖြစ်ပါသည်။

ယခုသော် ထန်ဟန့် စီစဉ်ပေးသမျှအားလုံးကို ကျေနပ်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

တုကျူးဝေအား အောင်မြင်စွာ တိုက်ခိုက်ပြီးသည် ဆိုသည်နှင့် ပေါ့ပါးလှသော ကိုယ်ဖော့ပညာစွမ်းအားဖြင့် ချက်ချင်းပင် နောက်သို့ ဆုတ်ခွာလာခဲ့လေသည်။

မီးနဂါး တုကျူးလျှပ်မှာ မမျှော်လင့်ဘဲ တုကျူးဝေ သေဆုံးရပြီကို သိရသောအခါ ပထမ၌ လွန်စွာ ကြေကွဲသွား၏။ နောက်ပိုင်း၌ တဖြည်းဖြည်း ဒေါသထွက်လာသည်။

အုံယန်ကျုန့်ကို အစိမ်းလိုက် ဝါးစားလုမတတ် ဖြစ်လာသည်။

သူသည် ဒေါသဖြစ်လာသဖြင့် မည်သည့်ဘေးရန်ကိုမှ မမြင်တော့ချေ။

အုံယန်ကျွန့် ပြေးထွက်သွားရာသို့ ခုန်လိုက်သွားသည်။

ထိုအခါ သူရပ်နေသည့် အုတ်နံရံအောက်မှ ရယ်သံယှက်သော ပြောဆိုသံတစ်သံ ထွက်ပေါ်လာတော့သည်။

"ဟီး ... ဟီး ... ဟီး ... ဒီနေ့တော့ နဂါးနှစ်ကောင်ရဲ့ သေနေ့ပဲ၊ မင်းတို့ ဘယ်ပြေးပြေး မလွတ်တော့ပါဘူး၊ အထူးသဖြင့် ကျုပ်လက်က မလွတ်တော့ဘူး"

ပြောသံနှင့်အတူ ငွေရောင်တန်းတစ်ချက် ဝင်းလက်သွားလေတော့သည်။

အုံယန်ကျွန့်သာ သူ့စိတ်ထဲ၌ ရှိနေသည့် တကူးလျှပ်သည် သူ့နောက်ကျောမှ ဝင်ရောက်လာသည့် ငွေရောင်လုံတိုကို မည်သို့မျှ မရှောင်တိမ်းနိုင်တော့ပါ။

ငွေရောင်လုံတိုသည် သူ့နောက်ကျောသို့ စိုက်ဝင်သွားသည်။

သာမန်အချိန်တွင် မည်မျှ ဆူညံနေပါစေ။ တကူးလျှပ်သည် လေတိုးသံကို ကြားရပါမည်။ ယခုမူ အုံယန်ကျွန့်ကို ဒေါသထွက်နေပြီး အုံယန်ကျွန့်ကိုသတ်ရန်သာ စိတ်စွဲနေသဖြင့် လုံတို၏ လေချွင်းသံကို မကြားရတော့ပါ။

လုံတိုသည် သူ့နောက်ကျောသို့ ဒုတ်ခနဲစိုက်ပြီး သူ့အား မှောက်လျက် လဲကျသွားစေပါသည်။



တကူးလျှပ်သည် ရင်ထဲ၌ စူးခနဲအောင့်သွားပြီး သေမင်း၏ မျက်နှာကို မြင်သွားပါတော့သည်။ သူသည် မြေပြင်ပေါ်တွင် မရှိမဆုံ လူးလိမ့်ရင်း အသက်ထွက်သွားတော့သည်။

ယခု မီးနဂါးတကူးလျှပ်ကို အလစ်တွင် လုံဖြစ်ပစ်လိုက်သူမှာ မည်သူနည်း။

သူတို့သည် အထက်လမ်းသိုင်းဂိုဏ်းသားချင်း တိုက်နိုက်ရာတွင် ဤသို့ အလစ်တိုက်နိုက်ခြင်း မရှိပါချေ။

ယခုမူ အောက်လမ်းဂိုဏ်းသားဖြစ်၍သာ ဤသို့ တိုက်နိုက်လိုက်ခြင်း ဖြစ်ပါသည်။

လုံတိုဖြင့် ပစ်ခတ်လိုက်သူမှာ ကောင်းလိန်ဖုန်း ဖြစ်ပါသည်။

သူသည် လုံတိုလက်နက်ကို ပိုင်နိုင်စွာဖြင့် အသုံးချတတ်သူ ဖြစ်ပါသည်။

ထို့ပြင် ကိုယ်ရောင်ဖျောက်ခြင်း၊ ပြေးခြင်း၊ ပုန်းခြင်းဆိုသည်မှာ ကောင်းလိန်ဖုန်းအဖို့ အထူး ကျွမ်းကျင်သောအလုပ် ဖြစ်ပါသည်။

သူသည် လုံတိုနှင့်ပစ်ပြီးသည်နှင့် ရှားတောင်လိုနှင့် မျက်စိတစ်မှိတ်လပ် အဘိုးအိုတို့၏ မျက်စိအောက်မှ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားတော့သည်။ ကောင်းလိန်ဖုန်း၏ အရိပ်အခြည်ကိုမျှ မတွေ့ရတော့ပေ။

အခုအခါ လက်ဝဲရံ၊ လက်ယာရံ စစ်သူကြီးနှစ်ယောက်စလုံး မြေပေါ်တွင် ငြိမ်သက်နေကြပါသည်။ ရက်စက်ယုတ်မာသော နဂါးနှစ်ကောင်သည် ငရဲပြည်သို့ အလည်အပတ် ရောက်ရှိသွားကြလေပြီ။

*　　*　　*

## အခန်း (၃၇)

## နှစ်ခုတည်းသော အမိန့်

ပြင်းထန်သော မီးများ၏ဝါးမျိုမှုကြောင့် တစ်ခုတည်းသော ဘုံကျောင်းမှာ ပြာကျသွားလေ၏။ ဤသို့ မီးလောင်ပြာကျသွားသည်မှာလည်း ကောင်းပါသည်။

အခါကြီးရက်ကြီးများမှတစ်ပါး ဤဘုံကျောင်းကို သိုင်းဘုရင်ကြီး၏ အဖွဲ့သားများက အပိုင်စီးထားကြသည်သာ များပါသည်။

ဘုံကျောင်း ဆိုသော်လည်း ဤဘုံကျောင်းကို အမှီပြု၍ မကောင်းမှုဒုစရိုက်မျိုးစုံကို အဖွဲ့အစည်းက လုပ်ဆောင်ခဲ့၏။

ဤသည်ကို မြို့နေလူထုကလည်း သိသည်။ မကောင်းမှုဒုစရိုက်များကို ဘုရင်သခင်က ဆေးကြောပစ်သည်ဟု ယူဆကြတော့သည်။

နံနက် ဝေလီဝေလင်းအချိန်တွင် ရှားတောင်လိုသည် လက်အောက်ငယ်သားများကို စုစည်းပြီး လူစစ်နေသည်။

လက်ဝဲရံနှင့် လက်ယာရံ စစ်သူကြီးအပြင် လက်အောက်ငယ်သား ကိုးယောက်တိတိ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရလေသည်။

ပျောက်ဆုံးနေသူများ၏ အလောင်းများကိုတော့ မတွေ့ရပေ။

ထို့နောက် ဟူမိန်းမကြီး၏ မြို့ဝင်းထဲ၌ သေဆုံးနေသော အလောင်းတစ်လောင်းကို တွေ့ရသည်။ ထိုသူမှာ အုအိတုံပင် ဖြစ်တော့သည်။ သူ့အလောင်းကို ဟူသားအမိက အရင်ဆုံး တွေ့ရှိခြင်းဖြစ်သည်။

မိုးလင်းပြီး အတော်ကြာမှ ထိုသတင်းကို ရှားတောင်လို သိရှိလိုက်လေသည်။

ထိုသတင်းကြောင့် ရှားတောင်လို အလွန်အံ့အားသင့်သွားသော်လည်း ကျိတ်၍ ဝမ်းသာနေလေသည်။

ရင်ဝတွင် လက်ဝါးရာတစ်ချက်ကို တွေ့ရလေသည်။ မည်သူ့လက်ချက်မှန်း ရှားတောင်လိုတို့ မသိသော်လည်း ထန်ဟန့်တို့လူစု၏ လက်ချက်ဖြစ်မည်မှန်းကိုတော့ အကြမ်းအားဖြင့် သိရှိကြသည်။



လူတစ်ဦးတစ်ယောက် သေလျှင် ထိုသူနှင့်ပတ်သက်သော မိတ်ဆွေများကိုလည်း ထိခိုက်တတ်သည်ဟူသော စကားပုံတစ်ခုရှိလေသည်။

သို့သော် ထိုအဆိုသည် နေရာတိုင်း၌ မမှန်ကန်ပေ။

အထူးသဖြင့် ရှားတောင်လိုအဖို့ ထိုစကားသည် မမှန်ကန်ပေ။ အဘယ်ကြောင့်ဆိုသော် သူ၏မိတ်ဆွေ အုအိတုံ သေဆုံးသွားသော်လည်း သူ့အတွက် စိတ်ရောကိုယ်ပါ မည်သည့်အချက်မျှ မထိခိုက်သောကြောင့်ပေတည်း။

သိုင်းဘုရင် အဖွဲ့အစည်းကြီး၌ ဦးစီးကြီးကြပ်သူ အရာရှိငါးဦး ရှိလေသည်။

ထိုငါးဦးထဲတွင် သြဇာအာဏာ အရှိဆုံးသူများကား အုအိတုံနှင့် စန်းဟာစင်းတို့ ဖြစ်လေသည်။ သူတို့မှာ အဖွဲ့အစည်းအတွင်း၌ လက်ညှိုးညွှန်ရာ ရေဖြစ်ခဲ့သူများပင်။

ယခု နှစ်ယောက်စလုံး သေဆုံးသွားလေပြီ။ ထိုလူနှစ်ယောက်မရှိသောအခါ ရှားတောင်လိုသည် အာဏာအရှိဆုံး၊ ဝါအရင့်ဆုံးဖြစ်လေသည်။

ထိုနှစ်ယောက်၏ ဒႆိုင်အရာကို ရှားတောင်လိုက ဆက်ခံရပေတော့မည်။

ထို့ကြောင့် ရှားတောင်လိုသည် ကျိတ်၍ ဝမ်းသာနေခြင်း ဖြစ်လေသည်။

မြို့နေလူထု၏ တစ်ခုတည်းသော ဘုံကျောင်းမှာ မီးလောင်ပြာကျသွားလေပြီ။

မြို့နေလူထုသည် ဘုံကျောင်းမီးလောင်သည့်ကိစ္စကို စိတ်မဝင်စားချေ။ သူတို့ စိတ်ဝင်စားသည်မှာ ရုတ်တရက် ပိတ်လိုက်သော ပိန်းစု၏ လက်ဖက်ရည်ဆိုင်ကိုတည်း။

ပိန်းစုနှင့် ပေကျွန်စောင် မည်သည့်နေရာသို့ ရောက်သွားသနည်း။ ပိန်းစုလည်း ပျောက်ဆုံးနေသည်။ ပေကျွန်စောင်လည်း ပျောက်ဆုံးနေသည်။

ပိန်စုကား ငရဲပြည်သို့ အလည်အပတ် ရောက်ရှိသွားလေပြီ။ ဤသည်ကို မြို့သူမြို့သားများ လုံးဝ မသိကြပေ။

သို့ရာတွင် မြို့သူမြို့သားများ တကယ်စိတ်ဝင်စားနေသူမှာ ပိန်းစု၏မိန်းမ ပေကျွန်စောင်ကိုသာ ဖြစ်သည်။ ပေကျွန်စောင် မည်သည့်နေရာသို့ ရောက်ရှိနေလေသနည်း။

ပေကျွန်စောင် မည်သည့်နေရာသို့မျှ မရောက်ပါ။ ဝူချိုပွတ်ရှိလိုတွင် ပေကျွန်စောင် ရှိနေပါသည်။



ဘုံကျောင်းမီးလောင်သည်ဟု သိသောအခါ ပိုင်တန်းသိန်းသည် ဝူချိုပွတ်ရှိလိုတွင် ကင်းစောင့်သူများကို နှစ်ဆတိုး၍ ကင်းချထားလိုက်လေ၏။ အမိန့်တစ်ခုကိုလည်း ပေးလိုက်သည်။ ဘုံကျောင်းတွင် ဘာပဲဖြစ်နေပါစေ ဝူချိုပွတ်ရှိလိုမှ လူမလွှတ်ရန် အမိန့်ပင်။

ထိုအမိန့်ကို ချမှတ်ခြင်းမှာ သူ့တွက်ကိန်းနှင့်သူ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဘုံကျောင်းတွင် ကြီးကြပ်သူ သုံးယောက်ရှိသည်။ အုအိတုံ၊ ရှားတောင်လိုနှင့် မျက်စိတစ်ဖက်လပ် အဘိုးအို။

လက်ယာရုံ၊ လက်ဝဲရုံ စစ်သူကြီးနှစ်ယောက်၊ ဆူးနဂါးတုကူးဝေနှင့် မီးနဂါး တုကူလျှပ်၊ အဆင့်အတန်းသုံးတန်းမှ လူသတ်သမားအယောက်သုံးဆယ်။

အခြားသော အောက်ခြေအဆင့် နိုင်းစေသော သိုင်းပညာတတ်သူများလည်း အမြောက်အများ ရှိနေသဖြင့် ဝူချိုပွတ်ရှိလိုမှ လူမလွှတ်ရန် ဆုံးဖြတ်ခြင်း ဖြစ်လေသည်။

နောက်တစ်ချက်မှာ ဤသည်မှာ ရန်သူ၏နည်းပရိယာယ်တစ်မျိုးဟု ပိုင်တန်းထိန်း ယူဆထားသည်။ ထိုဘုံကျောင်းကို ဆွယ်ယောင်ပြ တိုက်ခိုက်ပြီး ဝူချိုပွတ်ရှိလိုကို တကယ်တန်း တိုက်ခိုက်သည်ဟု ပိုင်တန်းထိန်း ယူဆလေသည်။

ထို့ကြောင့် သူသည် ရန်သူ၏ပရိယာယ်ထောင်ချောက်တွင် အမိမခံနိုင်ဟု ယူဆထားသည်။

နေ့လယ်အချိန်သို့ ရောက်သောအခါ ဘုံကျောင်းထဲမှ ကျန်ရစ်သော လူအင်အား အလုံးသည် ဝူချိုပွတ်ရိုလိုသို့ လာရောက် စုစည်းကြလေတော့သည်။

အစည်းအဝေးတစ်ခု ကျင်းပတော့သည်။ ထိုအစည်းအဝေးကို ဝူချိုပွတ်ရိုလို ခန်းမဆောင်ကြီးတွင် ကျင်းပသည်။ သိုင်းဘုရင်ကြီးနှင့်တကွ ဝူချိုပွတ်ရိုလိုမှ အရာရှိကြီးများ၊ အဖွဲ့အစည်းမှ တာဝန်ရှိသူများအားလုံး တက်ရောက်ကြသည်။

ပထမဦးစွာ တင်ပြအစီရင်ခံသူမှာ ရှားတောင်လို ဖြစ်၏။ မနေ့ညက အဖြစ်အပျက်အားလုံ့ အကြောင်းစုံကို သိုင်းဘုရင်ကြီးအား တင်ပြအစီရင်ခံလိုက်သည်။

အုအိတုံသည် တာဝန်မဲ့ ဘုံကျောင်းကိုပစ်ပယ်ပြီး ပြည့်တန်ဆာအိမ်သို့ သွားသည်။ ဘုံကျောင်း မီးရှို့ခံရသည်။ လက်ယာရံ လက်ဝဲရံ စော်သူကြီးနှစ်ဦး သေကြသည်။

အုအိတုံကိုယ်တိုင် ပြည့်တန်ဆာအိမ်၌ အသတ်ခံလိုက်ရသည်။ အားလုံးသော အပြစ်များကို အုအိတုံအပေါ်၌သာ ပုံချလိုက်တော့သည်။



ရှားတောင်လိုကို အပြစ်တင်ရန် မလိုပါ။ အုအိတုံသည် ထန်ဟန့်ကို တိုက်ခိုက်ရန် ဝူချိုပွတ်ရိုလိုကို အကြောင်းကြား၏။ ဝူချိုပွတ်ရိုလိုက လုံးဝ အရေးမယူသဖြင့် အုအိတုံ စိတ်ပျက်သွားသည်။

ဤမှနောက်ပိုင်း အဖြစ်အပျက်များသည် ရှားတောင်လိုပြောသည့်အတိုင်း အမှန်ပင် ဖြစ်သည်။ အပြစ်များသည် အုအိတုံအပေါ်၌ပင် ကျရောက်ခဲ့လေပြီ။

သိုင်းဘုရင်ကြီးသည် အဖြစ်အပျက် အစအဆုံးကို သေချာစွာ နားထောင်နေလေ၏။

ပြီးသော် ...

"အုအိတုံမှာ အပြစ်ရှိတယ်၊ တာဝန်ချိန်မှာ တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်ခြင်းဟာ ကြီးလေးတဲ့အပြစ်ဒဏ် ထိုက်သင့်တယ်၊ ဒါပေမယ့် သူ သေသွားပြီ၊ သူ့ကို အပြစ်ပေးလို့ မရတော့ဘူး"

ငရဲပြည်မှ အုအိတုံကြားလျှင် မည်သို့ ခံစားရပါမည်နည်း။

အမတ်ကြီး ပိုင်တန်းထိန်းက ...

"သိုင်းဘုရင်ကြီး ... ကျွန်တော်တို့ ရှေ့ဆက်လုပ်ရမယ့် အလုပ်ကို အမိန့်ရှိပါခင်ဗျာ"

သိုင်းဘုရင်ကြီးသည် အဖွဲ့အစည်းကြီးကို က,ကြီးမှ အ,အထိ

ထုထောင်ခဲ့သူဖြစ်၍ မည်သည့်လုပ်ငန်းစဉ်များကို လုပ်ကိုင်ရမည်ကို သိရှိလေသည်။

သိုင်းဘုရင်ကြီးသည် အမိန့်နှစ်ခု ချမှတ်လိုက်လေ၏။

ပထမအမိန့်မှာ လက်ဝဲရံ လက်ယာရံ အမတ်ကြီးနှစ်ဦးနှင့် ကြီးကြပ်သူနှစ်ဦးက ခေါင်းဆောင်ပြီး တိုက်ခိုက်ရေးတပ်ဖွဲ့ကို ထူထောင်ရန် ဖြစ်သည်။

ထို တိုက်ခိုက်ရေးအဖွဲ့က အဖွဲ့အစည်း၏ ရန်သူမှန်သမျှကို လိုက်လံရှာဖွေရမည် ဖြစ်သည်။ ရန်သူ၏ ဦးခေါင်းတစ်လုံးကို ခုတ်ဖြတ်နိုင်သူအား ရာထူးတစ်ဆင့် တိုးပေးရန်နှင့် ငွေသားတစ်ထောင်တိတိကိုဆုချရန် ဖြစ်လေသည်။

ဒုတိယအမိန့်မှာ အလွန့်အလွန် အရေးကြီးသော ကိစ္စမှလွဲ၍ ကျန်အသေးအဖွဲမှန်သမျှ တိုက်ခိုက်ရန် တာဝန်ပေးခံရသူက ကိုယ့်သဘောနှင့်ကိုယ် ဆောင်ရွက်နိုင်သည်။

သိုင်းဘုရင်ကြီးထံ တင်ပြရန် မလိုအပ်ဟူသော အမိန့်နှစ်ခု ဖြစ်သည်။

ကျန်သော ကိစ္စများမှာ အသေးအမွှားများပင်၊ တာဝန်စံလေးယောက်သည် သိုင်းဘုရင်ကြီး ချမှတ်ပေးသော အမိန့်များကို ချမှတ်



အကောင်အထည်ဖော်ရန်အတွက် ခန်းမဆောင်အတွင်းမှ ထွက်ခွာသွားကြတော့၏။ သူတို့သည် တိုက်ခိုက်ရေးကိစ္စများကို စီမံဆောင်ရွက်တော့သည်။

သိုင်းဘုရင်ကြီး၏ အမိန့်မှာ ရှင်းပါသည်။

သူ့အား အလွန်အရေးကြီးသော ကိစ္စမှသာ လာရောက်တွေ့ဆုံပါမှ တွေ့ဆုံခွင့်ပြုမည်ဟု ပြောထားသည်။

* * *

အနှ ရာယ်အများဆုံးရှိသည်ဟု အများက ယုံကြည်ယူဆထားသောအရပ်သည် လုံခြုံမှုအရှိဆုံးနေရာ ဖြစ်သည်ဟူသော စကားတစ်ခု ရှိလေသည်။

ထိုစကားကို တိုက်ရည်ခိုက်ရည် ပြည့်ဝသော စစ်သားများ ယုံကြည်သည့်စကား ဖြစ်လေသည်။ စစ်သဘောတရား တစ်ရပ်လည်း ဖြစ်သည်။ ရန်သူကို လှည့်စားသော ပရိယာယ်တစ်ရပ် ဖြစ်သည်။

ထိုစကားကို လက်တွေ့ကျင့်သုံးသူမှာ ထန်ဟန့် ဖြစ်သည်။ ထန်ဟန့်သည် သိုင်းဘုရင်ကြီး၏ အဖွဲ့အစည်းကို တိုက်ခိုက်ရာတွင် နည်းမျိုးစုံသုံး၍ တိုက်ခိုက်လေသည်။

သူသည် အန္တရာယ်အများဆုံးဟု ယူဆရသော ပိန်းစုဏ် လက်ဖက်ရည်ဆိုင်ကို သူ၏ အခြေခံစခန်းအဖြစ် ပြောင်းလဲလိုက်သည်။ အုအိတုံသည် ထန်ဟန့်၏ တောင်ခြေမှတဲကလေးကို တိုက်ခိုက်မည်ဟု အင်အားအပြည့် အားအဆင်ဆင့် ပြုလုပ်ပြီး ဝူချီပွတ်ရှိလိုမှ အမိန့်ကိုစောင့်နေသည်။

အကယ်၍ ဝူချီပွတ်ရှိလိုမှ အမိန့်ရပြီး သွားတိုက်လျှင်လည်း မည်သူ့ကိုမျှ တွေ့ရတော့မည် မဟုတ်ချေ။

ထန်ဟန့်တို့သည် ထိုတဲကို စွန့်ခွာပြီးဖြစ်ပေသည်။ သူတို့ခိုအောင်းရာ နေရာအသစ်သည်ကား ပိန်းစု၏ လက်ဖက်ရည်ဆိုင်ပင် ဖြစ်သည်။

ထိုဆိုင်ကို သူတို့ပိတ်ထားကြသည်။ ထန်ဟန့်တို့သည် သတ္တိရှိရှိနှင့် အန္တရာယ်အများဆုံးနေရာတွင် ခိုနေခြင်း ဖြစ်သည်။

ထန်ဟန့်သည် ရန်သူက တိုက်ခိုက်မည်ဟူသော နေရာများကို တွက်ချက်ထားသည်။

ထန်ဟန့်၏ တွက်ချက်အရ အကယ်၍ ရန်သူသည် သူတို့အား ရှာဖွေတိုက်ခိုက်မည်ဆိုလျှင် မြို့ပြင်ရှိ မုဆိုးကျော်ဆော့ဟူ၏ တောင်ခြေမှတဲကလေးကို ပထမဦးစွာ ရှာဖွေတိုက်ခိုက်မည် ဖြစ်သည်။



ဒုတိယပစ်မှတ်ကား မိုးပျံကျားသစ် အုံယန်ကျွန့်နေထိုင်ခဲ့သည့် ဂူပေါက်တစ်လုံး ဖြစ်သည်။

ထို ပစ်မှတ်နှစ်ခုသည် အဓိက ပစ်မှတ်ဖြစ်သည့် မြို့ပြင်ပစ်မှတ်နှစ်ခုတွင် သူတို့ကို မရှာမတွေ့လျှင်တော့ မြို့ထဲရှိ ပစ်မှတ်များကို တိုက်ခိုက်ကြပေမည်။

မြို့တွင်းရှိ ပထမပစ်မှတ်မှာ လျူဖော့တို့လင်မယား နေအိမ်ဖြစ်လေသည်။ ဒုတိယပစ်မှတ်မှာ ကျောက်အဘိုးအို၏ ခေါင်းဆိုင်ဖြစ်သည်။ တတိယပစ်မှတ်မှာ တိန်းအော့၏ ပဲပြားဆိုင် ဖြစ်သည်။ စတုတ္ထပစ်မှတ်မှာ ဆေးဆရာကြီး ဟိုကျီးကြင့်တို့၏အိမ် စသည့်နေရာများ ဖြစ်လေသည်။

ထို့ကြောင့် ထန်ဟန့်အဖို့ ရွေးချယ်ရန် လမ်းနှစ်သွယ်သာ ရှိတော့သည်။ လမ်းတစ်သွယ်မှာ ဤမြို့မှ ထွက်ခွာသွားရန်နှင့် အခြားလမ်းတစ်သွယ်မှာ ပိန်းစု၏ အန္တရာယ်ရှိသော လက်ဖက်ရည်ဆိုင်၌ ခိုအောင်းနေထိုင်ရန်ပင် ဖြစ်သည်။ ထန်ဟန့်သည် ပိန်းစု၏ လက်ဖက်ရည်ဆိုင်ကို ရွေးချယ်လိုက်လေသည်။

ပိန်းစုတို့ လင်မယားသည် ဤမြို့ကလေးရောက်မှ စီးပွားတတ်လာခြင်း ဖြစ်၏။ အခြား လက်ဖက်ရည်ဆိုင်များ ရှိသော်လည်း ပိန်းစုတို့လောက် မရောင်းရချေ။

ထို့ကြောင့် ဤမြို့ကလေးရောက်မှ ဝိန်းစုတို့ ချမ်းသာလာကြသည်။ သူတို့သည် ရိက္ခာများကို ပြည့်စုံစွာ ဝယ်ယူထားကြသည်။

ထို ရိက္ခာခြောက်များသည် ထန်ဟန့်တို့အတွက် ဆယ့်ငါးရက်စာမျှသော ရိက္ခာကို ရရှိစေသည်။ ထို့အပြင် လက်ဖက်ခြောက် အကောင်းစားများကိုပည်း သိုလှောင်ထားလေ၏။ လက်ဖက်ရည်ဆိုင်ဖြစ်၍ လက်ဖက်ခြောက်ကောင်းကောင်းကို သိုလှောင်ထားခြင်း ဖြစ်ပေသည်။

ထန်ဟန့်တို့အုပ်စုမှာ အပိုဆုပေါက်သလို လက်ဖက်ခြောက်ကောင်းကောင်းနှင့် တိုးနေတော့သည်။ ယခုအခါ သူတို့အားလုံးသည် ထမင်းစားသောက်ပြီးဖြစ်၍ တန်ဖိုးကြီးသော လက်ဖက်ခြောက်ခတ်ထားသည့် ရေနွေးကြမ်းပန်းကန် ကိုယ်စီကိုင်ကာ သောက်သုံးနေကြလေသည်။

ထင်ဟန့်က ...

"အခု ကျွန်တော်တို့ရဲ့ သေနင်္ဂဗျူဟာက မှန်နေတယ်လို့ ဆိုရမယ်"

အုံယန်ကျွန့်က ...

"ဆိုစမ်းပါဦးကွာ"



"အခု အခြေအနေကို ပြောရမယ်ဆိုရင် ရန်သူက ဦးစီးကြီးကြပ်သူတစ်ဦး၊ လက်ဝဲ လက်ယာရဲ စစ်သူကြီးနှစ်ယောက်၊ အဆင့်မြင့် လူသတ်သမားကိုးယောက်ကို ကျွန်တော်တို့က ရှင်းလင်းပစ်ပြီးပါပြီ၊ ကျွန်တော်တို့ဘက်ကတော့ တစ်ယောက်မှ ကျဆုံးခြင်း မရှိသေးပါဘူး"

ထိုအခါ ကောင်းလိန်ဖုန်းက ကြားဖြတ်ဝင်ပြောလိုက်သည်။

"ထန်ဟန့် ... ခင်ဗျားပြောပုံက မဟုတ်သေးပါဘူး၊ ကျူပ်မိးနဂါး တုကူးလျှပ်ကို ဘယ်လိုသတ်လိုက်တယ်ဆိုတာ ခင်ဗျားပြောပြပါဦးဗျာ၊ ကျုန်တဲ့လူတွေလည်း နည်းယူရတာပေါ့"

အုံယန်ကျွန့်က ...

"လုံ့ရဲ့ ပစ်သတ်တာများ အဆန်းလုပ်လို့ကွာ"

"ဆန်းတာပေါ့ဗျာ၊ တုကူးလျှပ် ရှောင်တောင် မရှောင်နိုင်ဘူး၊ မဟုတ်လား"

"ဟ ... ဘယ်ရှောင်နိုင်မလဲ၊ သူက ငါ့ကို မဲနေတာကိုးကွ၊ သူက ငါ့နောက်လိုက်ချင်နေတာ၊ ငါက တုကူးဝေလို သတ်ပစ်လိုက်တယ် မဟုတ်လား၊ အဓိကလူကတော့ ငါပဲကွ"

"ဦးလေးက အသားယူနေပြန်ပြီ"

"ဟုတ်တာ ပြောတာလေကွာ၊ သူက ငါ့ကိုမဲနေတော့ မင်းရဲ့ လုံ့တိုကို ဂရုမစိုက်နိုင်ဘူးပေါ့၊ အဲဒီမှာ သူ သေတာပဲ"

"ဦးလေးကို ကျုပ်က ကျေးဇူးတင်ရဦးမှာပေါ့"

"ကျေးဇူးတင်သင့်ရင် တင်ရမယ်လေကွာ"

"တော်ပါပြီဗျာ၊ ဦးလေးတို့အချိန် မဟုတ်တော့ဘူး၊ ကျုပ်တို့အချိန် ... ကျုပ်တို့အချိန်"

ထန်ဟန့်က ...

"တော်ကြစမ်းပါကွာ၊ ငါ ပြောပါရစေဦး"

အုံယန်ကျွန့်နှင့် ကောင်းလိန်ဖုန်းတို့ ငြိမ်သက်သွားကြသည်။

"ကျွန်တော်ပြောမယ်၊ အခြေအနေက လောလောဆယ် ကျွန်တော်တို့ဘက်က နိုင်နေပေမယ့် အင်အားကတော့ သူတို့ဘက်က သာလျက်ပဲ၊ ရန်သူအင်အား မနည်းဘူး၊ အခု ရန်သူအင်အား ဘယ်လောက်ရှိတယ်ဆိုတာ သိကြရဲ့လား"

ကောင်းလိန်ဖုန်းက ...

"ရန်သူအင်အား ဘယ်လောက်ရှိသလဲ"

ထန်ဟန့်က ...

"သိုင်းဘုရင်ကြီး၊ ဦးစီးကြီးကြပ်သူနှစ်ဦး၊ လက်ဝဲရံ လက်ယာရံ အမတ်ကြီးနှစ်ဦး၊ ကျွင်းရှင်း စေတမန်သုံးဦး၊ အဆင့်ဆင့် လူသတ်သမား လေးဆယ်လောက် ရှိတယ်၊ ကဲ ... ဒီအထဲမှာ မင်းနိုင်တာ ဘယ်နှစ်ယောက်ရှိနိုင်သလဲ"



ကောင်းလိန်ဖုန်းက ပွင့်လင်းစွာ ပြောလိုက်သည်။

"ကျွန်တော် တစ်ယောက်မှ မနိုင်ဘူးလို့ ထင်တာပဲ"

ထန်ဟန့်က ...

"အေး ... မင်းသိရင် တော်ပြီ"

"ဒါပေမယ့် ဘယ်လောက်တော်တဲ့လူပဲဖြစ်ဖြစ် ကျုပ်နဲ့တွေ့လိုက်ရင် လန့်သွားမယ်၊ ကျုပ်ကတော့ တွေ့တဲ့လူကို ချမှာပဲ၊ မီးနဂါးတုကျားလျှပ်ဟာ အဆင့်မြင့်သိုင်းပညာရှင်ပဲ၊ သူ့ကိုတောင် ကျုပ်ချနိုင်သေးတာပဲ၊ ဟင်း ... သူတို့ ဘယ်လောက်အဆင့်မြင့်မြင့် ကျုပ်နဲ့တွေ့ရင် ဖြုံသွားမယ်ဗျ"

အုံယန်ကျွန့်က သက်ပြင်းချလိုက်၏။

"လာပြန်ပြီ ဒီကောင်၊ မီးနဂါးတုကျားလျှပ်အကြောင်းပဲ ပြောလို့မဆုံးတော့ဘူး"

အားလုံး ရယ်မောလိုက်ကြ၏။

ကောင်းလိန်ဖုန်း သုန်သုန်မှုန်မှုန် ဖြစ်သွားသည်။ အားလုံးက

ကောင်းလိန်ဖုန်း သုန်သုန်မှုန်မှုန် ဖြစ်သွားသည်ကို ကြည့်ပြီး ထပ်မံရယ်မောလိုက်ကြသည်။

ထန်ဟန့်က ...

"ကောင်းပြီ ... အားလုံး အခြေအနေ ကောင်းပါတယ်၊ ငါတို့သွားကြရအောင်"

ကောင်းလိန်ဖုန်းက မေးလိုက်သည်။

"ဘယ်ကို သွားမှာလဲ"

"တောင်ခြေက တဲကိုပေါ့"

ကောင်းလိန်ဖုန်းက ပြောလိုက်သည်။

"ခင်ဗျား ရှုးနေသလားဗျ"

"ဟ ... ငါမရှုးပါဘူး"

"ခင်ဗျားပဲ ပြောခဲ့တယ်၊ ရန်သူတွေက ပထမဦးဆုံး ကျုပ်တို့ကိုရှာရင် အဲဒီတဲမှာ ရှာမယ်လို့ ခင်ဗျားပဲပြောခဲ့တယ်၊ အဲဒီကိုကျုပ်တို့သွားရင် အကြီးအကျယ် အန္တရာယ်တွေ့နိုင်မှာပေါ့ဗျ"

ထန်ဟန့်က ရှင်းပြသည်။

"ဟုတ်ပါတယ်ကွာ၊ အခုဟာက ငါတို့ဟာ ရန်သူအလာကိုတစ်နေရာက ထိုင်စောင့်နေရတဲ့ အဖြစ်မျိုး မဟုတ်ပါဘူး၊ ငါတို့ကို



လည်း ဘယ်သူကမှ လာမတိုက်နိုင်ပါဘူး၊ အခု ရန်သူဘယ်သွားတယ် ဘယ်လာတယ်ဆိုတာကို ငါတို့က စုံစမ်းရတဲ့ အခြေအနေပါ၊ မင်း နားလည်ရဲ့လား"

ကောင်းလိန်ဖုန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ... နားလည်ပါပြီ"

ထန်ဟန့်က ရယ်စရာမောစရာအဖြစ် ပြောလိုက်သည်။

"ကောင်းလိန်ဖုန်း ... မင်းနောက်ကို ဦးနှောက်များများသုံး၊ စကားနည်းနည်းပြော၊ ငါ စိတ်ကူးပေါက်ရင် မင်းကို တပည့်အဖြစ်လက်ခံမယ်"

အားလုံးက တဟားဟား ရယ်မောလိုက်ကြသည်။

ကောင်းလိန်ဖုန်းတစ်ယောက် စိတ်ဆိုးမာန်ဆိုးဖြင့် ထန်ဟန့်ကို ပြန်ပက်တော့မည်ဟု ထင်မိကြလေသည်။ ထိုအခါ ကောင်းလိန်ဖုန်းက စိတ်မဆိုးဘဲ ...

"အင်း ... ခင်ဗျားစကား ခင်ဗျားမှတ်ထားပါ၊ နောက်မှမဟုတ်ဘူး၊ ဒီစကားကို ငါမပြောပါဘူးလို့ မငြင်းနဲ့"

အားလုံး အံ့အားသင့်သွားကြလေသည်။

* * *

မိုးရွာသွန်းခဲ့ပြီးခြင်းကြောင့် သစ်ပင်များ စိမ်းလန်းစိုပြည်လျက် ရှိကြသည်။ သာယာသော တောင်ကြားဖြစ်၍ မိုးရေတင်မနေပေ။ မိုးရေများသည် လျှောကျသွားသည်။ သစ်ပင်ပန်းမန်များ စိမ်းစိမ်းစိုစို ဝေဝေဆာဆာ ရှိနေသဖြင့် တောင်ကြားလမ်းကလေးသည် နေချင့်စဖွယ် ရှိနေပေသည်။

ထိုတောင်ကုန်းထက်တွင် တဲအိမ်ကလေးတစ်လုံး ရှိနေ၏။ ထိုတဲအိမ်၏ရှေ့တွင် မျက်စိတစ်ဖက်လပ်သော အဘိုးအိုနှင့် မြောင်အမျိုးသမီးနှစ်ယောက်တို့ အရပ်လေးမျက်နှာသို့ စောင့်ကြပ်ကြည့်ရှုနေကြသည်။

အဘိုးအို၏ တစ်ဖက်တည်းသော မျက်စိမှာ စူးရှလှ၏။ အဘိုး အိုသည် မျက်စိတစ်ဖက်လပ်နေသော်လည်း ဥာဏ်ထက်မြက်ပုံ ရပေ သည်။

မြောင် အမျိုးသမီးနှစ်ယောက်မှာလည်း အသက်မကြီးလှချေ။ သုံးဆယ်ခန့်သာ ရှိကြဦးမည်။ သူတို့သည် ပြည့်ပြည့်ဖြိုးဖြိုး လှလှပပ ရှိကြသည်။ ကိုယ်လုံးကိုယ်ပေါက်များမှာ အချိုးကျလှပေသည်။

ထူးခြားသည်မှာ သူမတို့၏ မျက်လုံးများဖြစ်သည့် ရီဝေနေကြ၏။ စကားပြောနေသည်ဟု ထင်မှတ်ရ၏။ တစ်ကိုယ်လုံး



ခြုံကြည့် လျှင်လည်း အလှအပ၌ ပြောစရာမရှိချေ။ ဆွဲဆောင်မှု အပြည့်အဝ ရှိကြပါသည်။

တောင်ကြားလမ်းထဲ၌ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ လမ်းလျှောက်နေသူများ ရှိလေသည်။ သူတို့၏ မျက်နှာများသည် ရက်စက်ကြမ်းကြုတ်သော ပုံသဏ္ဌာန်ရှိသဖြင့် လူသတ်သမားများ ဖြစ်ကြောင်း သိနိုင်ပေသည်။

သူတို့သည် ဝေ်ပြတ်နေသော ချွေးအများက သားကောင်ကို စောင့်လင့်နေသည့်ပုံမျိုး ပေါက်လေသည်။ သူတို့သည် အချိန်အတော်ကြာ စောင့်လင့်နေခဲ့ရသည်။

ထို့ကြောင့် တချို့က စိတ်မရှည်တော့ဘဲ တွေ့ရာ သစ်ပင်များကို ဓားများဖြင့် တရွှမ်းရွှမ်း ခုတ်နေကြသည်။

တချို့ကမူ တောင်ကုန်းပေါ်၌ ရပ်နေသော မြောင်အမျိုးသမီး နှစ်ယောက်ကို ငေးမောရှုစားနေကြသည်။ သူတို့၏မျက်နှာပေါ်တွင် လိုချင်တပ်မက်သည့် အရိပ်အယောင်များ ပေါ်နေကြသည်။

သူတို့ တပ်မက်မည်ဆိုလျှင်လည်း တပ်မက်လောက်ပါပေသည်။ မြောင်အမျိုးသမီးနှစ်ယောက်သည် ရှိုက်ကြီးဖိုငယ် အသွယ်သွယ်ဖြင့် ပြည့်စုံကြသည် မဟုတ်ပါလား။

အမျိုးသမီးကမူ အောက်မှ လူသတ်သမားများကို လုံးဝ ဂရုမစိုက်ချေ။ သူတို့သည် အရပ်လေးမျက်နှာမှ ရောက်လာမည့် လူစိမ်းများကိုသာ ကြည့်ရှုနေကြ၏။

ဤတောင်ကုန်းနှင့် အတန်ငယ်လှမ်းသော တောင်ကုန်းထက်၌ လူတစ်စု ရောက်ရှိနေပါသည်။ ထိုတောင်ကုန်း၌ သူတို့သည် ထင်ထင်ပေါ်ပေါ် မရပ်ကြပါ။ ရပ်လျှင် မျက်စိတစ်ဖက်လပ် အဘိုးအိုနှင့် မြောင်အမျိုးသမီးနှစ်ဦးက တွေ့မြင်နိုင်ပါသည်။

သူတို့သည် သစ်ပင်များကို အကာအကွယ်ယူလျက် မျက်စိတစ်ဖက်လပ် အဘိုးအိုရှိသော တောင်ကုန်းကို လှမ်းကြည့်နေကြ၏

ကောင်းလိန်ဖုန်းက မေးလိုက်သည်။

"ထန်ဟန့် ဟိုအဘိုးကြီးကဲ့ ဒီနေရာမှာ ခေါင်းဆောင်လားဗျ၊ သူ့ကို ကြည့်ရတာ ဟန်နဲ့ပန်နဲ့၊ ဟန်ပန်အရကိုက ကြီးကြပ်သူဖြစ်မှန်း သိသာတယ်"

ထန်ဟန့်က ပြောလိုက်၏။

"အေး ... ဟုတ်တယ်ကွ"

"သူ့နာမည် ဘယ်သူလဲ"

"မသိဘူး"



"အင်း ... ကျုပ်တော့ မြည်းတစ်ကောင်နဲ့ စကားပြောသလို ဖြစ်နေပြီ"

"ဟာ ... ဒီကောင် သေတော့မှာပဲ၊ မတော်စပ်ရသေးတဲ့ ဆရာသမားကို ဒီလိုပဲပြောရသလား"

"ခင်ဗျားက မသိဘူးချည်း ပြောနေတာကိုးဗျ"

"ငါမှ မသိတာဘဲကွာ၊ မသိတာကို မသိဘူးမပြောလို့ ဘယ်လိုပြောရမှာလဲ၊ သိတယ်လို့ ပြောရမှာလား"

သူတို့သည် ခေတ္တစကားပြော ရပ်သွား၏။ ကောင်းလိန်ဖုန်းက အမျိုးသမီးနှစ်ယောက်ကို မြင်တွေ့လေသည်။

"ဟို အမျိုးသမီးနှစ်ယောက်ကရော ဘယ်သူတွေလဲဗျ"

"မြောင် အမျိုးသမီးနှစ်ယောက်ပါ"

"မြောင်အမျိုးသမီးတွေ ..."

"ဟုတ်တယ် ... တရုတ်ပြည် တောင်ပိုင်းမှာနေတဲ့ မြောင်အမျိုးသမီးနှစ်ယောက်ပဲ၊ သူ့တို့နာမည်က တိန်းမကျွေ့နဲ့ တိန်းချုန်ဝေတဲ့"

"သူတို့ရဲ့ ဆရာသမီးကိုရော ခင်ဗျား သိလား"

"ယှဲ့ယဲ့တုန်ခေါ်တဲ့ ရသေ့မပဲ"

"ခင်ဗျား တယ်သိပါလား၊ အကုန်သိနေရာပဲ"

"ဟင် … မင်းဟာက သိတာကိုပြောပြန်လည်း တစ်ပြစ်၊ မသိတာကို မသိဘူးလို့ ပြောတော့လည်း တစ်ပြစ်ပါလား"

"အလကားနောက်တာပါဗျာ၊ ခင်ဗျားသိတာကို ကျုပ် ချီးကျူးပါတယ်"

"ချီးကျူးကောင်းပါတယ်ကွာ၊ ကိုယ့်ဆရာဖြစ်မယ့်သူကို ဒီလောက်တော့ ချီးကျူးဖို့ သင့်ပါတယ်"

"ခင်ဗျားက ယှဲ့ယှဲ့ဟုန်အကြောင်း ဘယ်လိုလုပ် သိတာလဲ၊ ပြောပြစမ်းပါဦး၊ ခင်ဗျားနဲ့များ ပညာပြိုင်ဖူးလို့လား"

"ဟ … အဲဒီ မြောင်အမျိုးသမီးတွေတောင် ငါ့ထက် ဆယ်နှစ်လောက် ကြီးကြတယ်ကွ၊ ဒါက သူ့တို့ရဲ့ဆရာနဲ့ ဘယ်လိုပညာပြိုင်မှာလဲကွာ"

"မသိဘူးလေဗျာ … ခင်ဗျားဟာ မီးခဲထန်ဟာန့် မဟုတ်လား၊ ဘာမဆို ဖြစ်နိုင်တာမို့ မေးရတာပါ"

"မပြိုင်ဖူးပါဘူးကွာ၊ ဒါပေမယ့် ငါ့ဆရာဟာ ဒီရသေ့မနဲ့ ပညာပြိုင်ဖူးပါတယ်"

"သြော် … သြော် … ဒါကို ခင်ဗျားဆရာက ပြောပြတာပေါ့"

"ဟုတ်ပါတယ် … ဆရာပြောပြလို့ သိရတာပါ"



စကားပြောသံ တိတ်ဆိတ်သွားသည်။

ကောင်းလိန်ဖုန်းက …

"အခု ကျုပ်တို့ ဒီလိုပဲ စောင့်နေရတော့မှာလားဗျာ၊ ကျုပ်ကတော့ မစောင့်ချင်ဘူး၊ ဝင်တိုက်ချင်တယ်"

ထန်ဟာန့်က လက်ကာပြလိုက်သည်။

"လာတော့မယ် … လာတော့မယ်"

"ဘာလာတော့မှာလဲ"

"ပွဲကြီး ပွဲကောင်းလေ … ကြည့် … ကြည့် … လာပြီ"

လာနေတာက လူတစ်ယောက်နှင့် မြင်းနက်ကြီးတစ်ကောင်။

ထိုမြင်းနက်ကြီးကို စီးပြီး အနက်ရောင်ဝတ်စုံကို တစ်ကိုယ်လုံးဖုံးအုပ် ဝတ်ဆင်ထားသည်။ မျက်စိကလေးပင် ပေါ်သည်။ သူ့ခါးတွင် ဓားရှည်တစ်လက်ကို ချိတ်ဆွဲထားပြီး အလွန်ကြီးမားသော ခမောက်ကြီးကို ဆောင်းထားသည်။

သူသည် မြင်းကို ကျွမ်းကျင်စွာ စီးနင်းလျက် တောင်ကြားထဲသို့ ဝင်ရောက်စပြုလာလေသည်။ အလွန်အရေးကြီးသော သဏ္ဌာန်ရှိလေသည်။ တဖြည်းဖြည်း တောင်ကြားထဲသို့ စဝင်တော့သည်။

ထိုစဉ် သူသည် တစ်စုံတစ်ခုကို မြင်သွားသဖြင့် မြင်းဇက်ကြိုး

ကို ဆွဲရပ်လိုက်၏။ မြင်းကြီးသည် အသံရှည်ဖြင့် တစ်ချက်ဟီလိုက်ပြီး ရှေ့ခြေနှစ်ချောင်း လေထဲတွင် မြောက်တက်သွားတော့သည် မြေကြီးပေါ်မှ ကျောက်ခဲများပင် လွင့်စဉ်သွားသည်။

သူသည် တောင်ကြားထဲ၌ လူနှစ်ဆယ်ခန့်ကို တွေ့လိုက်ရသဖြင့် မြင်းကို ပတ်ရပ်လိုက်ခြင်း ဖြစ်သည်။ သူသည် ချက်ချင်းပင် မြင်းဇက်ကြိုးကို ဆွဲလှည့်လိုက်၏။ ထို့နောက် လာလမ်းအတိုင်း ထွက်ပြေးလေတော့သည်။

သူသည် မြင်း၏ ဝမ်းဗိုက်ကို ဒူးဖြင့်ခတ်လျက် ပြင်းထန်သော အဟုန်ဖြင့် ပြန်လည်ထွက်ခွာသွား၏။ လေပွေထွက်သွားသည့်အလား ဖုန်ယမ်းထွက်ခွာသွားသည်။

မျက်စိတစ်ဖက်လပ် အဘိုးအိုသည် မြင်းစီးသမား ပြန်လည်ပြေးထွက်သွားသည်ကို မြင်လိုက်သည်။

"ဟော့ ... ဒီကောင့်ကို မလွှတ်စေနဲ့၊ မြန်မြန်လိုက်"

သူ့အော်သံသည် တောင်ကြားထဲ၌ ပဲ့တင်ထပ်သွားလေသည်။

တစ်ခဏအတွင်း လူရိပ်များ ရှုပ်ယှက်ခတ်သွားသည်။ မြောင်အမျိုးသမီးနှစ်ဦးဖြစ်သော တိန်းမေကျွေ့နှင့် တိန်းချန်ဝေတို့သည် တောင်ကုန်းပေါ်မှ လွှားခနဲ ခုန်ဆင်းသွား၏။



တောင်ကြားမှာရှိသော လူသတ်သမားများသည်လည်း ထိုမြင်းစီးသမားနောက်သို့ အမိပြေးလိုက်ကြတော့သည်။

* * *

## အခန်း (၃၈)

## ထိပ်တိုက် ယှဉ်ပြိုင်ခြင်း

"မြင်းပေါ်က ဘယ်သူလဲဗျ"

"စွန်းလူယီပါ"

"တော်လိုက်တဲ့ စွန်းလူယီ၊ ကောင်းလိုက်တဲ့ စွန်းလူယီ၊ ဒီကောင် အစက ရိုးရိုးအအနဲ့ မြင်းတောင် စီးတတ်မယ်မထင်ဘူး၊ အခုတော့ စီးလိုက်တာကြည့်စမ်း၊ မြင်းစီးသူရဲကျနေတာပဲ၊ တကယ်တော်တာပဲ၊ သူ့လို ကျုပ်တို့ထဲက ဘယ်သူမှ စီးနိုင်မယ် မထင်ဘူး"

"အေး ... ဒါကြောင့် ငါက သူ့ကိုရွေးထားတာပေါ့ကွ"

"ဒီကောင် ဒီတောင်ကြားကို မြင်းစီးထွက်လာတယ်၊ ဘာရည်ရွယ်ချက်လဲဗျ"





"ရန်ချင်မြို့ကိုသွားအောင် ဒီလူတွေကို မျှားခေါ်တာပါ"

"ဒီလိုဆိုရင် ရန်သူရဲ့အင်အားကို ခွဲစိတ်လိုက်တဲ့ သဘောပေါ့၊ ဟုတ်လား၊ ဒီလူတွေကလည်း ဦးနှောက်မရှိတော့ဘူး"

"ဦးနှောက်မရှိဘူးလို့ မပြောနဲ့လေကွာ၊ ဘယ်သူမဆို ငါးစာနဲ့ မျှားရင် ဟပ်မိမှာပဲ၊ နောက် အစီအစဉ် ဘယ်လိုရှိမှန်း သူတို့မှ မသိကြတာ၊ အဲဒီတော့ စွန်းလူယီနောက်ကို လိုက်ကြတော့တာပေါ့"

"ဒါဖြင့် အခု ကျုပ်တို့ ဘယ်သွားကြမလဲဟင်"

"ဝူရှီပွတ်ရိုလိုလေ"

"ဝူရှီပွတ်ရိုလိုကို ဘာလုပ်ဖို့ သွားမှာလဲဗျ၊ သိုင်းဘုရင်ကြီးဆီ အစေားဝင်မလို့လား"

"မဟုတ်ဘူး၊ ဝင်စီးဖို့ကွ"

ထန်ဟန့်သည် ထိုသို့ ပြောပြီးသည်နှင့် တောင်ကုန်းပေါ်မှ ဆင်းလာလေတော့သည်။

* * *

ဝူရှီပွတ်ရိုလိုဟုခေါ်သော သိုင်းအဖွဲ့အစည်းကြီး၏ ရောင်းဝယ်

ရေးလုပ်ဆောင်ရာ ဌာနသည် ကျယ်ပြန့်သော မြေကွက်ကပ်ပေါ်တွင် ဆောက်လုပ်ထားသည်။

သီးသန့်ဆောင် အမြောက်အမြားရှိသည်။ အပေါ်ထပ် အောက်ထပ်ခန်းမ ရှိသည်။

ရှေ့တွင် ကျယ်ပြန့်သော ကွင်းပြင်ရှိသည်။ ထိုကွင်းပြင်တွင် ဂျုံ၊ စပါး စသော အစေ့အဆန်များကို လှမ်းနိုင်သည်။ ညဘက်တွင် မီးထွန်းပွဲ ကျင်းပရန် နဂါး၊ မြွေသို့စသော ရိုးရာကပွဲများ က,ပြရန် အသုံးဝင်သည်။ သို့ရာတွင် ထိုကွက်လပ်သည် ယခုတော့ တိုက်ပွဲဖြစ်ရာကွင်းပြင် ဖြစ်တော့မည်။

ဝူချီပွတ်ရှိလို၏ နီရဲသော တံခါးမကြီးကို ဖွင့်လှစ်လိုက်လျှင် ရက်စက်ကြမ်းကြုတ်သော မျက်နှာရှိသည့် လူအယောက် လေးဆယ်တို့သည် နှစ်တန်းခွဲလျက် မျက်နှာချင်းဆိုင် ရပ်နေကြလေသည်။ လက်ထဲတွင်လည်း ဓား၊ လှံ၊ လေးမြားခက်ရင်းနှင့် သံတုတ် စသည်တို့ကို အမျိုးမျိုး ကိုင်ဆောင်ထားကြသည်။

ဤလူလေးဆယဆိုသည်မှာ ဝူချီပွတ်ရှိလို၏ အင်အား သုံးပုံတစ်ပုံသာ ဖြစ်ပါသည်။ အထဲရှိ လျှို့ဝှက်သောနေရာများတွင် အင်အားမည်မျှ လျှို့ဝှက်ထားသည်ကို မသိနိုင်ပါ။



ထိုသို့ မျက်နှာချင်း ဆိုင်ရပ်နေသည့် လူများရှေ့တွင် အဘိုးအို ငါးယောက် ရပ်နေကြသည်။

လိပ်ပြာသိုင်းသမား ရှားတောင်လို ... ဦးစီးကြီးကြပ်သူ။

ပထမသူဌေး ပိုင်တန်းထိန်း ... လက်ဝဲရံ အမတ်ကြီး။

ငါးမျှားတံသိုင်းသမား ယိထိုင့်ဖိန် ... လက်ယာရံ အမတ်ကြီး။

ရှန်ကျိုးရသေ့ အိခြ ... သိုင်းဘုရင်၏ ကိုယ်ရံတော်။

ဟိုပင်သူဌေးသား မိန်ရှန် ... ကျောင်းရှင်စေတမန် နံပါတ်ခုနစ်။

ဤလူတန်းနှင့် မျက်နှာချင်းဆိုင်တွင် လူတစ်စု မတ်တတ်ရပ်လျက် ရှိနေပါသည်။

၎င်းတို့မှာ ...

မိုးပျံကျားသစ် အုံဟန်ကျွန့် ...။

ယိစုသူဌေးသား ရဲ့ယိယဲ့ ...။

ကြယ်မှုဓားသမား ချောင်လူပိန်း ...။

ချွမ်းယန်ဓားသမား လျှိုရောက်ယန့် ...။

အသက်ခြွေဓားသမား ဝန်းလျံယိ ...။

ကြယ်တံခွန်ဓားသမား ချင်ချင်ယွန်တို့ အသီးသီး ဖြစ်ကြသည်။

အုံယန်ကျွန်း ရဲ့ယိယဲ့နှင့် ဓားပျံဂိုဏ်းသိုင်းသမား လေးယောက်တို့သာ ဖြစ်ကြပါသည်။

သိုင်းဘုရင်ကြီးဘက်မှ လူများက များပြားလှပါသည်။ သိုင်းဘုရင်ကြီး၏ အကြီးအကဲငါးယောက်ကို ဘေးဖယ်ထားပြီး လူသတ်သမား လေးဆယ်နှင့် ယှဉ်ပြိုင်လျှင်ပင် သူတို့သည် အသေအလဲ တိုက်ခိုက်ရပေမည်။

ဤအချက်ကို အုံယန်ကျွန်းတို့ မသိဘဲရှိကြသည်လား မပြောနိုင်ပေ။ ဤလူခြောက်ယောက် ဝူရှီပွတ်ရှိလိုသို့ ရောက်လာခြင်းမှာ ကိုယ့်သေတွင်း ကိုယ်တူးခြင်းသာ ဖြစ်ပါသည်။

ယိစုသူခွေးသား ရဲ့ယိယဲ့သည် ယခင်က အဆိပ်သင့်ပြီး တစ်ကိုယ်လုံးရှိ အတွင်းအားနှင့်တကွ သိုင်းပညာများပင် ပျောက်ဆုံးမလို ဖြစ်ခဲ့ဖူးပါသည်။ ကံကောင်းထောက်၍သာ အန္တရာယ်မှ လွတ်မြောက်ခဲ့ခြင်း ဖြစ်ပါသည်။

ရဲ့ယိယဲ့သည် ဆွမ်းခံရင်းငှက်သင့်ခြင်း ဖြစ်ပါသည်။ သူသည် အလွန်ချောမောလှပသည့် သူခွေးသား ဖြစ်ပါသည်။ ထိုသူခွေးသားကို မိန်းကလေးတစ်ဦးက အရူးအမူး ချစ်နေပါသည်။ တကယ်တော့ ရဲ့ယိယဲ့က ထိုမိန်းကလေး သူ့ကိုချစ်နေသည်ကိုပင် မသိပါ။ ထိုအခါ



မိန်းကလေးကိုချစ်နေသည့် ကျောင်းရှင်းစေတမန်တစ်ဦးက ရဲ့ယိယဲ့ကို လုပ်ကြံခြင်းဖြစ်သည်။ အခြောက်တိုက် လုပ်ကြံခံရခြင်း ဖြစ်သည်။

ရုပ်ချောသော လူငယ်တစ်ဦးအဖို့ ဤသို့ပင် ဖြစ်တတ်ပါသည်။ အကြောင်းမရှိဘဲ ရန်ငြိုးဖွဲ့ချင် ဖွဲ့ခံရတတ်ပါသည်။

ယခု ဓားပျံဂိုဏ်းမှာ ယခင် ဓားပျံဂိုဏ်း မဟုတ်တော့ပါ။ ယခင်က ငွေအင်အား လူအင်အား တောင့်တင်းသော ဂိုဏ်းကြီး တစ်ခု ဖြစ်ပါသည်။ ဂိုဏ်းချုပ်ကြီး လုပ်ကြံခံရပြီး ရရှိသောဒဏ်ရာကို ကုသရသဖြင့် ဂိုဏ်းကြီးမှာ ရှိရှိသမျှ ငွေကုန်သလောက် ဖြစ်သွား၏။

ငွေမရှိသောအခါ လူအင်အားလည်း တဖြည်းဖြည်း လျော့နည်းသွားပါသည်။ ထို့နောက် ဂိုဏ်းကြီးတစ်ခုလုံး ပျက်စီးသွားပြီးနောက် ဓားပျံဂိုဏ်းချုပ်ကြီးနှင့် ဓားပျံဂိုဏ်းသားလေးယောက်သာ ကျန်ရှိပါတော့သည်။

မိုးပျံကျွန်းသစ် အုံယန်ကျွန်းမှာ သူ့အစ်ကိုနှစ်ဦး သေဆုံးရသည့်ကိစ္စကို နဂါးနှစ်ကောင် ဂိုဏ်းချုပ်နှစ်ဦးကြောင့်ဟု ထင်ခဲ့ပါသည်။ မှန်ပါသည်။ နဂါးနှစ်ကောင် ဂိုဏ်းချုပ်နှစ်ဦးက သတ်လိုက်ပါသည်။

သို့သော် ထိုနဂါးနှစ်ကောင် ဂိုဏ်းချုပ်နှစ်ဦးကို အမိန့်ပေးသည်ကတော့ သိုင်းဘုရင်ကြီး ဖြစ်ပါသည်။

ထို့ကြောင့် သူသည် သိုင်းဘုရင်ကြီးကို လက်စားချေရန် ရူချီပွတ်ရှိလိုသို့ ရောက်ရှိနေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဤနေရာသို့ ရောက်ရှိနေသည့် လူခြောက်ဦးမှာ အသီးသီး သိုင်းဘုရင်ကြီးနှင့် မပြေသောရန်ငြိုးရှိနေသူများ ဖြစ်ကြပါသည်။ ရဲ့ယီယဲ့သည် ကျွင်းရှင်းစေတမန်တစ်ဦးက လုပ်ကြံဖူးသဖြင့် သိုင်းဘုရင်၏အဖွဲ့ကို ရန်ငြိုးဖွဲ့သူ ဖြစ်သည်။

ဘေးပျံ့ဂိုဏ်းသား လေးယောက်မှာ သူတို့ဂိုဏ်းအား သိုင်းဘုရင်အဖွဲ့က ဖျက်ဆီးလိုက်သဖြင့် သိုင်းဘုရင်အား ရန်ငြိုးဖွဲ့သူတို့ ဖြစ်ကြပါသည်။ မိုးပျံကျားသစ် အုံယန်ကျွန့်မှာ သူ၏ အစ်ကိုနှစ်ယောက်အား သိုင်းဘုရင်ကသတ်ရန် အမိန့်ပေးသဖြင့် ရန်ငြိုးဖွဲ့သူ ဖြစ်သည်။

သူတို့သည် သူတို့အသက်ကို အဆုံးစွန် သဘောထားပြီး သိုင်းဘုရင်အဖွဲ့အစည်းကို တိုက်ခိုက်မည့်သူများ ဖြစ်ကြပါသည်။

၎င်းအဖွဲ့အစည်းတွင် ကြီးကြပ်ဦးစီးသူနှင့် အမတ်ကြီးတို့ ရာထူးမှာ မခြားနားလှပေ။ မည်သူက မည်သူ့ကိုမှ အမိန့်မပေးနိုင်။ လုပ်ပိုင်ခွင့်မှာ အတူတူပင်။ သူတို့သည် သိုင်းဘုရင်ကြီး၏ အမိန့်ကိုသာ နာခံရသည်။

ဤသည်မှာ သိုင်းဘုရင်ကြီး၏ ပရိယာယ်တစ်မျိုးပင် ဖြစ်



သည်။ သို့မှသာ လက်အောက်ခံများသည် သိုင်းဘုရင်ကြီးကို သစ္စာရှိကြမည် ဖြစ်သည်။

သိုင်းဘုရင်ကြီးကလည်း သစ္စာရှိအမှုထမ်းများကို စောင့်ကြည့်ရှုမည် ဖြစ်သည်။

ယခုအခြေအနေသည် အတိမ်းအစောင်းမခံသော အခြေအနေ ဖြစ်သည်။ ပိုင်တန်းထိန်းက စကားနည်းသူ ဖြစ်သည်။ ယီထိုင်ဖိန်ကတော့ ကောက်ကျစ်စဉ်းလဲသူ ဖြစ်သည်။

သူတို့သည် အခြေအနေကို စောင့်ကြည့်ရင်း စကားတစ်ခွန်းမျှ မပြောဘဲ ငြိမ်နေသည်။

ထိုအချိန်၌ စကားစပြောသူမှာ ရှားတောင်လို ဖြစ်လေသည်။ သူ့စိတ်ထဲ၌ အုအီတုံတစ်ယောက် မရှိတော့သည့်နောက် သူသာ အာဏာအရှိဆုံးလူ ဖြစ်လာသည်ဟု ထင်လေသည်။ နာမည်ကောင်းလိုချင်နေသည့် ရှားကောင်လိုသည် လက်ရှိ အခြေအနေကို မသုံးသပ်မိဘဲ ရှိနေလေသည်။

ရန်သူတို့သည် နှစ်ဦးနှစ်ဖက် မျက်နှာချင်းဆိုင် ရပ်မိသော အခါ ရှားတောင်လိုသည် အုံယန်ကျွန့်ကို လက်ညှိုးထိုးပြီး စတင်၍ စကားပြောလေတော့သည်။

"ဟော့ကောင် ... အုံယန်ကျွန့်၊ ဘာဖြစ်လို့ ထန်ဟာန့်ကို ခေါ်မလာတာလဲ၊ သူ့ကို ငါ တွေ့ချင်တယ်ကွ"

အုံယန်ကျွန့်က ခပ်တည်တည်ပင် ပြောလိုက်သည်။

"သူက မင်းတို့ရဲ့ အရှင်မင်းတရားကြီးကို စောင့်နေတာလေ၊ အရှင်မင်းတရားကြီးကို သူက တွေ့ချင်နေတာ"

ရှားတောင်လိုက ဒေါသသံနှင့် ...

"သူက ဘာကောင်မို့ သိုင်းဘုရင်ကြီးကို တွေ့ချင်နေရတာလဲ၊ လူတိုင်း မတွေ့နိုင်ဘူးကွ"

"သူက လူသားထဲက လူတစ်ယောက်ပါ"

အုံယန်ကျွန့်၏စကားကြောင့် ရှားတောင်လို ဘာပြန်ပြောရမည်မှန်းမသိဘဲ ဖြစ်သွားသည်။ အုံယန်ကျွန့်က ဖြည်းညင်းစွာ ပြောလေသည်။

"ထန်ဟာန့်က မင်းတို့ အထွတ်အမြတ်ထားတဲ့ သိုင်းဘုရင်ကြီးနဲ့မှ တွေ့ချင်တာ၊ မင်းတို့လို အရာမရောက်တဲ့ ခွေးကျွန်တွေနဲ့ မတွေ့ချင်လို့ ရှောင်နေတာကွ၊ မင်းတို့က အဆင့်အတန်း အမျိုးမျိုး ခွဲခြားထားတော့ ထန်ဟာန့်ကလည်း ခွဲခြားရတော့တာပေါ့၊ စိတ်မဆိုးနဲ့နော်"



ရှားတောင်လို စိတ်ဆိုး၍မရတော့ပေ။ သူ့ဒေါသအိုးသည် ပေါက်ကွဲသွားလေတော့၏။ မျက်လုံးများ နီရဲလာကာ တရှူးရှူး တရှားရှား ဖြစ်လာလေသည်။

သူသည် မိုးပျံကျားသစ်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ...

"မင်း ခွေးစကားပြောတယ်"

"ဒါပေါ့ ... ခွေးစကားကို ခွေးနားလည်တာ မဆန်းပါဘူး၊ မင်းနဲ့ငါ အတူတူနဲ့ အနူနူပဲကွာ"

ရှားတောင်လိုသည် စကားပြော၍ မရတော့ချေ။ ရှေ့သို့ခြေ လှမ်းသုံးလှမ်းတိုးပြီး အပြင်သို့ ထွက်လိုက်၏။

"ခွေးမသား ... ခွေးစကားပြောတဲ့ကောင်၊ ထွက်ခဲ့လေကွာ"

မိုးပျံကျားသစ်ကလည်း ဘာမှ ပြန်ပြောမနေပေ။ ရှေ့သို့ထွက်လာလေ၏။ သူတို့နှစ်ဦးသည် မျက်နှာချင်းဆိုင်ပြီး သူတို့သည် ကြီးမားသော ရန်ငြိုးရှိသူများပမာ အကြီးအကျယ် တိုက်ခိုက်ကြတော့သည်။

သိုင်းလောကအတွင်း ဤသို့ပင် ဖြစ်ပျက်တတ်ပါသည်။ အချို့သည် စကားများများပြောပြီး တိုက်ခိုက်တတ်သည်။ အချို့သည် စကားမပြောဘဲ တိုက်ခိုက်ကြသည်။

အချို့သော သိုင်းသမားများကား သူများ အသက်တစ်ချောင်းကို လုံး၀ တန်ဖိုးမထားတတ်ပေ။ ထစ်ခနဲဆိုလျှင် သတ်ပစ်ရန် ၀န်မလေးတတ်ပေ။

ဤသို့ ရက်စက်ကြမ်းကြုတ်သော လူအများအပြားပင် ရှိသည်။ သို့သော် သူတို့ သေရမည့်အလှည့်တွင် သတ်မည့်သူများအား လွန်စွာ တောင်းပန်တိုးလျှိုးကြသည်။

အချို့သော သိုင်းသမားတို့ကား လူတစ်ဦး၏အသက်ကို တန်ဖိုးထားကြသည်။ လူတစ်ဦးကို ကယ်တင်ရန် ကိုယ့်အသက်ကိုပင် စွန့်လွှတ်ကြသူများရှိသည်။ သို့သော် ယခု သိုင်းလောက၌ ထိုသို့ စိတ်ထားမျိုးရှိသော သိုင်းသမားများကား ရှားပါးသွားပါပြီ။

အုံယန်ကျွန့်နှင့် ရှားတောင်လိုသည် မည်သည့်ရန်ငြိုးရှိသနည်း။ အုံယန်ကျွန့်သည် သိုင်းဘုရင်ကြီးအား မုန်းတီးနေသဖြင့် သူ့လက်အောက်မှ လူမှန်သမျှကို သတ်ပစ်ရမည်ဟု ယုံကြည်ယူဆနေသူ ဖြစ်သည်။

ရှားတောင်လိုကလည်း သိုင်းဘုရင်၏ အဖွဲ့အစည်းကို ဆန့်ကျင်သူမှန်သမျှ သေရမည်ဟူသော စိတ်ဓာတ်ဖြင့် အပြင်းအထန် တိုက်ခိုက်နေခြင်း ဖြစ်သည်။



ထို့ပြင် ရှားတောင်လိုသည် သိုင်းဘုရင် ကြီးထံမှ မျက်နှာလိုချင်နေသူ ဖြစ်သည်။ ထို့ကြောင့် အုံယန်ကျွန့်အား ဤမျှ တိုက်ခိုက်နေခြင်း ဖြစ်သည်။

မျက်နှာမရ၊ ခြေထောက်ရမည့် အဖြစ်သို့ ရောက်မရောက်ကား စောင့်ကြည့်ရပေတော့မည်။ ဤနေရာတွင် အမတ်ကြီးနှစ်ဦးတို့သည် အလိမ္မာဖက်၍ နေကြသည်။

လက်ဝဲရံ အမတ်ကြီး ပိုင်ထန်းထိန်းနှင့် လက်ယာရံအမတ်ကြီး ယိထိုင့်ဖိန်တို့သည် တိုက်ပွဲကို ပွဲကြည့်ပရိသတ်အဖြစ် ကြည့်ရှုနေကြလေတော့သည်။

သိုင်းဘုရင်ကြီးကား ဘယ်မှာနည်း။

* * *

## အခန်း (၃၉)

## လုံဘုရင်၏ အစွမ်း

သဲကြီးမဲကြီး တိုက်ခိုက်နေသော အုံယန်ကျွန်နှင့် ရှားတောင်လိုတို့၏ တိုက်ပွဲကိုကြည့်၍ ပိုင်ထန်းထိန်းက ယိထိုင့်ဖိန်ကို မေးလိုက်သည်။

"သူတို့နှစ်ယောက်စလုံး လက်နက်မဲ့ သိုင်းပညာကို ကျွမ်းကျင်သူတွေပဲ၊ ခင်ဗျားအနေနဲ့ ဘယ်သူ့အတွင်းအားက ပိုကောင်းတယ်လို့ ထင်သလဲ"

ယိထိုင့်ဖိန်က ပြန်ပြောလိုက်သည်။

"အုံယန်ကျွန့်ရဲ့ သိုင်းကွက်က မာတယ်၊ ပြင်းထန်တယ်၊ စတိုက်တာနဲ့ အပေါ်စီးက တိုက်နိုင်တယ်၊ ရှားတောင်လိုက အတွင်းအား ပိုကောင်းတယ်၊ နောက်ပိုင်းကျရင် တဖြည်းဖြည်း အသာစီးရလာမယ်လို့ ထင်တယ်"



ပိုင်တန်းထိန်းက ခေါင်းညိတ်လိုက်သည်။ ယိထိုင့်ဖိန်၏ ခန့်မှန်းချက်ကိုသူလည်း သဘောတူသည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ သူတို့နှစ်ဦးစလုံးမှာ အဆင့်မြင့် သိုင်းပညာရှင်များ ဖြစ်ကြသည်။ သူတို့၏ ယူဆချက် လွဲမှားသည် မဟုတ်ချေ။

ဤသို့ ဝေဖန်နေစဉ် ရှန်ကျိုးရသော့ အိမ်ခြံသည် ရှေ့သို့ ထွက်လာလေသည်။ အခြေအနေကို မသုံးသပ်တတ်သောသူကို ပြပါဆိုလျှင် ရှားတောင်လိုနှင့် အိမ်ခြံတို့ကိုပင် ပြသရပေမည်။ အိမ်ခြံသည် ရာထူးတိုးတက်ခါစ၊ အာဏာရခါစဖြစ်၍ သိုင်းဘုရင်ကြီးအတွက် သစ္စာရှိ အမှုထမ်းဖြစ်ကြောင်း ပြသလိုနေပေသည်။

အိမ်ခြံသည် ဖုန်ခါတုတ်ကိုခါလိုက်ရင်း ယိစုသူငွေးသား ရဲ့ယိယဲ့ကို လှမ်းပြောလိုက်သည်။

"သူတို့နှစ်ယောက် ကစားနေတာကြည့်ရတာ ပျင်းစရာပါကွာ၊ လာပါ ... ငါတို့လည်း ကစားကြရအောင်"

ရဲ့ယိယဲ့က လေကို တစ်ဝကြီး ရှူသွင်းလိုက်သည်။ သူသည် ကျာပွတ်ကိုဆွဲထုတ်လိုက်ပြီး လေထဲသို့ ရိုက်လိုက်၏။

"ရှမ်း ..."

"ခင်ဗျားက စိန်ခေါ်မှတော့ ကျုပ်ကလည်း ဘယ်ရှောင်လို့

ဖြစ်ခဲ့တော့မှာလဲ၊ ဒီကိုလာကတည်းက တိုက်ဖို့လာတာပဲ၊ အဲဒီတော့ တိုက်ရတော့မှာပေါ့”

အိမ်ခြံကလည်း သူ၏ ဖုန်ခါတုတ်ကို လေထဲသို့ မြှောက်ယမ်းလိုက်သည်။

“ဝိုး … ဝိုး … ”

ထိုအချိန်တွင် ဝူချီပွတ်ရိုလို၏ အနောက်ဖက်လမ်းမကြီးပေါ်မှ မိုးခြိမ်းသံပမာ ကျယ်လောင်သောအသံကြီး ထွက်ပေါ်လာလေသည်။ လူအုပ်ကြီးတစ်အုပ် မြင်းစီးလာသော အသံပေတည်း။

မြင်းခွာသံများသည် တဝေါဝေါနှင့် တုန်ဟည်းနေသည်။ နှစ်ဦးနှစ်ဖက် ရန်သူများသည် အံ့သြသွားကြသည်။ မြင်းခွာသံပေါ်လာရာဘက်သို့ လှည့်ကြည့်မိကြလေတော့သည်။

မြင်းစီးသမား သုံးဆယ့်ခုနစ်ယောက်သည် မြင်းသုံးဆယ့်ခုနစ်ကောင်ကိုစီးလျက် ဝူချီပွတ်ရိုလိုရှိရာသို့ တဟုန်ထိုး စီးလာကြလေသည်။ ဦးဆောင်စီးလာသူမှာ အရပ်မြင့်မြင့် လူတစ်ယောက်ဖြစ်၏။

သူ့လက်ထဲတွင် ရွှေရောင်တောက်နေသော လှံတစ်ချောင်း။

မြင့်မားသော အရပ်အမောင်း၊ ခန့်ညားသော ဥပဓိရုပ်ရှိသူသည် ခေါင်းဆောင်ကောင်းတို့၏ ပုံသဏ္ဌာန်ပေတည်း။ သူ မည်သူနည်း။



သူ့ကို စာရှုသူများ သိကြပါသည်။ သူကား ဟွမ်ကျင်းကစားဝိုင်းတွင် ဒိုင်တစ်ဦးအဖြစ်လည်းကောင်း၊ ထိုးသားအဖြစ်လည်းကောင်း ဝင်ကစားခဲ့ဖူးသူ ထိုင်ပွန် မြင်းမွေးမြူရေးခြံပိုင်ရှင် သူဌေးကြီး ကျင်းမန်လိုပေတည်း။

ကျင်းမန်လို၏ နောက်ဘက်မှ ထက်ကြပ်မကွာ လိုက်ပါလာသော မြင်းစီးသမား သုံးဆယ့်ခြောက်ယောက်မှာ သူ၏ သွေးသောက်ညီအစ်ကိုများပမာ သစ္စာရှိလှသော တပည့်ရင်းများ ဖြစ်ကြပေသည်။ ထိုင်ပွန် မြင်းမွေးမြူရေးခြံကို မည်သူမျှ မတိုက်ခိုက်နိုင်ခြင်းမှာ ထို သုံးဆယ့်ခြောက်ယောက်သော တပည့်တို့ သစ္စာရှိစွာ စုစုံမှုကြောင့် ပေတည်း။

သူတို့ကို ထိုင်ပွန်သုံးဆယ့်ခြောက်ချန်းဟု ခေါ်သည်။

အဆင့်မြင့်သော လှံသမား သုံးဆယ့်ခြောက်ဦးပင်။

ကျင်းမန်လိုသည် ဝူချီပွတ်ရိုလို ကွက်လပ်ရှေ့သို့ မြင်းကို ဒုန်းစိုင်းလာပြီး ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

“ရပ်လိုက်စမ်း”

တိုက်ခိုက်နေသူ မိုးပျံကျားသစ် အုံယန်ကျွန့်နှင့် ရှားတောင်လိုတို့သည် ဘုမသိ ဘမသိဖြင့် ရပ်ဆိုင်းသွားကြလေသည်။ သူ့

အော်သံမှာ မိုးခြိမ်းသံပမာ ကျယ်လောင်လှသည်။ သူ့အတွင်းအားကို ထုတ်ပြလိုက်ခြင်းပင်။

တိုက်ခိုက်နေသူများမှာ ရပ်ဆိုင်းသွားပြီး ဇဝေဇဝါ ဖြစ်နေကြလေသည်။

"ဒီကောင် ... ဘယ်ဘက်က ရပ်တည်မှာလဲ၊ ထန်ဟန့်ဘက်ကလား၊ သိုင်းဘုရင်ကြီးဘက်ကလား"

ထိုမေးခွန်းများသည် ခန်းမကြီးထဲ၌ ရှိနေသော သိုင်းသမားများအားလုံး၏ရင်ထဲ၌ ဖြစ်ပေါ်နေသော မေးခွန်းများပင်။

ယခု ကျင်းမန်လိုမှာ ယခင် ကျင်းမန်လို မဟုတ်တော့ပေ။ ယခင်က အရက်သောက်၊ လောင်းကစားဝိုင်းတို့ဖြင့် မူးယစ်ရီဝေနေသော ကျင်းမန်လိုမဟုတ်တော့ပေ။ အတော်ပြောင်းလဲခဲ့လေပြီ။

သူသည် တောက်ပစူးရှသော မျက်လုံးအစုံဖြင့် အုံယန်ကျွန့်ကို ကြည့်လိုက်၏။

"ထန်ဟန့် ရောက်လာမှာပါ၊ ကျုပ်တို့ကို သူ အရင်လွှတ်လိုက်တာ၊ မကြာခင် ထန်ဟန့် ရောက်လာပါလိမ့်မယ်"

အုံယန်ကျွန့်က ဖြေလိုက်သည်။

ထို့နောက် ကျင်းမန်လိုက ပိုင်တန်းထိန်းဘက်သို့ လှည့်ကြည့်လိုက်သည်။



"မင်းတို့ရဲ့ ဦးစီးကြီးကြပ်ရေးမှူး အုအိတ့်ကော ဘယ်မှာလဲ"

"သေသွားပြီ"

"သေပြီ ... ဟုတ်လား၊ ဟား ... ဟား ... ဟား ..."

ကျင်းမန်လိုက ရယ်မောလိုက်သည်။

ပိုင်တန်းထိန်း မျက်နှာပျက်သွား၏။

ကျင်းမန်လိုက အားပါးတရ ရယ်နေသည်။ ပြီးမှ မေးခွန်းထုတ်လိုက်ပြန်သည်။

"အုအိတ့်ဟာ သိုင်းလောကမှာ ကျင်လည်ခဲ့တာ ကြာပြီပဲ၊ သူ့ကို တော်ရုံတန်ရုံလူ မသတ်နိုင်ဘူး၊ ဘယ်သူသတ်သွားတာလဲ"

"ဒါတော့ မသိဘူး၊ မီးခဲထန်ဟန့်ဖြစ်ဖို့ များတယ်၊ ဒီမှာက ပြိုင်ဘက်များများစားစား ရှိတာမဟုတ်ဘူး"

ပိုင်တန်းထိန်းက ပြောလိုက်ခြင်းဖြစ်၏။

ကျင်းမန်လိုက မိုးပျံကျားသစ်ကို လှမ်းကြည့်ပြန်သည်။

"ဘယ်လိုလဲဗျ ... ထန်ဟန့် ဟုတ်သလား"

မိုးပျံကျားသစ်က ရယ်လိုက်၏။

"မပြောနိုင်ဘူးလေ၊ ထန်ဟန့် ဖြစ်ချင်ဖြစ်နေမှာပေါ့"

ကျင်းမန်လိုက ထပ်မံရယ်ပြန်၏။

"ကောင်းတယ် ... ကောင်းတယ်"

သူသည် ခေါင်ကို တစ်ချက်ညှစ်လိုက်၏။ မြင်းက ချက်ချင်းပင် ကျွင်းမန်လိုကို ထားရစ်ခဲ့ကာ ပြေးထွက်သွားလေ၏။

လူအများက မြင်းများ ဝရုန်းသုန်းကား ပြေးထွက်သွားသည်ကို ကြည့်ပြီး ငေးမှောနေစဉ် ရွှေရောင်လျှပ်စီးလက်သွားလေ၏။ နှာကျွင်စွာ အော်ဟစ်သံ တစ်ချက်ပေါ်လာသဖြင့် လူအများ၏ အာရုံသည် အခန်းထဲသို့ ပြန်လည်ရောက်ရှိလာတော့သည်။

လူအများက အော်သူကိုလိုက်ကြည့်နေသည်။ မည်သူ အော်လိုက်သနည်း။ မကြာမီ သူတို့သည် အဖြစ်မှန်ကို သိလိုက်ရသည်။

ကျွင်းမန်လို၏ ရွှေရောင်လှံချောင်းသည် ရှင်ကျိုးရသော့၏ လည်မျိုထဲ၌ စိုက်နစ်ဝင်နေခြင်းပေတည်း။ စောစောက နာနာကျွင်ကျွင် အော်ဟစ်သံမှာ ရှန်ကျိုးရသော့ အံခြ၏ အော်သံပေတည်း။

"ထန်ဟန့်ဟာ သူငယ်ချင်းကောင်းတစ်ယောက်ပဲ၊ သိသင့်သိလိုက်တာကို သူပဲ သတိပေးဖော်ရတယ်"

ကျွင်းမန်ပြောလိုက်သည့် စကားပင်တည်း။

ခေါင်းဆောင်ဖြစ်သူက စတင် တိုက်ခိုက်လိုက်သောအခါ နောက်မှလူများကို ကတိပေးလိုက်သည်နှင့် တူနေသည်။ နောက်မှ



လှံသမားသုံးဆယ့်ခြောက်ယောက်က တစ်ပြိုင်တည်း တိုက်ခိုက်ကြတော့သည်။

ထိုအခါ ဝူချိုပွတ်ရိုလိုတစ်ခုလုံး အော်ဟစ်သံ၊ မာန်သွင်းသံများနှင့် ဆူညံသွားတော့သည်။ လှံရှည်များ၏ စက်ဒိုင်းပမာ လှည့်ပတ်ပုံက အလွန်ကြည့်ကောင်းနေ၏။ ဝူချိုပွတ်ရိုလိုမှ ဓားသမားများသည် ကားခနဲ ကားခနဲ ကျဆုံးနေသည်။

လှံဘုရင် ကျွင်းမန်လိုက အင်အား သုံးဆယ့်ခြောက်ယောက်နှင့် ရောက်လာသဖြင့် ထန်ဟန့်တို့ဘက်မှ အတော် အင်အား တောင့်တင်းသွားသည်ဟု ဆိုပေမည်။ သို့သော် သိုင်းဘုရင်ကြီး၏ အဖွဲ့အစည်းက လူအင်အား သာလွန်နေပေသေးသည်။

သို့သော် ကျွင်းမန်လို၏ ရဲဘော်သုံးဆယ့်ခြောက်ယောက်ကို အတင်သေး၍ မရပါချေ။ သူတို့သည် အလကားနေရင်း လှံသိုင်းကို လေ့ကျင့်နေကြသဖြင့် လှံသိုင်းပညာမှာ ထက်မြက်နေကြပါသည်။ ကျွမ်းကျင်ရာ လိမ္မာဆိုသကဲ့သို့ လှံကို ဓားတစ်ချောင်းထက်ပင် သူတို့ ကျွမ်းကျင်စွာ ကစားနိုင်သည်။ ထို့ပြင် သူတို့သည် ကျွင်းမန်လိုက အထူးရွေးချယ်လေ့ကျင့်ပေးထားသော လူများ ဖြစ်ကြသည်။

ကျွင်းမန်လို၏ မြင်းမွေးခြံတွင် လှံသိုင်းကစားသူ တစ်ရာ

ကျော်ရှိသည်။ ထိုတစ်ရာကျော်မှ ထိုသုံးဆယ့်ခြောက်ယောက်ကို ရွေးထုတ်ထားခြင်းဖြစ်သဖြင့် ကျင်းမန်လို၏ လက်ရွေးစင် တပ်သားများဟု ဆိုရပေမည်။

ထို့ပြင် သူတို့ စီးနင်းလာသည့် မြင်းများမှာ မျိုးကောင်းမျိုးသန့် မြင်းလိမ္မာများဖြစ်သည်။ မြင်းများပေါ်မှ သူတို့ ခုန်ပြီး တိုက်ခိုက်နေစဉ်တွင် မြင်းများသည် ခြံဝင်းထဲမှ မထွက်ပေ။ ကိုယ့်သခင်ကိုယ် စောင့်နေကြလေသည်။

လှံသမားများသည် လှံကိုင်ရာတွင် အထူးကျွမ်းကျင်ကြသည်။ ရန်သူအား တိုက်ရည်ခိုက်ရည် ပြည့်ဝကြသဖြင့် တစ်ခဏအတွင်း ဝူချီပွက်ရှိလိုဘက်မှ အင်အား တစ်ဝက်ခန့် ကျဆုံးသွားကြရသည်။

ဝူချီပွတ်ရှိလို ခန်းမဆောင်အတွင်း၌ ထိုးခုတ်တိုက်ခိုက်နေကြသူများမှာ ရှုပ်ယှက်ခတ်နေသည်။ အုံယန်ကျွန်နှင့် အပေါင်းအပါ ခြောက်ယောက်တို့သည်လည်း ဓားရေး၊ ကျာပွတ်ရေး ပြကြရတော့သည်။ ဝူချီပွတ်ရှိလို ဘက်တော်သားများမှာ လှံခုတ်မိ၍ သေရသည်က များသည်။ အုံယန်ကျွန်တို့မှာ တစ်ဖက်ရန်သူများဖြစ်၍ သေသည်ထက် ဒဏ်ရာရရုံသာ တိုက်ခိုက်ကြသည်။

ဝူချီပွတ်ရှိလို၏ ခန်းမဆောင်ကား ကြည့်မကောင်းတော့ပေ။



သွေးချင်းချင်းနီရဲနေပေပြီ။ သွေးချောင်းစီးတိုက်ပွဲဆိုသည်မှာ ဤကဲ့သို့သော တိုက်ပွဲမျိုးပင်။ သွေးများသည် ချောင်းရေကဲ့သို့ တသွင်သွင် စီးဆင်းနေလေသည်။

နောက်ဆုံးတွင် ရှားတောင်လိုနှင့် မိုးပျံကျားသစ်အိုယန်ကျွန့်တို့ပင် လာရောက်တွေ့ဆုံကြလေ၏။ မိုးပျံကျားသစ်သည် အတော်ပင် အတွင်းအားကောင်းသည်။ သူသည် ရေရှည် တိုက်ခိုက်နိုင်စွမ်းရှိသည်။

ပိုင်တန်းထိန်းနှင့် ယိထိုင်ဖိန်တို့မှာ အုံယန်ကျွန့်အား အတွက်မှားသွားကြ၏။ အုံယန်ကျွန့်၏ စွမ်းရည်ကို လျှော့တွက်မိကြခြင်းဖြစ်သည်။

အိခြံရသော့ သေဆုံးသွားပြီဖြစ်၍ သူ့အစား ဟိုပင်သူဌေးသား မိန်ရန်က ယိစုသူဌေးသား ရဲ့ယိယဲ့နှင့် တိုက်ခိုက်နေကြ၏။ သိုင်းလောကရှိ သူဌေးသား ငါးယောက်စလုံးပင် အရွယ်ညီကြသည်။

အသက် မတိမ်းမယိမ်း ရှိကြသည်။ သိုင်းပညာကောင်းကြသည်။ သိုင်းပညာတွင်လည်း တစ်ယောက်နှင့်တစ်ယောက် မတိမ်းမယိမ်းပင် ရှိကြသည်။

သူတို့သည် သူဌေးသားများ ဖြစ်ကြ၏။ ထို့ကြောင့် လူကြီး

လူကောင်းဆန်ဆန် တိုက်နိုက်နေကြသည်။ တစ်ဦးနှင့်တစ်ဦး အနိုင်ရလျှင်ပြီးရောဟု မတိုက်ကြချေ။ ဣန္ဒြေသိက္ခာရှိရှိ တိုက်နိုက်နေကြလေသည်။

လက်ဝဲရဲအမတ်ကြီး ပိုင်တန်းထိန်းနှင့် လက်ယာရံ အမတ်ကြီး ယိထိုင်ဖိန်တို့နှစ်ယောက်ကို ဓားပျံဂိုဏ်းမှ သိုင်းသမားလေးဦးက ဝိုင်းတိုက်ကြလေ၏။

လေးယောက် နှစ်ယောက် ဖြစ်သော်လည်း ဓားပျံဂိုဏ်းသားလေးယောက်မှာ မလွယ်ကူချေ။ အင်အားသာသည်ဟု ပြောရမည်ဖြစ်သော်လည်း ပိုင်တန်းထိန်းနှင့် ယိထိုင်ဖိန်က လွန်စွာ သာနေသည်။

ယိထိုင်ဖိန်၏ တုတ်တိုလေးမှာ တစ်ခါတစ်ရံ တုတ်ဖြစ်လိုက်၊ တစ်ခါတစ်ရံ ကျာပွတ်ဖြစ်လိုက်၊ တစ်ခါတစ်ရံ ငါးမျှားတံဖြစ်လိုက်နှင့် အမျိုးမျိုး ဖြစ်နေသည်။ ဓားပျံဂိုဏ်းသား လေးယောက်မှာ ထိုတုတ်တိုလေးကို မထိမိအောင် အမျိုးမျိုးရှောင်တိမ်းနေရလေသည်။

ပိုင်တန်းထိန်း၏ ပညာကတော့ တစ်မျိုးဖြစ်သည်။ ပန်းလိပ်ပြာ သိုင်းသည် အလွန်ထိရောက်သော သိုင်းပညာဖြစ်၏။ ဟိုရောက်မည်၊ သည်ရောက်မည်ကို မည်သူမျှ မမှန်းဆနိုင်ပေ။ အလွန်လျင်မြန်လှသဖြင့် ဓားပျံဂိုဏ်းသား လေးယောက်မှာ မျက်စိများ မှုးမတတ်ဖြစ်နေရတော့၏။



ယခင်က သိုင်းလောကထဲတွင် ပိုင်တန်းထိန်းဟူသော အမည်ကို မည်သူမျှ မသိကြပေ။ သူ၏ သိုင်းကွက်ကိုလည်း မည်သူမျှ မမြင်ဖူးကြပေ။ ထို့ကြောင့် ဘာသိုင်းကွက်မှန်းမသိကြပေ။ ယခု တိုက်နိုက်ကြသောအခါ ပိုင်တန်းထိန်း၏ သိုင်းကွက်သည် အလွန်ဆန်းပြား၏။ အလွန် ဆန်းပြားလှသော ပန်းလိပ်ပြာသိုင်းကွက်ဖြင့် ဓားပျံဂိုဏ်းသား လေးယောက်တို့မှာ အတိုက်ခံနေရချေပြီ။

ပိုင်တန်းထိန်း၏ သိုင်းကွက်မှာ အရိပ်အယောင်များလွန်းလှ၏။ ရန်သူတစ်ယောက်အဖို့ ပိုင်တန်းထိန်း၏ သိုင်းကွက်ကို မည်သည်က အစစ်၊ မည်သည်က အတုဟု ခန့်မှန်းရန် မလွယ်ကူပေ။

သူ၏ လက်ပြောင်းလက်လွှဲမှာ အလွန်မြန်လှသည်။ ကာကွယ်နေသူများအဖို့ မည်သို့ ကာကွယ်ရမည်ကို စဉ်းစားချိန်မရပါပေ။

ပိုဆိုးသည်ကား ပိုည်တန်းထိန်း၏ ခြေကွက်ဖြစ်သည်။ သူသည် ခြေကို လက်ကဲ့သို့ ပေါ့ပါးစွာ နင်းနိုင်ခြင်း ဖြစ်သည်။ အမျိုးမျိုး ခုန်ရှောင်နေသော ခြေကွက်ကို ပြိုင်ဘက် သိုင်းသမားများ လိုက်၍မမိချေ။ သူသည် ခြေကွက်ကို အမျိုးမျိုး နင်းပြီး ရန်သူကို အရှေ့မှ အနောက်၊ အနောက်မှ အရှေ့သို့ တိုက်နိုက်နေတော့သည်။

ဤသို့ တိုက်နိုက်နေခြင်းကြောင့် ဓားပျံဂိုဏ်းမှ သိုင်းသမား

လေးယောက်အနက်မှ အသက်ခြေဖြားဝန်းလျှံယိမှာ ပထမဦးဆုံး ပိုင်တန်းထိန်း၏ လက်ချက်မိသွားတော့သည်။

ဝန်းလျှံယိ၏ ဘယ်ဘက်ပခုံးသည် ခွပ်ခနဲ မြည်သည်အထိ အထိုးခံလိုက်ရ၏။ ပိုင်တန်းထိန်း ထိုးရာ၌ အားမပါဟု ထင်ရသော်လည်း အတွင်းအားပါသည်။ အတွင်းအားနှင့် ထိုးခြင်းဖြစ်၍ ဝန်းလျှံယိ၏ ဘယ်ဘက်လက်မောင်းမှာ လှုပ်၍မရတော့ချေ။ လက်မောင်းတန်းလန်း ကျသွားလေ၏။

ဆက်တိုက်လျှင်မူ သေဖွယ်သာ ရှိတော့မည်။

"ဝန်းလျှံယိ နောက်ဆုတ် ငါတစယောက်တည်း တိုက်မယ် ဆုတ်"

ဓားပျံဂိုဏ်းသား ချောင်းလူပိန်းက အော်ဟစ်လိုက်လေ၏။ သူသည် ဝန်းလျှံယိကို ဆုတ်စိုင်းပြီး သူက အသေခံ၍ တိုက်ခိုက်တော့သည်။ ဝန်းလျှံယိမှာ တဖြည်းဖြည်း နောက်ဆုတ်သွားပြီး ဘယ်ဘက်လက်မောင်းကို ဆုပ်ကိုင်လေသည်။

ဝန်းလျှံယိမှာ အားမလိုအားမရဖြစ်သွားသည်။ လေ့ရှေ့မှာရာ တက်ကျိုးဆိုသကဲ့သို့ ဖြစ်ရသဖြင့် သူသည် အံကြိတ်လိုက်မိလေ၏။

သို့သော် သူသည် မကြာမြင့်မီ ကံဆိုးတော့မည်ကို မသိပေ။



ချောင်လူပိန်းက ပိုင်တန်းထိန်းအား တိုက်ခိုက်နေသည်ကို ကြည့်ပြီး တဖြည်းဖြည်း နောက်ဆုတ်လာနေသော ဝန်းလျှံယိကို ဝူချီပွက်ရိလို ဓားသမားတစ်ယောက်က ဓားဖြင့် ပြေးထိုးလေတော့၏။

ဝန်းလျှံယိသည် ရှေ့သို့သာ အာရုံစိုက်နေသဖြင့် ဓားလာသည်ကို မသိလိုက်ပေ။ ဆူညံနေသဖြင့် လေတိုးသံကို မကြားလိုက်ပေ။

ထိုစဉ် ...

"အား ..."

လှံတစ်စင်းသည် ဝန်းလျှံယိအား ထိုးတော့မည့် ဝူချီပွက်ရိလို ဘက်တော်သား၏ ရင်ဝသို့ ဖောက်ထွင်းဝင်ရောက်သွားသည်။ ဝန်းလျှံယိ၏ အသက်ကို ကယ်လိုက်သူကား လှံဘုရင် ကျင်းမန်လိုပင်တည်း။

ထိုသူကို ရှင်းလိုက်ပြီးနောက် အလောင်းတစ်လောင်းတွင် စိုက်ဝင်နေသော လှံတစ်ချောင်းကို ဆွဲနှုတ်ကာ ပိုင်တန်းထိန်း ရှိရာသို့ ခုန်ဝင်သွားလေတော့သည်။

ပိုင်တန်းထိန်းနှင့် တစ်ယောက်ချင်း တိုက်နေသော ချောင်လူပိန်းမှာ အကြီးအကျယ် ဒုက္ခရောက်နေရတော့သည်။ ပိုင်တန်းထိန်း၏ ပန်းလိပ်ပြာသိုင်းကွက်မှာ အဆင့်အတော်မြင့်သည့် သိုင်းသမားများပင် ခံနိုင်မည်မဟုတ်ချေ။

ပိုင်တန်ထိန်းသည် ချောင်လူပိန်းကို အရှုးလုပ်နေလေ၏။ ချောင်လူပိန်း ချာလပတ်ယမ်းနေချေပြီ။ ဒဏ်ရာများလည်း အတော်ရရှိနေချေပြီ။ ပိုင်တန်းထိန်း၏ လက်ချက်ဖြင့် သေလုမျောပါး ဖြစ်နေလေပြီ။ သူသည် အားတင်း၍ တိုက်ခိုက်နေရသော်လည်း ခြေလှမ်းများပင် မမှန်တော့ချေ။

ထိုစဉ် ကျင်းမန်လို တိုက်ပွဲစည်းအတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်၏။ ကျင်းမန်လိုသည် တိုက်ပွဲတစ်ခုလုံးကို ဖြိုကြည့်ပြီး လိုအပ်သည့်နေရာတွင် ဝင်ဖြည့်ပေးနေခြင်း ဖြစ်သည်။ သူတို့သည် လူအင်အား အလွန်နည်းပါးသဖြင့် ဟာကွက်များ လွန်စွာ ဖြစ်ပေါ်နေသည်။

ကျင်းမန်လိုသည် ပိုင်တန်းထိန်း၊ ယိထိုင့်ဖိန်နှင့် ဓားပျံကိုဏ်းသား လေးယောက် တိုက်ခိုက်နေသည်ကို မြင်တွေ့နေရ၏။ သူသည် ဤအကွက်ကို ဖြည့်ဆည်းရန် လိုအပ်သည်ဟု ယူဆပြီး ဤတိုက်ပွဲစည်းအတွင်းသို့ ဝင်လာခြင်းဖြစ်သည်။

သူဝင်လာစဉ်တွင်ပင် ဝန်းလျံယိ လုပ်ကြံခံရမည်ကဲ့သို့ ဖြစ်နေသဖြင့် ဝန်းလျံယိကို ကယ်လိုက်ရ၏။ ယခုလည်း ချောင်လူပိန်းကို သူပင် ဝင်ကယ်ရပေတော့မည်။ ကျင်းမန်လိုသည် လှံကို သွက်လက်စွာ ကစားရင်း တိုက်ပွဲစည်းအတွင်းသို့ ခုန်ဝင်သွား၏။



ပိုင်တန်းထိန်းသည် ချောင်လူပိန်းကို အပြီးသတ် တိုက်ခိုက်ရန် ဟန်ပြင်နေသည်။ ထိုအချိန်တွင် ကျင်းမန်လိုက ပိုင်တန်းထိန်းအား လှံဖြင့် တစ်ချက်ထိုးလိုက်၏။ ပိုင်တန်းထိန်းသည် ချောင်လူပိန်းအား အသေတိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ် ကျင်းမန်လိုက လှံဖြင့်ထိုးလိုက်သဖြင့် နောက်ဆုတ်သွားရလေ၏။

တိုက်ပွဲကြီးတစခုလုံးကား ပြင်းထန်နေ၏။

ရနသ့်အရေးအတွက်ကား လေးငါးဆယ်ခန့် ကျဆုံးလေသည်။

ဤမှု လူများများ သေဆုံးသည့်တိုင် သိုင်းဘုရင်ကြီးနှင့် ထန်ဟန့်တို့မှာ ပေါ်မလာသေးပေ။

* * *

## အခန်း(၅၀)

## နိဂုံး တိုက်ပွဲ

"ဝုန်း ... ဝုန်း ... ဝုန်း"

"ဝုန်း ... ဝုန်း ... ဝုန်း"

တဝုန်းဝုန်းဖြင့် ကျယ်လောင်သော အသံခြောက်ချက်ထွက်ပေါ်လာသည်။ ထိုင်ယွန်လုံသမား ခြောက်ယောက်မှာ လွင့်စဉ်သွားကြ၏။ ထို့နောက် သွေးအန်ပြီး သေဆုံးသွားကြသည်။ မည်သို့ဖြစ်သနည်း။

အဖြစ်က ရှင်းပါသည်။ ငွေချည်ထိုးအင်္ကျီကို ဝတ်ဆင်ထားပြီး ရွှေရောင်မျက်နှာဖုံးစွပ်ထားသော လူတစ်ယောက်က သူ၏ပြင်း ထန်သော အဟွင်းအားကိုထုတ်ပြီး လုံသမားခြောက်ဦးကို ရိုက်သံ လိုက်ခြင်း ဖြစ်ပါသည်။



ထိုလူကား မည်သူနည်း။ ထိုသူမှာ သိုင်းဘုရင်ကြီးပင် ဖြစ်ပါလေ၏။

ရုတ်တရက် ရောက်ရှိလာသော သိုင်းဘုရင်ကြီးကြောင့် မိုးပျံကျားသစ် အုံယန်ကျွန့်နှင့် လုံဘုရင် ကျင်းမန်လိုတို့မှာ လိပ်ပြာထွက်မတတ် လန့်ဖျပ်သွားကြလေ၏။

အုံယန်ကျွန့်တို့ လန့်ဖျပ်သည်မှာ အကြောင်းမဟုတ်ပါ။ သူ့အဖွဲ့အစည်းမှ လူများပင် လန့်ဖျပ်ကုန် ပါသည်။

သူတို့၏ ခေါင်းဆောင် သိုင်းဘုရင်ကြီးသည် သိုင်းပညာမည်မျှအဆင့်မြင့်သည်ဟု သူတို့ မခန့်မှန်းနိုင်ချေ။ ယခု သိုင်းဘုရင်ကြီး၏ အဆင့်ကို မြင်တွေ့လိုက်ရသောအခါ သူတို့အားလုံး ကြွက်သီးဖြန်းဖြန်း ထသွားလေတော့၏။

သိုင်းဘုရင်ကြီး၏ မြင့်မားလှသော သိုင်းစွမ်းအားကြောင့် ငေးကြောင်ကြောင်ဖြစ်နေသော လုံသမားတစ်ဦးကို သတ်ဖြတ်ရင်း သိုင်းဘုရင်ကြီးက ချဉ်းကပ်သွား၏။ ထိုလုံသမားမှာ သိုင်းဘုရင်ကြီး၏ ရိုက်ချက်ကို မည်သို့ရှောင်တိမ်းရမည်မှန်း မသိတော့ချေ။

ထိုစဉ် ...

"ရှီ ... ရှီ ... ရှီ"

ရှည်လျားသော လေချွန်သံသည် ထွက်ပေါ်လာ၏။ လူအားလုံးသည် လန့်သွားကြ၏။

သိုင်းဘုရင်ကြီးကြောင့် ချောက်ချား နေသည့်အထဲ လေချွန်သံကြောင့် ပိုမိုထိတ်လန့်သွားကြတော့၏။

လူတစ်ယောက်သည် ခန်းမထဲသို့ လေပွေနှင့် အတူ လွင့်စဉ်ကျသကဲ့သို့ ကျလာလေတော့၏။

သူသည် မြေသို့မကျမီပင် လက် နှစ်ဖက်ကို အရင်တွန်းလိုက်သည်။

ပတ်ဝန်းကျင်တွင် လေထုပေါက် ကွဲသကဲ့သို့ ဖြစ်သွားပြီး ထိုလူကျရောက်လာသည့်နေရာမှ လူအများ လွင့်စဉ်ကုန်၏။

ခန်းမဆောင်ကြီးအတွင်း၌ ခေတ္တငြိမ်ကျသွားသည်။ ထိုအဖြစ်အပျက်ကြောင့် မည်သူကမျှ စကားမပြောကြတော့ချေ။ လူအားလုံး၏ တိုက်ပွဲသည် ရပ်ဆိုင်းသွားလေ၏။ သူတို့အား ချောက်ချားစေခဲ့သော သိုင်းဘုရင်ကြီးကိုပင် မေ့သွား၏။

ထိုလူငယ်သည် သိုင်းဘုရင်ကြီးရှေ့သို့ ကျရောက်သဖြင့် ထိုလူငယ်နှင့် သိုင်းဘုရင်ကြီးတို့သည် မျက်နှာချင်းဆိုင် ရပ်မိသလို ဖြစ်သွားလေသည်။



ရောက်ရှိလာသော လူငယ်ကား ထန်ဟာန့်ပေတည်း။

လူအားလုံး၏ မျက်လုံးများသည် ငွေချည်ထိုး အင်္ကျီဝတ်ပြီး ရွှေရောင်မျက်နှာဖုံးစွပ်ထားသည့် သိုင်းဘုရင်ကြီးနှင့် ထန်ဟာန့်တို့အပေါ်တွင် ကျရောက်နေတော့၏။

ယခုတော့ နှစ်ဖက်က အရှုံးအနိုင်သည် နှစ်ဖက်ဂိုဏ်းသားတို့၏ တိုက်ခိုက်မှုပေါ်တွင် မတည်တော့ပါ။ သိုင်းဘုရင်ကြီးနှင့် ထန်ဟာန့်တို့၏ တိုက်ခိုက်မှုအပေါ်တွင်သာ မူတည်နေပေတော့၏။

ထိုအခါ သူတို့သည် သူ့လူကိုယ့်လူ ကွဲပြားစေရန် ကိုယ့်အစုနှင့်ကိုယ် နေလိုက်ကြ၏။

သိုင်းဘုရင်ကြီး၏ နောက်တွင် တစ်စု၊ ထန်ဟာန့်၏နောက်တွင် တစ်စု နှစ်စုကွဲသွားလေတော့သည်။

ထိုအခါ သိုင်းဘုရင်ကြီးနှင့် ထန်ဟာန့်တို့သည် မမြင်ရသည့် ထရံတစ်ချပ်ကို တွန်းနေသည့်အလား လက်မြှောက်ကာ တွန်းနေကြတော့၏။ ထို့နောက်မှ တဖြည်းဖြည်း လက်ဝါးချင်း ထိကပ်သွားကြသည်။ သူတို့သည် အချိန်မဆိုင်းဘဲ အတွင်းအား ယှဉ်ပြိုင်ကြလေပြီ။

အချိန်က တဖြည်းဖြည်း ကုန်ဆုံးသွားလေသည်။ အတွင်းအား

ယှဉ်ပြိုင်နေသည့် လူနှစ်ဦးတို့၏ အခြေအနေမှာလည်း ပြောင်းလဲသွား၏။

ထန်ဟန်၏ မျက်နှာမှာ တဖြည်းဖြည်း နီရဲလာ၏။ အရက်မူးသမားကဲ့သို့ ယိုင်ထိုးလာသည်။ မျက်လုံးများလည်း နီရဲလာသည်။ လက်ဝါးနှစ်ဖက်လည်း အနည်းငယ် တုန်ယင်လာလေ၏။

ဘေးမှရပ်ကြည့်နေသော သိုင်းဘုရင်ကြီး၏ အဖွဲ့မှာ ပျော်ရွှင်လာကြ၏။ မျက်နှာများလည်း ပြုံးယောင်သမ်းလာကြ၏။ သူတို့ဘက်မှ နိုင်တော့မည် မဟုတ်ပါလော။

မိုးပျံကျားသစ် အုံယန်ကျွန့်မှာ မျက်နှာပျက်လာလေသည်။ လုံ့ဘုရင် ကျင်းမန်လို၏ မျက်နှာလည်း ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

အုံယန်ကျွန့်မှာ အလျင်အမြန် စဉ်းစားလိုက်၏။ အကယ်၍ ထန်ဟန့်တစ်ယောက် ရှုံးနိမ့်သွားပါက မိမိတို့ဘက်မှ သိုင်းဘုရင်ကို ယှဉ်ပြိုင်နိုင်သူ မည်သူရှိပါမည်နည်းဟု စဉ်းစားလိုက်၏။

မည်သူမျှ မရှိသည်ကို စဉ်းစားမိသောအခါ သူသည် ရင်ပူသွားလေတော့၏။ ဤသို့ မိုးပျံကျားသစ် စိတ်ပူနေစဉ် အတွင်းအား ယှဉ်ပြိုင်သူနှစ်ဦး၏ အခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားပြန်တော့၏။



သိုင်းဘုရင်ကြီးသည် တဖြည်းဖြည်း နောက်သို့ ဆုတ်နေလေ၏။ ပထမတွင် တစ်လှမ်းမျှကို အချိန်ကြာမြင့်စွာ ဆုတ်ခွာနေရ၏။ ထို့နောက် တစ်လှမ်း၊ တစ်လှမ်းစီဖြင့် သူသည် သုံးလှမ်းမျှ ဆုတ်ခွာပေးနေရလေ၏။

ယခုအခြေအနေအရ ထန်ဟန့်က အသာစီးရနေပြန်လေသည်။

သူတို့နှစ်ယောက်၏ အတွင်းအား အခြေအနေမှာ မတိမ်းမယိမ်း အတူတူလောက်ပင် ရှိနေသည်။ ထန်ဟန့်က သိုင်းဘုရင်ကြီးထက်စာလျှင် အသက်ငယ်သည်။ ခွန်အားမှာလည်း သိုင်းဘုရင်ကြီးထက်သာသည်။

သိုင်းဘုရင်ကြီးသည် နောက်သို့ ခြေလှမ်း ခုနစ်လှမ်းအထိ ဆုတ်ခွာသွားခဲ့ပြီဖြစ်ပါသည်။ ယခုအခါ သိုင်းဘုရင်ကြီး၏ လက်သည် ထန်ဟန့်ထက် ပို၍ တုန်ခါနေပေပြီ။ ထို့နောက် ကိုယ်လုံးပါ ဖြည်းဖြည်းလှုပ်လာသည်။

နောက်တော့ ကြမ်းကြမ်းလှုပ်လာသည်။ သိုင်းဘုရင်ကြီးမှာ မကြာမီ တစ်ကိုယ်လုံး ကြမ်းတမ်းစွာ လှုပ်ခါလာလေတော့၏။ နောက်ဆုံး သိုင်းဘုရင်ကြီး၏ မျက်နှာဖုံး ကျွတ်ကျသွားလေတော့သည်။

ရွှေရောင်မျက်နှာဖုံး ကျွတ်ကျသွားသောအခါ လူအားလုံး သိုင်းဘုရင်ကြီး၏ မျက်နှာကို တွေ့ရှိရလေတော့သည်။

အတွင်းအား ယှဉ်ပြိုင်နေရသဖြင့် သိုင်းဘုရင်ကြီး၏ မျက်နှာမှ ကြောက်မက်ဖွယ်ရာ တွန့်လိမ်နေသည်။ သိုင်းဘုရင်ကြီးသည် ကုန်ခါနီးပြီဖြစ်သော အတွင်းအားကို ဖိညှစ်တွန်းထုတ်နေရသဖြင့် ဤမျှ အရုပ်ဆိုး အကျည်းတန်နေရခြင်း ဖြစ်ပါသည်။

မျက်နှာတစ်ခုလုံး စရမ်းရောင် ပေါက်လာပါသည်။ နှုတ်ခမ်းကို သွားများဖြင့် ကိုက်ခဲထားခြင်းကြောင့် နှုတ်ခမ်းများ ကွဲထွက်လာပြီး သွေးများ စီးကျလာနေသည်။

ထန်ဟန့်ကိုကြည့်လိုက်သောအခါ ထန်ဟန့်၏ လက်ဝါးနှစ်ဖက်စလုံး တုန်ယင်လာသည်ကို တွေ့ရ၏။ တကယ်တော့ ထန်ဟန့်၏ အခြေအနေသည် သိုင်းဘုရင်ကြီးလောက် မဆိုးရွားကြောင်း သိသာပါသည်။

ထန်ဟန့်၏ မျက်နှာမှာလည်း တွန့်လိမ်မနေပါ။ နှုတ်ခမ်းကိုလည်း ကိုက်မထားပါ။ မျက်နှာ အနည်းငယ် နီရဲသာရှိပါသည်။

ထန်ဟန့်သည် အတွင်းအားဖြင့် သိုင်းဘုရင်ကြီးကို အလွတ်မပေးဘဲ ဆက်လက်တိုက်ခိုက်နေဆဲပင်။



ထန်ဟန့်၏ ကိုယ်တွင်းမှ အတွင်းအားများကလည်း ပင်လယ်ဒီလှိုင်းများပမာ တစ်လုံးပြီး တစ်လုံး သိုင်းဘုရင်ကြီးထံ ပို့လွှတ်နေလေသည်။

သိုင်းဘုရင်ကြီးမှာ လွန်စွာ အခြေအနေ ဆိုးရွားနေတော့သည်။ မခံနိုင်သော အခြေအနေသို့ ဆိုက်ရောက်လာချေပြီ။

ထိုစဉ် အဝေးမှ အလွန်ဝမ်းနည်းသော ငိုကြွေးသံ တစ်သံကပျံ့လွင့်လာပါသည်။

"ထန်ဟန့် ... ကျွန်မ ဖေဖေကို မသတ်ပါနဲ့၊ ထန်ဟန့် ကျွန်မ ဖေဖေကို မသတ်ပါနဲ့ ... မသတ်ပါနဲ့"

အော်ဟစ်ငိုကြွေးကာ ပြေးလာသော မိန်းကလေးတစ်ယောက်ကို အားလုံး မြင်တွေ့လိုက်ရသည်။ သိုင်းဘုရင်ကြီး၏ အဖွဲ့အစည်းများမှ လူများသည် မိန်းကလေးကို အံ့သြစွာကြည့်ကြသည်။ သိုင်းဘုရင်ကြီးသည် သူ့အဖေဆိုပါလား။

ထိုမိန်းကလေးသည် မိုးပျံကျားသစ်အဖို့ သူစိမ်းတစ်ယောက်မဟုတ်ပေ။ မျက်နှာကျက်လူရင်း ဖြစ်ပေသည်။

သူမသည် လျူဖော့၏ ဇနီးဖြစ်သည်။ ဖန်ရှုယွန်ပေတည်း။ ဖန်ရှုယွန်သည် သိုင်းဘုရင်ကြီးကို ဖေဖေဟုခေါ်ခဲ့သည်။ သိုင်းဘုရင်

ဆိုသူသည် ကျန်းလွှေဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး ကျန်းဝေ အဘိုးအိုပင်လား။

ထန်ဟန်သည် ထိုအော်သံကြားသောအခါ သိုင်းဘုရင်ကြီးနှင့်ယှဉ်ပြိုင်သည့် သူ့လက်နှစ်ဖက်ကို ပြန်လည်ရုပ်သိမ်းလိုက်သည်။ လျှုဖော့၏ ဓနီးသည် သူ၏ ရဲဘက်ရဲဘော်ပင် မဟုတ်ပါလား။

ထန်ဟန့်က လက်ကိုပြန်ရုပ်သိမ်းလိုက်သော်လည်း သိုင်းဘုရင်ကြီးက လက်ကို မရုပ်သိမ်းပေ။ မရုပ်သိမ်းသည့်အပြင် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ အသုံးချလိုက်သေးသည်။ သိုင်းဘုရင်ကြီးသည် လေကို တစ်ဝရှူသွင်းလိုက်ပြီး ရုတ်တရက် ပြင်းထန်သော အတွင်းအားဖြင့် ထန်ဟန့်၏ ရင်ဝကို တွန်းလိုက်သည်။

သာမန်ချိန်တွင်သာဖြစ်လျှင် ထန်ဟန့် သက်သာမည်မဟုတ်ချေ။ သို့သော် ယခု သိုင်းဘုရင်ကြီးမှာ အတွင်းအားနှင့် ခွန်အားများ အတော်ကုန်ခမ်းနေပြီဖြစ်၍ သာမန်အခြေအနေ မဟုတ်တော့ချေ။ ယခင်က သူ့တွင် အတွင်းအား ဆယ်ပုံရှိလျှင် ယခု နှစ်ပုံသာ ရှိပေတော့မည်။ နှစ်ပုံမျှသာရှိသော အတွင်းအားဖြစ်သော်လည်း ထန်ဟန့်သည် နောက်သို့ ဝါးတစ်ရိုက်ခန့် လွင့်စဉ်သွားပြီး သွေးအန်သည်။ ထို့နောက် သတိမေ့သွားလေတော့သည်။



သိုင်းဘုရင်ကြီးမှာ ယိမ်းထိုးနေသည်။ သူ့အားအင်များမှာ ကုန်ခမ်းနေပြီဖြစ်သည် မဟုတ်ပါလား။ ရှိသမျှ လက်ကျန်အင်အားကလေးကိုလည်း ထန်ဟန့်အား ရိုက်ချရာတွင် အသုံးပြုလိုက်ရသည်။

သူသည် အင်အားမရှိသော လေသံဖြင့် ...

"သတ်ပစ်စမ်း ... ထန်ဟန့်ကို သတ်ပစ်စမ်း"

သူက အမိန့်ပေးလိုက်သည်။

သိုင်းဘုရင်ကြီး၏ စကားမဆုံးမီမှာပင် ဓားတစ်လက်သည် သိုင်းဘုရင်ကြီး၏ ရင်ဝဆီသို့ စိုက်ဝင်သွားတော့သည်။

သိုင်းဘုရင်ကြီးသည် ထိုလူ့ကိုကြည့်၍ တုန်ယင်စွာ ပြောလိုက်၏။

"မင်းဟာ တော်တော် ရက်စက်ယုတ်မာတဲ့ တိရစ္ဆာန်ပဲ"

ထိုစကားကို ပြောပြီးသည်နှင့် သိုင်းဘုရင်ကြီး လဲကျသေဆုံးသွားသည်။

သိုင်းဘုရင်ကြီးကို သတ်လိုက်သူမှာ ဟိပင်သူခွေးသား မိန်ရုန်ပင်ဖြစ်သည်။

ပိုင်တန်းထိန်းသည် အံ့ဩခြင်း၊ ဒေါသထွက်ခြင်းများနှင့်အတူ အော်ဟစ်လိုက်သည်။

"မိန်ရုန်း ... မင်းရူးနေပြီလား၊ မင်း ဘာလုပ်လိုက်တယ်ဆိုတာကို သိရဲ့လား"

မိန်ရုန်က အေးတိအေးစက် ပြုံးပြပြီး ...

"ကျုပ် ဟိုပင်သူဌေးသားဟာ ခင်ဗျားလို ကောက်ကျစ်ယုတ်မာတဲ့ကောင် မဟုတ်ဘူး၊ အခု ကျုပ်ဟာ ခင်ဗျားရဲ့ ယုတ်မာတာတွေကို အကုန်သိရပြီ၊ ကျုပ် မရူးဘူး၊ ရူးနေတာက ခင်ဗျားတို့ သိုင်းဘုရင်ကြီးပဲ၊ အသထာရူးဗျ၊ အသထာရူး"

ထိုစကားကို ကြားသောအခါ ကောင်းလိန်ဖိန်းက ဝမ်းသာအားရ အော်ဟစ်လိုက်သည်။

"မှန်တယ်ဟေ့ ... မိန်ရုန်၊ မင်းမှန်တယ်၊ ငါတို့ သူဌေးသားငါးယောက်ဟာ သိုင်းလောကထဲမှာ ကောက်ကျစ်ယုတ်မာတဲ့ လူတွေ မဟုတ်ဘူး"

အရေးနိမ့်သွားကြောင်းသိရသော သိုင်းအဖွဲ့အစည်းမှာ ပြိုကွဲပျက်စီးသွားလေတော့သည်။ လက်အောက်ငယ်သားတို့သည် လစ်ပြေးကြတော့၏။

ထိုလစ်ပြေးသူများကို ပိုင်တန်းထိန်းက လှည့်ကြည့်လိုက်ပြီး "မင်းတို့ဟာ လူငယ်တွေပါ၊ ငါ မင်းတို့ကို ခွင့်လွှတ်ပါတယ်"



ပိုင်တန်းထိန်းသည် ထိုလူငယ်များနှင့်အတူ ရောနှောထွက်ပြေးလေတော့၏။

ထိုအခါ ယိထိုင်ဖိန့်ကလည်း လစ်ပြေးရန် ကြံတော့သည်။ ကျင်းမန်လိုက ...

"ယိထိုင့်ဖိန် ခဏနေဦး၊ ကျုပ်က မင်းကို လက်ဆောင်ပေးစရာကလေး ရှိနေလို့ ယူသွားပါဦး"

ကျင်းမန်လို ပေးလိုက်သောအရာမှာ ရွှေရောင် တောက်ပသောလှံတစ်ချောင်းပင်။ ရွှေရောင်သည် ဝင်းလက်သွား၏။ လေထဲ၌ ပြေးထွက်သွားသော ယိထိုင်ဖိန်၏ နောက်ကျောသို့ လှံက စိုက်ဝင်သွားသည်။

"ဒုတ် ..."

"အား ..."

နာနာကြည်းကြည်း အော်လိုက်သည့်အသံကြီးသည် ခန်းမဆောင်ထဲ၌ ပျံ့လွင့်သွား၏။ ယိထိုင့်ဖိန်သည် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ပြုတ်ကျလာလေ၏။ ယိထိုင့်ဖိန်သေဆုံးသွားလေပြီ။ ယိထိုင်ဖိန်သည် အောက်လမ်းသိုင်းလောကသား ဖြစ်သဖြင့် မကောင်းမှုများသာ လုပ်ခဲ့သူဖြစ်သည်။

ပိုင်တန်းထိန်းကို အုံယန်ကျွန့်က ခွင့်လွှတ်လိုက်ခြင်းမှာ ပိုင်တန်းထိန်းသည် ပထမသူဌေး အခေါ်ခံပြီး ရပ်ရွာအကျိုးကို လုပ်ဆောင်ခဲ့၍ဖြစ်သည်။ နောက် သူ မဟုတ်တာလုပ်ခြင်းမှာ မယားများများ ယူခြင်းသာဖြစ်၍ အပြစ်ဟုမဆိုသာသောကြောင့် ဖြစ်ပေသည်။

အမြေအနေမှာ ရှုပ်ယှက်ခတ်သွားသည်။

ထွက်ပြေးနေသူများ ကို လိုက်သတ်နေသဖြင့် အုံယန်ကျွန့်က အော်ဟစ်ပြောဆိုရသည်။

"အားလုံးပဲ အမိန့်ပေးပါတယ်၊ လိုက်မသတ်ကြပါနဲ့၊ သူတို့ကို လမ်းရှင်းပေးလိုက်ပါ၊ သူတို့ ထွက်သွားပါစေ"

ထိုအခါ ကောင်းလိန်ဖုန်းက ...

"အားလုံးကိုတော့ ခွင့်လွှတ်နိုင်တယ်၊ သူ့ကိုတော့ ခွင့်မလွှတ်နိုင်ဘူး"

ကောင်းလိန်ဖုန်းသည် လိပ်ပြာသိုင်းသမား ရှားကောင်လိုအား လက်ညှိုးထိုးပြလိုက်လေ၏။ ထိုအချိန်တွင် လိပ်ပြာသိုင်းသမား ရှားကောင်လိုမှာလည်း ဟိုကြည့်သည်ကြည့်နှင့် ထွက်ပြေးရန် ပြေးပေါက်ရှာနေလေပြီ။



ရှားကောင်လိုသည် ကောင်းလိန်ဖုန်း ပြောသည့် စကားကို မကြားပေ။ သူသည် ထွက်ပြေးနေသည့် ဝူချိုပွတ်ရှိလိုသိုင်းသမားကြားမှ လျှို၍ထွက်ပြေးသွားသည်။

ကောင်းလိန်ဖုန်း၏ ဓားပျံသုံးချောင်းသည် တရွှီးရွှီးနှင့် လေထဲပျံသန်းသွား၏။ ရှားကောင်လို၏ နောက်ကျောသို့ စိုက်ဝင်သွားသည်။

သာမန်အချိန်တွင် ရှားကောင်လိုသည် ဓားပျံသုံးချောင်းကို အသာကလေး ခုန်ရှောင်နိုင်မည်ဖြစ်သော်လည်း ယခုမူ ကြောက်လည်းကြောက်၊ လန့်လည်းလန့် အသည်းလည်း ငယ်ပြီဖြစ်၍ ဓားပျံသုံးချောင်းကို မရှောင်နိုင်တော့ပေ။ ဓားပျံသုံးချောင်းစလုံး နောက်ကျောတွင် စိုက်ဝင်သွား၏။

"အား ..."

သူသည် အသံနက်ကြီးဖြင့် အော်ဟစ်လိုက်လေသည်။ ရှားကောင်လို သေဆုံးသွားခဲ့လေပြီ။

"တော်ပြီ... ရန်သူတွေကို ဘယ်သူမှ မသတ်နဲ့တော့၊ အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ပြီ"

မိုးပျံကျားသစ်သည် လုံသမားများအား လည်းကောင်း၊ သူ့

လူများအား လည်းကောင်း လိုက်လံအော်ဟစ်နေလေ၏။ သူသည် စိတ်ကောင်းရှိသူပီပီ ပြေးလွှားနေသည့် လူများကို ကြက်ကလေး၊ ငှက်ကလေးလို လိုက်လံသတ်ပစ်နေသည်ကို မကြည့်ရက်ချေ။

သူသည် ဝူရှီပွက်ရီလို အဖွဲ့အစည်းမှ သိုင်းသမားအားလုံး စုစည်းလိုက်လေ၏။ အဖမ်းခံရသော သိုင်းသမားအားလုံး မျက်နှာငယ်ကလေးနှင့် ဖြစ်နေကြသည်။

သနားစဖွယ်ပင်။

အားလုံးသည် ဆောင့်ကြောင့်ကလေး ထိုင်နေကြသည်။

မိုးပျံကျားသစ်က သူတို့အား ဩဝါဒပေးလေတော့၏။

"ကိုယ့်လူတို့ ... ကိုယ့်လူတို့ဟာ ဘယ်နည်းနဲ့မဆို သိုင်းလောကမှာ ကျင်လည်ကြဦးမှာ ဖြစ်ပါတယ်၊ သိုင်းလောကမှာ ကျင်လည်တဲ့အခါ ကိုယ့်ကြောင့် သူတစ်ပါး ဒုက္ခရောက်မှာကို စိုးကြောက်ကြပါ၊ အခုပဲကြည့် ... ကိုယ့်လူတို့ သေဖို့ ကြုံလာတဲ့အခါ ဘယ်လောက် ကြောက်ကြောက်လန့်လန့် ပြေးကြရသလဲ၊ သိုင်းလောကရဲ့ အကျိုးကိုဆောင်ပါ၊ သိုင်းလောကရဲ့ အဆိုးကို မဆောင်ကြပါနဲ့၊ ဒီအခါမှာ သိုင်းလောကကြီး တစ်ခုလုံး အေးချမ်းသာယာလာပါလိမ့်မယ်"



ထို့နောက် ဖမ်းဆီးထားသော အားလုံးကို လွှတ်ပေးလိုက်တော့သည်။

သိုင်းဘုရင်ကြီး ရိုက်ထုတ်လိုက်သည့် ဒဏ်ရာမှာ ထန်ဟာန့်အတွက် အတော်ပင် ပြင်းထန်လေသည်။

သို့သော် သူ၏ အတွင်းအားကောင်းခြင်း၊ သိုင်းပညာ အခြေခံကောင်းခြင်း၊ ကိုယ်ခံအား ကောင်းခြင်းတို့ကြောင့် ဆေးဆရာကြီး ဟိုကျိုးကြင့်က ဆေးဝါးများ နှင့် ဂရုတစိုက် ကုသလိုက်သောအခါ မကြာမီ သတိပြန်လည်လာ၏။

သို့သော် ... သူ့အဖေ သေဆုံးသည့် ဖန်းရှုယွန်ကတော့ သတိမရသေးပေ။

ဖန်းရှုယွင်၏ အဖေမှာ တကယ်တမ်းအားဖြင့် မည်သူ ဖြစ်သည်ကို ထန်ဟာန့် မဝေခွဲတတ်တော့ပေ။

ဤသိုင်းဘုရင်ကြီးလော၊ ကျမ်းဝေအဘိုးအိုပင်လော၊ ကျန်းဝေအဘိုးအိုက ဘုရင်ကြီးအဖြစ် ပြောင်းလဲလိုက်သည်လော မပြောတတ်တော့ပေ။

သိုင်းဘုရင်ကြီး၏ ရုပ်ရည်မှာ ကျန့်းဝေအဘိုးအို၏ ရုပ်ရည်မဟုတ်ပါချေ။

ထွက်ပြေးလွတ်မြောက်သွားသော ပိုင်တန်းထိန်းမှာ ဝူချီပွက်ရိုလိုသို့ အလစ်တွင် ပြန်ရောက်လာပြီး ငွေကြေးအမြောက်အမြားရွှေငွေရတနာများနှင့် ပိန်းစုမိန်းမပေကျန်စောင်ကို ခေါ်ဆောင်ပြီး မည်သူမျှ မသိနိုင်သော အရပ်တစ်ပါးသို့ ပြေးထွက်သွားလေတော့၏။

နောင်အခါ သူ့အား သိုင်းလောကကြီး၌ ပြန်လည်မတွေ့ရတော့ပေ။

ဓာတ်မြှုပ်သွားသည်မှာ သေချာနေပေသည်။

ကံအကောင်းဆုံးမှာ မျက်စိတစ်ဖက်လပ် အဘိုးအိုပင်ဖြစ်ပါ၏။

သူသည် တိုက်ပွဲဖြစ်သောအခါ ခန်းမဆောင်ထဲ၌ ရှိမနေပါချေ။

သို့သော် ဝူချီပွက်ရိုလို ပျက်စီးသွားသော သတင်းကို ကြားပါသည်။

သူသည် မြောင်အမျိုးသမီး နှစ်ယောက်နှင့်အတူ ရှောင်တိမ်းသွားပါတော့သည်။

တဲ့ကျယ်ဖေးနှင့် ကျွန်းကျွန်းကျွန်းတို့၏ ဒဏ်ရာလည်း ပျောက်



ကင်းသွားကြပါသည်။ သူတို့သည် တိုက်ပွဲ၌ မပါဝင်ခဲ့ရသော ကြောင့် သူတို့နှစ်ဦးသည် တွေ့သမျှ ကြုံသမျှကို လိုက်လံမေးမြန်း နေရလေတော့သည်။

ဓားပျံဂိုဏ်းသား ဓားသမား ဝန်းလျံယိနှင့် ချောင်းလူပိန်းတို့မှာ ဆေးဆရာကြီး ဟိုကျိုးကြင့်၏ အကူအသကို ခံယူပြီးကြပါပြီ။

မကောင်းမှု ဒုစရိုက်များ ချုပ်ငြိမ်းသွားပါပြီ။

ထန်းယန့်တို့ဘက်မှ လူအမြောက်အမြား သေဆုံးသွားသည်။ ဒဏ်ရာရသော်လည်း အနိုင်ရလိုက်သည့်အတွက် မပျော်ဘဲ မနေနိုင်ပါချေ။ အားလုံးပင် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပါသည်။

ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသော သူငယ်ချင်း အပေါင်းအသင်းများကိုကြည့်၍ ထန်ဟာန့်မှာ မျက်ရည်လည်မိလေ၏။ ဝမ်းလည်း ဝမ်းသာပါသည်။

သိုင်းဘုရင်ကြီး၏ ဒုစရိုက်အဖွဲ့အစည်းကြီး ချုပ်ငြိမ်းသွားသော်လည်း အခြားသော ဒုစရိုက်အဖွဲ့အစည်းကတော့ အမြဲတေဖြစ်လျက် ဖွဲ့စည်းပြီးနေပါပြီ။

သို့သော် ထိုအဖွဲ့အစည်း အမြဲတေ တဖြစ်လဲ ဖွဲ့စည်းနေသည်ကို ထန်ဟာန့်တစ်ယောက် မသိပါချေ။

အခြား ထန်ဟန့်တစ်ယောက်က ထိုအဖွဲ့အစည်းကို ဖြိုခွဲမည် ဖြစ်ပါသည်။

ယခုလက်ရှိ ပစ္စက္ခအခြေအနေကတော့ သိုင်းလောကကြီး အေးချမ်းသာယာလျက် ရှိနေပါပြီ။

ပြီးပါပြီ

တက္ကသိုလ်နေလင်းအောင်